
www.burmeseclassic.com



# ဇော်နိုင်မိုး

BURMESE CLASSIC .com

# မြွေသူတော်မောင်ဒြွပ်

နှင့်

# ခြေကျုပ် လူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့
- ထုတ်ဝေသူ
  ဦးအောင်မိုး(ယာယီ-၁၄၆၃)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

- မျက်နှာဖုံးဒီဇိုင်း
  အောင်မိုး
- တွန်ပျူတာ
  ဝေယံထက်
- ဖလင်
  Empire
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၅၊ ဖေဖော်ဝါရီလ
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၀၀၀ ကျပ်

၈၉၅.၈၃

ဇော်နိုင်ငံမိုး၊ စာရေးဆရာ
မြွေသူတော်မောင်ဖြိုးနှင့် ခြေရာမဲ့လူသတ်သမား
ဇော်နိုင်ငံမိုး၊ ရန်ကုန်။
ရတနာသိုက် စာပေ၊ ၂၀၁၅
စာ - ၁၄၀၊ ၁၂.၅ x ၂၀ စင်တီမီတာ
မြွေသူတော်မောင်ဖြိုးနှင့် ခြေရာမဲ့လူသတ်သမား။

www.burmeseclassic.com

# မြွေသူတော် မောင်ခြိမ့်

အငြိမ်းစား စုံစမ်းထောက်လှမ်းရေး ရဲဝန်ဟောင်း

## DSP ဦးခြိမ့်

(၁၉၀၁ - ၁၉၆၆)

- ၁၉၀၁ ခုနှစ်၊ မေလ (၂၇)ရက် (တနင်္လာနေ့)တွင် မင်းဘူးမြို့ တောင်ဘက် ရောဝတီမြစ်ကမ်းရှိ တောက်ရှာပင်ရွာ၌ မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ ဒုတိယတန်း အမိန့်တော်ရမျှေနေ ဦးသံကျောက် ဖြစ်ပြီး မိခင်မှာမူ ကျောက်ရဲရွာ လေ့သူကြီး သမီး ဒေါ်မှင် ဖြစ်သည်။
- မင်းဘူးမြို့ အင်္ဂလိပ် - မြန်မာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး မစ္စတာဂရေး လက်ထက်၌ ကျောင်းအပ်နှံခဲ့သည်။ ပထမတန်းပြဆရာ ဦးလှဖေ၊ ဒုတိယတန်းပြဆရာ ဦးကောဝန် (မကွေး၊ သစ်တောမင်းကြီးဟောင်း)၊ တတိယတန်းပြဆရာ ဦးအုန်းရွှေ (ရှေ့နေကြီး ဦးသုံးချွ)၊ စတုတ္ထတန်းပြဆရာ ဦးကြင်၊ ပဥ္စမတန်းပြဆရာ ဦးစန်းကျော် (မင်းဘူးသား ဝန်ထောက်)၊ ဆဋ္ဌမတန်းပြဆရာ အန်ထော်နီ တို့၏ သင်ကြားပြသမှုတို့ကြောင့် ခြောက်တန်းအောင်သည်အထိ ပညာ ဆည်းပူးခဲ့သည်။
- ကျောင်းနေဖက်များမှာ ရေနံချောင်းသား မောင်ဘသိ (နောင် - ဘဏ္ဍာရေးဝန်ကြီး)၊ မောင်ချမ်းသာ (နောင် - မဟာသရေစည်သူ၊ စသုံးလုံး ဥက္ကဋ္ဌ)၊ မင်းဘူးမြို့ မြောက်ပိုင်း ရေလဲပေါက်ရပ်သား မောင်ဘကျမ်း (နောင် - ပိုလ်မှူး လရောင်၊ ရဲဘော်သုံးကျိပ်)တို့ ဖြစ်ကြသည်။ မင်းဘူးမြို့အထက်တန်းကျောင်းသို့ ၂ မိုင်ခန့် ဝေးသော တောက်ရှာပင်ရွာမှ ကျောင်းသားများ နေ့စဉ် ကျောင်းလာတက်ရန် မြင်းလှည်းစပ်တူငှားရသည့်အနက် မောင်ခြိမ့်ထက် များစွာငယ်ရွယ်သော ကျောင်းသားငယ်လေးတစ်ဦးမှာ ရောဝတီသဘော်ကိုယ်စားလှယ်ကြီး၏သား မောင်အုန်းမောင် ဖြစ်သည်။ (ယင်း မောင်အုန်းမောင်သည် BCS ပထမတန်း အောင်မြင်ပြီး အတွင်းဝန်ဖြစ်ကာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခံရလေသည်။)
- ပထမကမ္ဘာစစ်ဖြစ်လာချိန်တွင် ဗြိတိသျှတို့က စစ်သားစုဆောင်းရာ၌ "စစ်သားအဖြစ်လိုက်ပါလျှင် (၇)တန်း အအောင်ပေးမည်" ဟု ဟောပြောပြီးဆွယ်သဖြင့် (၆)တန်းကျောင်းသား မောင်လှ၊ မောင်ဘချိန် နှင့် (၇)တန်းကျောင်းသား မောင်ခြိမ့်တို့ စစ်မှုထမ်းဖို့ စာရင်းပေးခဲ့ကြသည်။ မောင်ဘချိန်က ဆေးစစ်ရာတွင် မအောင်မြင်သဖြင့် မောင်လှနှင့် မောင်ခြိမ့်တို့ နှစ်ဦးတည်းသာ ရွေးချယ်ခံရပြီး ၁၉၁၆ ခုနှစ်၊ အောက်တိုဘာ (၉)ရက်နေ့တွင် အခြားမြန်မာစစ်သား ၁၀၀ ကျော်နှင့်အတူ မက်ဆိုပိုတေးမီးယား စစ်မြေပြင်သို့ ပို့လွှတ်ခံခဲ့ရသည်။
- ဆပ်ပါးမိုင်းနားတပ် (စစ်အင်ဂျင်နီယာနှင့် မိုင်းအလုပ်သမားတပ်ဖွဲ့)၊ ဘားမားရိုင်ဖယ် တပ်ရင်း(၂)တို့မှတစ်ဆင့် ပြင်သစ်စစ်မြေပြင်သို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ပြင်သစ်စစ်မြေပြင်တွင် မြန်မာလူမျိုး (၃)ဦးသာ ရှိသည်။ မောင်ဖမောင် ( မြန်မာနိုင်ငံ ပထမဦးဆုံး သမ္မတကြီး ဦးဘဦး၏ယောက်ဖ၊ နောင်အခါ ရိုင်ဖယ်မောင်မောင်ဟု ကျော်ကြားသူ)၊ မောင်ခြိမ့်နှင့် ရခိုင်လူငယ်တစ်ဦးတို့ ဖြစ်ကြသည်။
- စစ်မြေပြင်မှ ပြန်ရောက်သောအခါ မင်းဘူးသား မောင်လှနှင့် မောင်ခြိမ့်တို့ကို (၇)တန်း အအောင်ပေးကာ မန္တလေး ဆပ်ကျောင်းသို့ တက်ရောက်စေပြီး ပုလိပ် အင်စပက်တော်အဖြစ် ခန့်လိုက်သည်။ (ပုလိပ်အင်စပက်တော် ဦးလှသည် မင်းဘူးမြို့မှာပင် တာဝန်ထမ်းဆောင်ခဲ့ပြီ ယခုအချိန်ထိ မြေးမြစ်များနှင့် ဆွေမျိုးများ မင်းဘူးမြို့တွင် ရှိနေသေးသည်။)
- မောင်ခြိမ့်မှာမူ A.S.P (အလုပ်သင် ရာဇဝတ်ဝန်ထောက်)အဖြစ် ပဲခူးမြို့မဂါတ်တွင် တာဝန်ထမ်းဆောင်ရသည်။ ၁၉ . ၉ . ၁၉၃၃ တွင် မြန်မာ့အလင်း

www.burmeseclassic.com

www.burmeseclassic.com


သင်္ချိုင်းအတွင်းရှိ ဆရာသင်ကို ပုဇွန်တောင်ငမိုးက ဓားဖြင့်ထိုးသတ်သည့် အမှုပေါ်ပေါက်ခဲ့သည်။ ပုဇွန်တောင်ငမိုးကို တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည်။ သို့သော် သတင်းစာဆရာ ဦးပုကလေး ("ပါတီနိုင်ငံရေး ဘာတွေလုပ်ခဲ့သလဲ" စာအုပ်ရေးသားသူ)က ထိုလူသတ်မှု၏နောက်ကွယ်မှ အဓိကကြိုးကိုင်သူသည် ပညာ့အလင်း ဦးတင်ဖြစ်သည်ဟု ပုလိပ်ထဲတွင် ဖွင့်ဟလာသဖြင့် ထိုစဉ်က ပုလိပ်မင်းကြီးဖြစ်သူ နင်ဂယ်(လ်) (Nangle) က အထူးကြပ်မတ် စုံစမ်းစေရာ ပဲခူးနှင့် သာယာဝတီ ဒိဗြိတ်နှစ်ခုလုံးကို အုပ်ချုပ်သော D.I.G ဒုတိယပုလိပ်မင်းကြီး၏ ထောက်ခံမှုဖြင့် မောင်မြို့ကို ခေါ်ယူတာဝန်ပေးခဲ့သည်။

- ၁၉၂၄ ခုနှစ်တွင် ပညာ့အလင်း ဦးတင်တို့ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ရုံးတင်စစ်ဆေးရာတွင် အမှုမနိုင်လုံသဖြင့် ပြန်လည်လွှတ်ပေးခဲ့ရသော်လည်း မောင်မြို့ကိုမူ ရန်ကုန်စုံထောက်မင်းကြီးက သဘောကျတာ အင်ဆိန် စီအိုင်ဒီတွင် S.I.P (ရာဇဝတ်အုပ်) ရာထူးဖြင့် တာဝန်ထမ်းဆောင်စေခဲ့သည်။
- နောက်ထပ်ပြောင်းလာသော ပုလိပ်မင်းကြီး မယ်ရီကင် လက်ထက်တွင် မောင်မြို့ကို တိုက်ပိုင်ရာဇဝတ်အုပ် (IP) အဖြစ် ရာထူးတိုးပေးခဲ့သည်။ ရာဇဝတ်မှုအမြောက်အမြားကို စုံစမ်းဖော်ထုတ်ခဲ့သော်လည်း ယာယီစုံထောက်မင်းကြီး မစ္စတာပါကား (ပုလိပ်မင်းကြီး မယ်ရီကင် ကျန်းမာရေးမကောင်းသောကြောင့် ၁၉၃၀၊ ဇူလိုင်လ၌ အင်္ဂလန်သို့ပြန်သွားစဉ် ခေတ္တတာဝန်ယူရသူ) ကျူးလွန်ခဲ့သည့် အမှုကိုပါ ဖော်ထုတ်ခဲ့သောကြောင့် နောက်တက်လာသည့် ပုလိပ်မင်းကြီး ဖန်လည်ဂုစ်တင်းစတော လက်ထက်မှစ၍ ရာထူးတိုးပေးခြင်း မခံရတော့ချေ။ မီးရထား ငွေစာရင်း စစ်ဝန် ဦးဖိုးချိန်၊ ဒေါ်ကြွယ်တို့၏သမီး မသန်းခင်နှင့် အိမ်ထောင်ပြုကာ သားယောက်ျားနှစ်ဦး ထွန်းကားခဲ့သည်။
- ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ ဗြိတိသျှအစိုးရက မြန်မာပြည်ပုလိပ်တပ်ရင်း 7th (Burma Police) Battalion ကို ဖွဲ့စည်းသဖြင့် မောင်မြို့ အပါအဝင် ပုလိပ်အရာရှိအများအပြား စစ်တပ်ထဲသို့ ကူးပြောင်းခဲ့ကြသည်။ ထိုစဉ်က မောင်မြို့နှင့်အတူ စစ်ထဲဝင်ခဲ့ကြသည့် ပုလိပ်အရာရှိကြီးများမှာ ဦးဇော်ဝင်း (နောင် - ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ခမည်းခမက်၊ ဖွဲ့နေဝင်းတို့၏ အဖိုး)၊ ဦးကျော်မြင့် (နောင် - ရန်ကုန် ပုလိပ်မင်းကြီး)၊ ဦးဘအေး (နောင် - ဒုတိယရဲမင်းကြီး)တို့ ဖြစ်ကြသည်။ ဘားမားရိုင်ဖယ်တပ်ရင်း ( ၇ )တွင် ဗိုလ်မှူး ဗိုနုတ် ဟင်ဆန်ကြာဒိုး (Maj Ponoke Hanson Kyadoe) (နောင် - ဗိုလ်မှူးချုပ် စောကြာဒိုး) လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- ဂျပန်ခေတ်တွင် 3 Lines 2 stars (တိုက်ပိုင်ရာဇဝတ်စုံထောက်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးအပြီး ကက်စဘီခေတ်တွင် HQA (ရုံးတိုင် ရာဇဝတ်ဝန်ထောက်) အဖြစ်လည်းကောင်း၊ SDPO (နယ်ပိုင်ဝန်ထောက်) အဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန်ယူခဲ့သည်။
- လွတ်လပ်ရေးရပြီးခေတ်တွင် စုံစမ်းထောက်လှမ်းရေး ရဲဝန် (DSP Intelligence) အဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံရသည်။ သို့သော် ၁၉၄၈ ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့တွင် (အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုရာတွင် ပါဝင်ခဲ့သူ) ဝန်ကြီး ဦးတင်ထွဋ်ကို ဗိုလ်အောင်ကျော်လမ်းပေါ်၌ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အမှုနှင့် ပတ်သက်ပြီး တရားခံပေါ်ပေါက်သည်အထိ စုံစမ်းဖော်ထုတ်ခွင့်မရသောကြောင့် နုတ်ထွက်လွှာ တင်ခဲ့သည်။
- ၁၉၄၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် အလုပ်မှ အပြီးတိုင် အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ဇနီးဖြစ်သူ ဒေါ်သန်းခင်၊ သားဖြစ်သူ မောင်ငွေအောင်၊ မောင်စိုးဝင်းတို့နှင့်အတူ စ မိုင်ခွဲရှိ မိုးကုတ်ဓမ္မရိပ်သာလမ်း ခြံအမှတ် ( ၁၉ )တွင်နေထိုင်ကာ လက်ဖက်ခြောက်ကုန်သည်အဖြစ် အသက်မွေးခဲ့သည်။
- ၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလ ( ၁၃ ) ရက်နေ့တွင် တောင်ကြီးမြို့မှ ရန်ကုန်သို့ ပြန်ရန် အထူးရထားဖြင့် စီးနင်းလိုက်ပါစဉ် ဆင်တောင်နှင့် ရွှေညောင်ဘူတာ အကြား ရထား လမ်းချော်တိမ်းမှောက်ခြင်းကြောင့် ကွယ်လွန်ခဲ့သည်။

• • •

www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁)

အင်းစိန်စီအိုင်ဒီဝင်းရှေ့ရှိ ကာကာလက်ဖက်ရည်ဆိုင်ထဲတွင်ကား ယခင်ကလောက် လူသူစည်ကားခြင်း မရှိတော့ချေ။ လက်ဖက်ရည်ဆိုင်ထိုင်ကာ စကားပြောနေကျ အရာရှိအတော်များများကို မတွေ့ရတော့သဖြင့် အရင်တုန်းက တစ်ဦးနှင့်တစ်ဦး ငြင်းကြခုန်ကြ၊ စကားနိုင်လုခဲ့ကြသည့် အတိတ်မြင်ကွင်းများကို ပြန်လည်သတိရ လွမ်းဆွတ်ဖွယ်ရာပင် ဖြစ်နေလေသည်။

အရင်တုန်းကတော့ ရာထူးကြောင့် ဖြစ်စေ၊ နာမည်ကောင်းလက်မှတ်ရဖို့ဖြစ်စေ၊ မိမိတာဝန်ယူသောအမှုကို ဖော်ထုတ်ဖို့အတွက်ဖြစ်စေ တစ်ယောက်နှင့်တစ်ယောက် ငြင်းကြခုံကြ၊ အမုန်းပွားကြနှင့် မသင့်မြတ်ခဲ့ကြသော်လည်း အခုလို လူစုံတက်စုံ မရှိတော့သည့် အခြေအနေ၊ တစ်ဦးကိုတစ်ဦး ဘယ်တော့မှ ပြန်လည်မြင်တွေ့ခွင့်မရတော့သည့် အခြေအနေသို့ ဆိုက်ရောက်လာသောအခါတွင်ကား အတိတ်ကအကြောင်းများသည် သံဝေဂယူစရာပင် ကောင်းနေလေတော့သည်။

www.burmeseclassic.com

အချိန်ကာလကား . . . ဂျပန်များ စစ်ရှုံး၍ လက်နက်ချပြီး မြန်မာပြည်ကို အင်္ဂလိပ်တို့က(မြို့ပြအုပ်ချုပ်ရေးအမည်ခံ) စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသော ကက်စဘီ (CAS - B) ခေတ် ဖြစ်လေသည်။

အင်းစိန်စီအိုင်ဒီရှိ ဝန်ထမ်းများ စုံထောက်အရာရှိများအနက် တချို့ကလည်း စစ်ပြေးရင်း ကွယ်လွန်ကြရှာသည်။ တချို့ကလည်း ဂျပန်နှင့် ပူးပေါင်းသည်ဟုဆိုကာ သင်္ကာမကင်းဖြစ်ခံရပြီး အလုပ်ပြန်မခန့်သောကြောင့် ကုန်သည်ပွဲစားအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပြောင်းသွားကြလေတော့သည်။

မြွေသူတော်မောင်ခြိမ့်သည်ပင်လျှင် ဂျပန်ခေတ်တုန်းက 3 Lines 2 stars (တိုက်ပိုင်ရာဇဝတ်စုံထောက်)ရာထူးဖြင့် အမှုထမ်းခဲ့သောကြောင့် အရှေ့တောင်အာရှ တောင်ပိုင်းစစ်ဌာနချုပ်မှ စီအက်ဖ်ဘီပီးယား (C.F.B Pearce) အပါအဝင် အရာရှိကြီးအချို့က ငြိုငြင်ကြသော်လည်း အိန္ဒိယနိုင်ငံ ဆင်းမလားမြို့ရောက် မြန်မာပြည်ပြေးအစိုးရအဖွဲ့ဝင် ဩဇာရှိဝန်ကြီးတစ်ဦးကိုယ်တိုင်က ထောက်ခံချက်ပေးသဖြင့် လုပ်သက် ဆက်ခွင့်ရခြင်း ဖြစ်လေသည်။

မြွေသူတော်မောင်ခြိမ့်နှင့်အတူ ယခင်က သူနှင့်လက်တွဲဖော် လက်တွဲဖက်များဖြစ်ကြသော ကိုးကန်းဘဦး၊ အာကျယ်ထွန်းရွှေနှင့် အဝတ်အစားအသန့်အပြန့် ဇိဇာကြောင်လွန်းသော မောင်မောင်စိန်ဆိုသည့် အင်စပက်တာအရာရှိများပါ တစ်စုတစ်စည်းတည်း ပြန်လည်ဆုံတွေ့ရသဖြင့် နေ့စဉ်နှင့်အမျှ စကားပြော၍မကုန်နိုင်အောင်ပင် ရှိနေတော့သည်။





ထိုစဉ်ကာလ၌ အင်းစိန် စီအိုင်ဒီဝင်းရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ မကြာခဏလာရောက်ပြီး စကားပြောလေ့ရှိသူတစ်ဦးမှာ နာမည်ကျော် သတင်းစာဆရာကြီး မစ္စတာချက်တာဂျီ ဖြစ်လေသည်။ မစ္စတာချက်တာဂျီကား စစ်မဖြစ်မီက အမှတ် (၆၅)၊ ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)နှင့် စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)တွင် တည်ထောင်ထားသော သူရိယသတင်းစာတိုက်တွင် အမြဲလိုလိုရှိတတ်သူ ဝါရင့်သတင်းစာဆရာကြီးတစ်ဦး ဖြစ်၏။

(မှတ်ချက်။ ။ မစ္စတာချက်တာဂျီသည် ဆူဘာတ်ချန်ဒြာဘို့စ်၏ အတွင်းဝန်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူတစ်ယောက်ဖြစ်ပြီး ရန်ကုန်မြို့ လွစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း) အိမ်နံပါတ်– ၂၆၃ ဒုတိယထပ်တွင် နေထိုင်သွားခဲ့သူဖြစ်သည်။)


မစ္စတာချက်တာဂျီ



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း သတင်းထောက်ပီပီ ဇဟာသုတများလှသော မစ္စတာ ချက်တာဂျီက သူ ကြုံတွေ့ခဲ့ဖူးသည့် လေယာဉ်သူရဲကောင်းများအကြောင်း မြွေသူတော်မောင်ခြိမ့်တို့ လူတစ်သိုက်ကို ပြောပြနေလေသည်။

မစ္စတာ ချက်တာဂျီက . . .

"မောင်ရင်တို့ကတော့ ငယ်သေးလို့ သိချင်မှ သိလိုက်ကြမယ်။ စစ်ကြိုခေတ်ကတည်းက ရန်ကုန်မြို့ပေါ်က ဖြတ်ပြီး လေယာဉ်ပျံနဲ့ ပျံသန်းကြတဲ့ လူစွန့်စားတွေ အများသားကလား။ ဘာ့တ်ဟင်းကလား (Bert Hinkler) ဆိုတဲ့လူက လန်ဒန်ကနေပြီး တစ်ယောက်စီးလေယာဉ်လေးနဲ့ မောင်းချလာတာ ဒီရောက်တော့ စထရင်းဟိုတယ်မှာတောင် တည်းဖို့ စားရိတ်မရှိလို့ အရပ်ကူပါ လူဝိုင်းပါ ဖြစ်သေးပါရော မောင်တို့ရာ . ."



Bert Hinkler





ထိုစကားကြောင့် အိုင်ပီထွန်းရွှေက သူ့အကျင့်အတိုင်း အော်ကြီးဟစ်ကျယ်ဖြင့် . .

"ခင်ဗျားလူက လေယာဉ်သာ ပိုင်တာ၊ မွဲလှချည်ကလား . . ဦးချက်ကြီးရာ"

မြွေသူတော်မောင်ခြိမ့်တို့တစ်ဖွဲ့လုံးက မစ္စတာချက်တာဂျီကို သတင်းစာဆရာဦးပုကလေး ('ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ' စာအုပ်ရေးသားသူ) ခေါ်သလို ဦးချက်ကြီးဟုပင် တရင်းတနှီးခေါ်ကြသည်။

"အေမီဂျွန်ဆင်ဆိုတဲ့ အမျိုးသမီး အင်အင်္ဂလိပ်စိန်မှာ လေယာဉ်ပျက်ကျတုန်းကတော့ ကျုပ်ကိုယ်တိုင် ကိုယ်ဖိရင်ဖိ ကူညီလိုက်ရပါသော်ကောလား"

"ဟ . . မိန်းမကလည်း လေယာဉ်မောင်းရတယ်လို့။ သတ္တိကောင်းလှချည်လား"

ဟု အိုင်ပီမောင်မောင်စိန်က စကားဝင်ထောက်လိုက်ရာ မစ္စတာ ချက်တာဂျီက . .

"ဗြိတိန်သူ မောင်ရဲ့။ ကာလကတ္တားကနေ ရန်ကုန်ကို တစ်ယောက်တည်း လေယာဉ်မောင်းပြီး ပြန်လာတာ။ ကျိုက္ကဆံမြင်းပြိုင်ကွင်းမှာ လေယာဉ်ဆင်းမယ်ဆိုလို့ ကျုပ်နဲ့ ရန်ကုန်ဂေဇက်က အမေရိကန်လူမျိုး သတင်းထောက် ဗင်ဝစ်(က်) (Van Wyck) တို့က သွားစောင့်ကြရော။ အဲဒီတုန်းက ကျိုက္ကဆံကွင်းမှာ အကာအရံ မရှိသေးဘူး။ ဒါနဲ့ အေမီဂျွန်ဆင်က ကွင်းကို ရှာမတွေ့တာနဲ့ ကျော်ထွက်ပြီး

www.burmeseclassic.com



အင်းစိန်ဘက်ရောက်သွားတယ်။ နောက်ဆုံး အင်ဂျင်နီယာကျောင်းနားက ဘောလုံးကွင်းထဲ လေယာဉ်ထိုးဆင်းလိုက်ရပါရောလား။

လေယာဉ်တောင်ပံ စုတ်သွားတယ် မောင်တို့ရဲ့။ အင်ဂျင်နီယာကျောင်းအုပ်ကြီး မစ္စတာရှောက သူ့လူတွေနဲ့ လေယာဉ်ကို ဝိုင်းဆွဲတင်လို့သာပေါ့''




အေမီဂျွန်ဆင်

''အဲဒီအမျိုးသမီးက ဘာများ ကြံကြံဖန်ဖန် စိတ်ကူးပေါက်ပြီး တစ်ယောက်တည်း လေယာဉ်မောင်းလာရတာတုန်းဗျ''

''အကြောင်းမဲ့မဟုတ်ဘူး မောင်ရေ။ အမျိုးသမီးထဲက ဒီလို ပျံသန်းတာ သူ ပထမဦးဆုံးမို့လို့ အောင်မြင်ရင် ကတ်စ်ထရိုလီမိတက်က ဆုတွေ ပေါင် ၁၀,၀၀၀ ချီးမြှင့်မှာကိုး''

''ဪ .. ပိုက်ဆံများများရမှာမို့လို့ အသက်နဲ့ရင်းတာကိုး''



အိုင်ပီတဦး၏ စကားကြောင့် မြွေသူတော်မောင်ငြိမ်းက လေးတွဲ့စွာ ခေါင်းကို ခါယမ်းရင်း ..

''မဟုတ်သေးဘူးဗျ။ အနောက်တိုင်းသားတွေရဲ့ စိတ်ဓာတ်က နာမည်ကျော်ကြားတာကိုလည်း ဂုဏ်တစ်ခုလို့ ယူဆပြီး စွန့်စားတတ်ကြသေးတယ်။ ဟို ပြင်သစ်လေယာဉ်မောင်းသမား လီဘရစ် (Le Brix) တုန်းက ကြည့်ပါလား''

''ဟုတ်တယ် .. ဟုတ်တယ်။ သထုံနားက တောင်တွေပေါ်မှာ ပျက်ကျတာလေ။ သေပြီတောင် အောက်မေ့တာ။ ရန်ကုန်ဆေးရုံကြီးမှာ နှစ်လကျော်ကျော်လောက် တက်သွားရတယ်။ ဒုတိယတစ်ကြိမ် ပျံတော့လည်း ပျက်ကျတာပဲ။ တတိယအခေါက်ကျတော့မှ အောင်မြင်သွားတယ်။ တော်တော် သတ္တိကောင်းတာကလား''

ဟု မစ္စတာချက်တာဂျီက ဝင်ပြောလိုက်၏။ အိုင်ပီဝေမောင်စိန်က ..

www.burmeseclassic.com

"ကျုပ်ကတော့ဖြင့် သူတို့လို စွန့်စားဖို့ မပြောနဲ့။ ဒီအတိုင်း ရှိရိုးတန်းတန်း လေယာဉ်ပျံ စီးရမှာကိုတောင် ခပ်လန့်လန့်ပဲ ဗျို့"

"လန့်မနေနဲ့ ကိုမောင်မောင်စိန်ရေ။ ဘုရင်ခံက ဆင်းမလားက ယူလာတဲ့ စက္ကူဖြူစီမံကိန်းအကြောင်း သူတို့ မဟာမိတ်စစ်တပ်က ဗိုလ်မှူးကြီးတွေ ဆွေးနွေးဖို့ မေမြို့ (ယခု ပြင်ဦးလွင်) မှာ ဒါဘာပွဲလုပ်မယ် ကြားနေတယ်။ အဆိုအတီးတွေလည်း ပါလိမ့်ဦးမယ် ထင်ပါရဲ့ဗျာ။

အဲဒါ ထုံးစံအတိုင်း ကျုပ်တို့ စီအိုင်ဒီက လုံခြုံရေးနဲ့ သတင်း ထောက်လှမ်းရေး သွားလုပ်ပေးရဦးမယ်ဆိုပဲ။ မင်္ဂလာဒုံက စစ်လေယာဉ်နဲ့ အနီးစခန်းလေယာဉ်ကွင်းထိ ပို့ပေးမှာတဲ့ဗျို့။ အဲဒါ ခင်ဗျားကို တာဝန်ပေးလိမ့်မယ်လို့ ကြားနေတယ်"

ဟု အိုင်ပီဘဦးက ပြောလိုက်ရာ လေယာဉ်ပျံစီးရမှာ ကြောက်သော အိုင်ပီမောင်မောင်စိန်တစ်ယောက် ဖက်ကလေး ပုဝင်သွားလေတော့သည်။

အဲဒီတုန်းကတော့ သူတို့ သတင်းအစအန ရထားသည့် မေမြို့ရှိ မဟာမိတ်တပ် စစ်အရာရှိများအကြား ဆင်းမလား စက္ကူဖြူ စီမံကိန်း လက်သိပ်ထိုးဆွေးနွေးပွဲသည် မြွေသူတော်မောင်ခြိမ့်ကို အကြီး အကျယ် ဦးနှောက်ခြောက်စေမည့် လူသတ်မှုကြီးတစ်ခု၏ အစနိဒါန်း ဖြစ်မှန်း မည်သူကမှ မရိပ်မိခဲ့ချေတကား ...။





## အခန်း(၂)

မေမြို့တွင်ကား စစ်သုံးဂျစ်ကားတို့က တဝီဝီနှင့် ဥဒဟို သွား လာလျက်။

ခုံညားသိုက်မြိုက်သည့် မဟာမိတ်စစ်တပ်ယူနီဖောင်းကို ဝတ်ဆင်ထားကြသော အရာရှိများ၊ တပ်သားများကိုလည်း ဟိုမှာဒီမှာ လက်ညှိုးထိုးမလွဲအောင် တွေ့နေရလေသည်။

မဟာမိတ်စစ်သားတို့သည်ကား လောလောလတ်လတ်မှာပင် ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်အောင်ပန်းဆင်ခဲ့သော စစ်နိုင်သူကြီးများ ဖြစ်လေရာ နေရာတကာတွင် ခေါင်းတမော့မော့နှင့် မော်မော်ကြွားကြွား ပျော်ပါးနေကြသည်။ ညဘက်ဆိုလျှင်လည်း တပ်စခန်းချရာ ဘားတိုက် များဆီမှ မယ်ဒလင်သံ၊ ဘင်ဂျိုသံ၊ ဘာဂျာမှုတ်သံ စသဖြင့် ခေတ်ပေါ် တေးဂီတတွေ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးမှုတ်ကာ အပန်းဖြေနေကြ သည်ကို ကြားရ၏။

www.burmeseclassic.com

ဒါသည်ပင်လျှင် အောင်ပွဲ၏ တောက်ပသော ဆုတံဆိပ်တစ်မျိုး ဟု ဆိုရမည်လား မသိပါ။

ဒီနေ့ညတွင်လည်း ဆင်းမလားစက္ကူဖြုတ်အကြောင်း ဆွေးနွေးပွဲ အပြီးတွင် ဂုဏ်ပြုညစာစားပွဲနှင့် ဧည့်ခံသောကြောင့် အရာရှိရိပ်သာ၌ မီးရောင်ထိန်ထိန်လင်းကာ တီးသံမှုတ်သံများဖြင့် ဆူညံစည်ကား ပျော်ပါး နေကြလေသည်။

ဖျော်ဖြေရန်အတွက် မန္တလေးမှ အငြိမ့်တစ်ဖွဲ့၊ ရန်ကုန်မှ အငြိမ့်တစ်ဖွဲ့ကို ငှားထားသော်လည်း ဆူဆူညံညံ ကြမ်းကြမ်းရမ်းရမ်း ပျော်ပါးရသည်ကိုမှ သဘောကျသော စစ်သားတို့စရိုက်နှင့် မကိုက်သော ကြောင့်လားမသိ။ အကြိုက်မတွေ့လှချေ။ မဟာမိတ်စစ်တပ်အရာရှိတွေ အထူးနှစ်ခြိုက်အားပေးခြင်းကို ခံရသူကတော့ အဆိုသမား ‘အကော်ဒီယံ ဘဆွေလေး’ ပင် ဖြစ်လေသည်။

‘အကော်ဒီယံ ဘဆွေလေး’ ကား စစ်တပ်ထဲတွင် နှစ်အနည်း ငယ် အမှုထမ်းခဲ့ဖူးသူပီပီ၊ ယမကာဖြင့် ဧည့်ခံသော ဒီလို ညစာစားပွဲ တွင် ဘယ်လိုသီချင်းမျိုးဖြင့် ဖျော်ဖြေရမည်ကို ကောင်းကောင်း သဘော ပေါက်သူ ဖြစ်သည်။ ဒါကြောင့်လည်း သူ့ကို စစ်တပ်က အရာရှိတွေ က လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အားပေးကြသည်မှာ မဆန်းပေ။

နောက်ပြီး ‘အကော်ဒီယံ ဘဆွေလေး’ ကား ဗြိတိသျှလေတပ် အရာရှိ Squadron Leader Joseph Heaven ၏ မွေးစားသားသဖွယ် ရင်းနှီးကျွမ်းဝင်သူ ဖြစ်လေသည်။







“အကော်ဒီယံ ဘဆွေလေး” ဟူသော နာမည်ဖြင့် ရန်ကုန် ပြဇာတ်လောကတွင် ကျော်ကြားလာသည်မှာ မကြာသေးချေ။ စစ်ပြီးခါ ကာလမှပင် ဖြစ်၏။ ဘဆွေလေးကား အဆိုအတီးကောင်းရုံတင်မက အသက်ငယ်ရွယ်ပြီး ရုပ်ရည်ပါ ချောမောသောကြောင့် လူကုံထံအမျိုး သမီးတို့၏ သည်းသည်းလှုပ်အားပေးခြင်းကို ခံရသူဖြစ်၏။

အခုလည်း ဧည့်ခံပွဲကို ဖိတ်ကြားထားခြင်းခံရသော အမျိုး သမီး ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်တို့က ဘဆွေလေး သီချင်း ဆိုပြီး စင်ပေါ်မှဆင်းလာသည့်အခါ မိတ်ဆက်ရန် စောင့်ဆိုင်းနေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

အကော်ဒီယံဘဆွေလေးနှင့်အဖွဲ့ကတော့ ထိုစဉ်အချိန်အခါက အနောက်တိုင်းလူကုံထံအသိုင်းအဝိုင်းတွင် ခေတ်စားလှသော 'Cross Over The Bridge' သီချင်းကို ပိုင်ပိုင်နိုင်နိုင် သီဆိုလျက်ရှိလေသည်။

x x x Cross over the bridge x x x

တံတားပေါ် ဖြတ်သန်းကူးလာခဲ့ပါလေ ..

x x x Change your reckless way of livin x x x

ဖြစ်သလိုနေတတ်တဲ့ မင်းရဲ့ဘဝကို ပြောင်းလဲလိုက်ပါတော့ ကွယ် ..

x x x Cross over the bridge x x x

တံတားပေါ် ဖြတ်သန်းကူးလာခဲ့ပါလေ ..

နောက်တစ်ပိုဒ်က ကျားနှင့်မ သံပြိုင်ဆိုရသောအပိုဒ် ဖြစ်လေသည်။

x x x Leave Your Fickle past behind you x x x

စိတ်မတည်ငြိမ်တဲ့ မင်းရဲ့အတိတ်ကို ကျောခိုင်းလိုက်ပါ တော့ ..

x x x And true romance will find you x x x

အဲဒီအခါ အချစ်စစ်အချစ်မှန်က မင်းကို ရှာတွေ့ပါလိမ့်မယ် ..

x x x Brother Cross over the bridge x x x

တံတားကို ဖြတ်ကူးခဲ့ပါတော့လေ ..

(Bennie Benjamin နှင့် George weiss တို့ ရေးစပ်သော ထိုသီချင်းမှာ ၁၉၄၅ ခုနှစ်ကျော်ကျော်က လျှမ်းလျှမ်းတောက်ခဲ့ပြီး နောက် ဆယ်စုနှစ်များစွာကြာသည်အထိ နာမည်ကျော်ကြားခဲ့လေ သည်)





ဗြိတိသျှစစ်တပ်အရာရှိတွေကလည်း သူတို့စိတ်ကြိုက်သီချင်း သံကြောင့် တပြုံးပြုံးနှင့်ပင်။ အကော်ဒီယံဘဆွေလေးက သူ စိတ်တိုင်း ကျ လက်စွမ်းပြတီးခတ်သီဆိုပြီးနောက် စင်ပေါ်မှ ဆင်းလာခဲ့သည်။

စင်နောက်သို့ရောက်သည်နှင့် ထုံးစံအတိုင်း မိန်းကလေး ပရိသတ်က အုံလာတော့သည်။ မိတ်ဆက်စကားပြောသူက ပြော၊ ထို ခေတ် ထိုအခါက လူကုံထံတို့၏ ဓလေ့အတိုင်း ပန်းစက္ကူဖြင့် ရိုက်နှိပ် ထားသော လိပ်စာကတ်လေးများ ပေးသူကပေးနှင့် ဝိုင်းဝိုင်းလည် နေလေ၏။

ဝင်နီဆိုသော မိန်းကလေးတစ်ယောက်က ..

''ဒယ်ဒီက ကိုဘဆွေလေးကို အိမ်လာလည်ဖို့ ဖိတ်ခိုင်း လိုက်တယ်။ လာခဲ့မယ်မဟုတ်လား ဟင်''

ဟု ဘဆွေလေး၏ လက်မောင်းကို ဆွဲကိုင်လှုပ်ယမ်းရင်း အငမ်းမရ မေးနေလေ၏။ ဘဆွေလေးက ..

''ဘယ်တော့ လာလည်ရမှာလဲ''

''ဒီည .. ဒီညပဲ''

''ဟဲ .. ဟဲ .. မင်းလို မိန်းမလှလေးက ဖိတ်နေတော့လည်း ကိုယ်က ငြင်းရခက်နေတာပေါ့''

''ဒါဆို လိုက်မယ်ပေါ့ .. လိုက်ခဲ့မှာပေါ့နော် ဟုတ်လား''

''အင်း .. ကိုယ်က ..''

အကော်ဒီယံဘဆွေလေးက ပြောရင်း ဟိုဒီ မျက်လုံးဝေ့ကြည့် လိုက်သည့်အခါ လူအုပ်ကြားထဲတွင် သူ့ကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသော ဇနီးဖြစ်သူ မေရီသန်းခင်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အနည်းငယ် ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီး ဝင်နီကိုင်ထားသည့် လက်မောင်းကို မသိမသာ ရုန်းလိုက်ရင်း ..

''ဟို .. ကိုယ် .. ကိုယ်က ဒီညပဲ ရန်ကုန်ပြန်တော့မှာ .. နောက်မှ လာလည်မယ်နော်''

ဟုငြင်းရင်း လူအုပ်ကြားထဲမှ ကပျာကယာ တိုးထွက်လိုက်လေ၏။ သူ့စိတ်ထဲမှာတော့ နေရာတကာ လိုက်ကာ သူ့ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး ချုပ်ချယ်နေသည့် ဇနီးဖြစ်သူ ဒေါ်မေရီသန်းခင်ကို အလွန်ပင် မကျေမနပ်ဖြစ်သွားပြီး ကျိန်ဆဲနေမိ၏။

ဒီလိုဖြစ်ရသည်မှာ တစ်ခါလည်းမကာ၊ နှစ်ခါလည်း မကတော့ပေ။ ဒါကို မကျေနပ်လှသည့်တိုင် ဒေါ်မေရီသန်းခင်၏ ဩဇာကိုတော့ သူ မလွန်ဆန်နိုင်။

ဒါကလည်း အကြောင်းတော့ ရှိသည်။ ဘဆွေလေးတစ်ယောက် တပ်မှထွက်ပြီး ခြေသလုံးအိမ်တိုင်ဖြစ်နေစဉ် ဆန်ကုန်သည်ယောင်ယောင်၊ စပါးပွဲစားယောင်ယောင် လူတစ်ယောက်နှင့် ဆုံမိပြီး ထိုသူနှင့်တွဲကာ အထက်မြန်မာပြည် ဆန်ကုန်သည်များအသင်းသို့ ဆန်အိတ် ၃၀၀၀ ကျော် ယေးသွင်းဖို့ အာမခံပြီး ငွေများကြိုထုတ်ခဲ့သည်။

နောက်တော့ သူနှင့် အလုပ်တွဲလုပ်သော မိတ်ဆွေက ပိုက်ဆံများကို လိမ်ပြီး ခြေရာဖျောက်သွားသောကြောင့် ဘဆွေလေးတစ်ယောက် တရားစွဲခံရလေတော့သည်။ ထိုအမှုဖြင့် ထောင်ကျခံရမည့်ဆဲဆဲတွင် ပိုက်ဆံအလွန်ချမ်းသာသော အသက် ၅၀ အရွယ်မုဆိုးမကြီး ဒေါ်မေရီသန်းခင်က ငွေစိုက်ထုတ်လျော်ပေးပြီး ဘဆွေလေးကို ကယ်တင်ထားခြင်း ဖြစ်၏။





အမှုပြီးဆုံး၍ မကြာခင်မှာပဲ ဘဆွေလေးတစ်ယောက် ဒေါ်မေရီသန်းခင်နှင့် လက်ဆက်ခဲ့သည်။ လူတချို့၏ ပါးစပ်ဖျားတွင် ဒေါ်မေရီသန်းခင်က ငွေနှင့်ပေါက်ပြီး ကလေးကို မှန့်ပေးကြိုက်သည်ဟု သရော်တော်တော်ပြောကြသလို တချို့ကကျတော့လည်း ဘဆွေလေးကိုယ်တိုင်က ငွေမက်ပြီး သိုက်တူးသည်ဟု အတွင်းစကား ဆိုကြပြန်သည်။

မည်သည့်စကားက မှန်သည်ကို မသိသော်လည်း အခုအချိန်တွင် ဘဆွေလေးကိုယ်တိုင်က ဒေါ်မေရီသန်းခင်ကို စိတ်ကုန်ပြီး စွန့်ခွာဖို့ အကြောင်းရှာနေသည်ကတော့ သေချာ၏။ ထိုသို့ ဘဆွေလေး ခြေလှုပ်းပျက်စပြုနေသည်ကို ရိပ်မိသော ဒေါ်မေရီသန်းခင်ကလည်း ..

''ဒီမယ် ဘဆွေလေး .. နင် လူပါးဝမယ် မကြံနဲ့။ နင် အခုလိုဘဝမျိုး ရောက်လာတာ ဘယ်သူ့ကျေးဇူးကြောင့်လဲဆိုတာ မေ့နေပြီလား။ ငါ ကျွေးထားတဲ့ ထမင်းတွေကို နင့်လည်ချောင်း ခြေမနဲ့ ကော်ထုတ်လိုက်ရင်တောင် အတောင့်လိုက် ထွက်လာဦးမယ် .. ဟင်း ..''

ဒေါ်မေရီသန်းခင် ကြိမ်းမောင်းလိုက်လျှင်တော့ ဘဆွေလေးတစ်ယောက် အံကြိတ်ပြီး ခေါင်းငုံ့ခံရုံကလွဲလို့ ဘာမှမတတ်နိုင်။


ကျွေးမွေးပျိုးထောင်ထားသော ကျေးဇူးကို အသာထား။ သူတို့ကြားထဲရှိ လျှို့ဝှက်ထားသော လူမှုရေးအရှုပ်အရှင်းကိစ္စများတွင်လည်း ဒေါ်မေရီသန်းခင်က နိုင်ကွက်ကို ကိုင်ထားသေးသည်။

ထို့ကြောင့် ဘဆွေလေးတစ်ယောက် သူ့ကို အားပေးနေသော အမျိုးသမီးပရိသတ်ထုကြားမှ တိုးထွက်လာရင်း သူ့နောက်ကျောကို



www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်နေမည်ဖြစ်သော ဒေါ်မေရီသန်းခင်ကို စိတ်ထဲမှသာ ကျိန်ဆဲနေမိလေတော့သည်။

ထိုစဉ် ဗြိတိသျှ အမှတ် ၁၂ တပ်မှ ဗိုလ်ကြီး ဂျိုးဖစ်ရှာက ဖက်လဲတကင်း လာနှုတ်ဆက်ရင်း ..

"ဘယ့်နှယ့်လဲ ကိုဘဆွေ .. အခု ညတွင်းချင်းပဲ ရန်ကုန် ပြန်မလို့ဆို။ တပ်က ကား စီစဉ်ပေးမှာလားဗျ"

ဘဆွေလေးက ..

"မဟုတ်ဘူး ဗိုလ်ကြီးရေ .. ကျွန်တော့်အဖေလို ဖြစ်နေတဲ့ လေတပ်ကဗိုလ်ချုပ် ဂျိုးဆက်ဟယ်ဗင်က စီစဉ်ပေးလို့ အနီးစခန်း လေယာဉ်ကွင်းမှာ လေးယောက်စီး စက်စနာ (Cessna) လေယာဉ်တစ်စင်း အသင့်ပြင်ထားတယ်။ ကျွန်တော် ကိုယ်တိုင်မောင်းယူသွားပြီး ဟိုကျမှ မင်္ဂလာဒုံလေတပ်မှာ အပ်ပစ်ခဲ့ရမှာ"



"သြော် .. ကိုဘဆွေက လေယာဉ်လည်း မောင်းတတ်သေးသကိုး။ သတိတော့ ထားဗျို့။ အခုရက်ပိုင်း ရာသီဥတု သိပ်မဟန်လှဘူး။ မိုးရွာလိုက်၊ နှင်းကျလိုက်နဲ့ .."

"ဟုတ်ပါရဲ့ ဗိုလ်ကြီးရယ် .. ဒါပေမဲ့ မတတ်နိုင်ဘူးဗျို့။ သွားရမှာပဲ။ ရန်ကုန်က ဝင်းဝင်းရုံမှာ ပြဇာတ်မင်းသား ကိုမျိုးချစ်တို့၊ မင်းသမီး မေချစ်တို့နဲ့ ဇာတ်တိုက်ဖို့ ချိန်ထားပြီးနေပြီ။ ဒါရိုက်တာက ဆရာဦးချင်းစိန် ခင်ဗျ။ သူတို့က ပြဇာတ်လောကမှာ တကယ့် ပဒေသာကြီးတွေ။ ကိုယ်က အခုမှ လူသစ်မဟုတ်လား။ ကိုယ့်ဘက်က မပျက်ကွက်ရဲဘူး"

ဟု ပြောလိုက်ရာ ဗိုလ်ကြီးဂျိုးဖစ်ရှာက ရာသီဥတု သာယာစေဖို့ ဆုတောင်းရင်း လက်ပြနှုတ်ဆက် ထွက်သွားလေတော့သည်။ ထိုအခါမှပင် ဘဆွေလေးလည်း သူ့ကို အနားယူဖို့ပေးထားသော အခန်းရှိရာ နောက်ဘက်ရှိ အုတ်တိုက်နီနီ အဆောက်အဦဆီသို့ လှမ်းလာခဲ့လေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

အဆောင်တွင်းသို့ရောက်သောအခါ ဘဆွေလေးက သူမြှတ်နိုးလှသော အကော်ဒီယံကို ဆိုဖာခုံရှည်ပေါ်တွင် တယုတယ ချထားလိုက်ပြီးနောက် တယ်လီဖုန်းကို ကောက်ကိုင်ကာ အိတ်ချိန်းရုံးမှ အော်ပရေတာကို လှမ်းခေါ်ပြီး ရန်ကုန်ရှိ မိုးလေဝသ စခန်းဆီသို့ လိုင်းချိတ်ပေးရန် ပြောလိုက်၏။

ဖုန်းအဆက်အသွယ်ရသောအခါ ဘဆွေလေးက ဒီညဉ့် မေမြို့မှ ရန်ကုန်သို့ လေယာဉ်ပျံသန်းမည်ဖြစ်သောကြောင့် ရာသီဥတုအခြေအနေ မည်သို့မည်ပုံရှိသည်ကို စုံစမ်းလိုက်ရာ တစ်ဖက်ရှိ မိုးလေဝသစခန်းမှ ...

"ရာသီဥတုကတော့ သိပ်မကောင်းလှဘူး ခင်ဗျ။ တကယ်လို့ ရန်ကုန်မှာ အရေးတကြီးကိစ္စရှိမယ်ဆိုရင်တော့ နောက်နာရီဝက်အတွင်း လေယာဉ်ထွက်နိုင်မှ အဆင်ပြေပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သန်းခေါင်ကျော်ရင် မုန်တိုင်းဝင်ဖို့ ရှိတယ်လို့ ကြေးနန်းရထားလို့ပါ"

"ဟုတ်ကဲ့ .. ကျေးဇူးပါပဲ"

ဘဆွေလေးက ဖုန်းကို ပြန်ချပြီးသည့်နောက်တွင် သူ့မျက်နှာပေါ်၌ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသားဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် နှုတ်ခမ်းများကို တွန့်ကွေးလိုက်၏။ သူ့မျက်လုံးများတွင်လည်း အစိမ်းရောင် နက်နဲသော မှိုင်းညို့သည့် အရောင်များ အုပ်ဆိုင်းသွားလေသည်။

ထို့နောက် ဘဆွေလေးက ရန်ကုန်မှာကတည်းက သူ သေသေချာချာစီစဉ်ပြီးယူလာသော ခရီးဆောင်သေတ္တာကို ဖွင့်လိုက်သည်။ ထိုသေတ္တာထဲတွင်ကား ကျစ်လျစ်စွာလိပ်ပြီး ထုပ်ပိုးထားသော လေထီးတစ်ခုနှင့် သာမိုဓာတ်ဘူးတစ်လုံး။

ဘဆွေလေးကား သူ လေယာဉ်မောင်းသည့်အခါ အသုံးပြုရမည့် လေကြောင်းပြမြေပုံကို ဖွင့်ကာ အထဲမှ မြေပုံစာရွက်များ လေယာဉ်ပျံသန်းမှု ကြာချိန် မြင့်ချိန်နှင့် မှတ်တမ်းစာအုပ်များကို ထုတ်ဖယ်ပစ်လိုက်၏။ ပြီးနောက် ထိုသေတ္တာအတွင်းသို့ သူ ယူဆောင်ရမည့် လေထီးကို အသေးဆုံးဖြစ်အောင် လိပ်ပြီး စနစ်တကျ ထိုးထည့်လိုက်သည်။

အံဖုံးပြန်ပိတ်ပြီးသောအခါတွင်မှ သူ၏ အကော်ဒီယံအိတ်ထဲတွင် လျှို့ဝှက်စွာ ထည့်ယူလာခဲ့သော အိပ်ဆေး ၅ တောင့်ကို အမှုန့်ကြိတ်ကာ သာမိုဓာတ်ဘူးထဲသို့ ထည့်လိုက်၏။ ထို့နောက် အသင့်ဖျော်ထားသည့် ကော်ဖီကို ဓာတ်ဘူးနှင့် အပြည့်ဖြည့်ပြီး အိပ်ဆေးများအားလုံး သမပျော်ဝင်သွားအောင် ဓာတ်ဘူးကို အကြိမ်ကြိမ်လှုပ်ခါလိုက်လေသည်။

အားလုံး စိတ်ချရလောက်သောအခါတွင်မှ အကော်ဒီယံကို တယုတယဖုန်သုတ်ပြီး အိတ်ထဲပြန်ထည့်လိုက်သည်။

ထိုအချိန်တွင် သူ စက်ဆုပ်မုန်းတီးလှသော ဇနီးဖြစ်သူ ဒေါ်မေရီသန်းခင်ကတော့ ..

■







www.burmeseclassic.com

www.burmeseclassic.com

“ဘယ့်နှယ့်တုန်း ဒေါ်မေရီရဲ့ . . ကိုဘဆွေရဲ့ သုခမကြေးကို အခု လက်ငင်းငွေသားနဲ့ ချေရမလား၊ ဒါမှမဟုတ် ရန်ကုန်က ဘဏ်ကိုပဲ ငွေလွှဲလိုက်ရမလား”

ဟု ပွဲကန်ထရိုက် ဦးရွှေမြိုင်က မေးလိုက်ရာ ဒေါ်မေရီသန်းခင်က . .

“ပန်းဆိုးတန်းက သောမတ်အင်ကွတ်ဘဏ်ကိုပဲ ကျွန်မနာမည်နဲ့ လွှဲလိုက်ပါရှင် . . လွှဲပြီးတဲ့အခါကျရင်သာ ဟောဒီက ကျွန်မမောင် ပီတာဆီကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါ။ သူက ကျွန်မတို့အိမ်ရဲ့ ဘဏ္ဍာစိုးပဲလေ”

ဟု ဒေါ်မေရီသန်းခင်က သူမ၏ ဘေးတွင်ရပ်နေသော အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် မောင်ဖြစ်သူ ပီတာ့ကို ညွှန်ပြရင်း ပြောလိုက်၏။ ပီတာ့နောက်တွင် ယို့ယို့ကလေး ရပ်နေသူကတော့ ဒေါ်မေရီသန်းခင်၏ ကွယ်လွန်သူခင်ပွန်းဘက်မှ တော်စပ်သည့် တူမကလေး မြနှစ်ပင် ဖြစ်သည်။





မြနှစ်ကား အသက် ၁၆ နှစ်ပင် မပြည့်သေးသော်လည်း သွက်သွက်လက်လက် ချက်ချက်ချာချာရှိသောကြောင့် ဒေါ်မေရီသန်းခင်၏ လက်ကတုံးတောင်ဝှေးပင် ဖြစ်လေတော့သည်။ စောစောက ဘဆွေလေးနှင့် သံပြိုင်သီချင်းပိုဒ်တွင် တွဲဖက်သီဆိုခဲ့သူမှာလည်း မြနှစ်ပင် ဖြစ်၏။

ပွဲကန်ထရိုက် ဦးရွှေမြိုင်က . .

“ဒေါ်မေရီနှယ်ဗျာ . . ဒီလောက်ချမ်းသာနေတာတောင် ကိုဘဆွေလေးကို ပိုက်ဆံရှာခိုင်းနေတုန်းပဲလားဗျ။ သူ့ခမျာ သနားပါတယ် . . အခုလည်း ပွဲဆက်တွေများနေတဲ့ကြားက ရန်ကုန်ပြန်ပြီး ပြဇာတ်အတွက် ဓာတ်တိုက်ရဦးမှာဆို။ နေပါဦး . . အဲဒီလောက် ပိုက်ဆံအများကြီး ခင်ဗျားက ဘာလုပ်မလို့တုန်း ဒေါ်မေရီရဲ့”

ဒေါ်မေရီက တဟားဟားနှင့် ရယ်မောလိုက်ပြီး . .

“ဟင်း . . ဟင်း . . ဟင်း . . ကျွန်မအတွက် ပိုက်ဆံဆိုတာက အရင်ခင်ပွန်းသည်လက်ထက်ကတည်းက ဒီတစ်သက် စားလို့မကုန်အောင် ဖူလုံပြီးသားပါရှင်။ ဒီအရွယ်မှာတော့ ကျွန်မအတွက် ငွေရှိဖို့ထက် ဂုဏ်ရှိဖို့ကိုပဲ အာသီသထားပါတော့တယ်။ အခုလည်း ရသမျှပိုက်ဆံမှန်သမျှ လှူပစ်နေတာချည်းပါပဲ။ ဒီလကုန်ရင်တောင် ကျွန်မရဲ့ ဇာတိမြို့ကိုပြန်ပြီး ကျောင်းဆောက်ဦး မလို့လေ . .”

“ဟုတ်လား . . ကောင်းလှပါပေ့ဗျာ . . သာဓုခေါ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ‥ မြူနီစပါယ်မင်ဘာလူကြီးတွေကို ကျွန်မ ညှိထားပြီးပြီ။ မြို့က အထင်ကရလယ်တစ်လမ်းကို ကျွန်မနာမည် ပြောင်းမှည့်ပေးမယ်ဆိုရင် ဘယ်လောက်ကုန်ကုန် လှူမယ်ဆိုပြီး ပြောထားတယ်။ အခြားမြို့တွေမှာလည်း ဒီအတိုင်းပဲ"

ဒေါ်မေရီသန်းခင်၏ နောက်ဆက်တွဲစကားကြောင့် စောစောက သာခုခေါ်မိသော ဦးဌေးမြိုင်တစ်ယောက် မအီမလည်ဖြစ်ကာ ရှုံ့မဲ့သွားလေတော့သည်။ ဒေါ်မေရီသန်းခင်ကတော့ ဒါကို ရိပ်မိပုံမပေါ်။ ဦးဌေးမြိုင်ကို နှုတ်ဆက်ပြီး အပြန်ခရီးအတွက် ပြင်ဆင်ဖို့ အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

အခန်းအပြင်ရောက်တော့ ဒေါ်မေရီသန်းခင်က ‥

"ကဲ ‥ ပီတာ ‥ မမတို့ ပြန်ကြမယ်။ ပစ္စည်းတွေ စုံမစုံ သွားစစ်ထား။ ဘဆွေလေးကို သွားခေါ်ပြီး လိုက်လာခဲ့မယ်"

ဟု မောင်ဖြစ်သူပီတာကို ပြောလိုက်၏။

ပီတာက ‥

"ဟုတ်ကဲ့ပါ။ ဒါနဲ့ မမကို တစ်ခုမေးဦးမယ်။ စောစောက မမ မြူနီစပယ်မင်ဘာလူကြီးတွေကို လှူမယ်ဆိုတဲ့ကိစ္စကို ကိုဘဆွေလေး သိပြီးပြီလား။ သူကရော သဘောတူရဲ့လားဗျ"

"မသိသေးဘူး ‥ ဒါပေမဲ့ သူ သဘောတူတူ၊ မတူတူ ငါက အရေးစိုက်ရမှာလား ‥ သူ့ကိုများ အရေးအရာလုပ်ပြီး တိုင်ပင်နေစရာ မလိုပါဘူး ပီတာရယ် ‥ နင်သွားမှာဖြင့် သွားစမ်းပါ ‥ စကားများမနေစမ်းပါနဲ့"



"ပြီးရောဗျာ ‥ တော်ကြာနေ မမတို့ လင်မယားတွေပဲ တချိန်းချိန်းနဲ့ စကားများတတ်ကြလွန်းလို့ နားမခံနိုင်လို့ မေးကြည့်တာ ‥ မမဇာတ် မမနိုင်ရင်လည်း ပြီးပါရောဗျာ"

မောင်ဖြစ်သူ၏အပြောကြောင့် ဒေါ်မေရီက မျက်စောင်းတစ်ချက် ဆောင့်ခနဲထိုးလိုက်ကာ ဘဆွေလေးရှိရာအခန်းဆီသို့ ဝင်လာလိုက်၏။

ဒေါ်မေရီတို့ အခန်းထဲရောက်လာသည့်အချိန်တွင် ဘဆွေလေးက သူ လုပ်လက်စများကို လက်စသတ်ပြီးနေလေပြီ။

ဒေါ်မေရီသန်းခင်က ‥

"ကဲ ‥ ဘဆွေလေး ‥ ငါတို့ ဘယ်အချိန် စထွက်ကြမလဲ"

ဟု မေးလိုက်သည်။

ဘဆွေလေးက ဒေါ်မေရီအားမှ မြနှစ်ကို မသိမသာကြည့်လိုက်ရင်း ‥

"ဒေါ်မေရီ ‥ ခင်ဗျားနဲ့ကျုပ် စကားအေးအေးဆေးဆေး ပြောချင်တယ်"

"ပြောလေ ‥ ငါ နားထောင်နေသားပဲ"

"မဟုတ်ဘူး ‥ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း ပြောလို့ရမလား"

"နှစ်ယောက်တည်း ဟုတ်လား ‥ ဒီမှာရော ဘယ်သူစိမ်းရှိတာ မှတ်လို့ ‥ မြနှစ်ပဲ ရှိတဲ့ဟာပဲ။ မြနှစ်က သူစိမ်းမှ မဟုတ်တာ။ အိမ်က အကြောင်းကိစ္စအားလုံး မြနှစ်သိခွင့်ရှိတယ်လေ ‥ မင်းပြောမှာဖြင့် ပြောစမ်းပါ"

ဘဆွေလေးက သက်ပြင်းတစ်ချက် မသိမသာရှိုက်လိုက်ပြီး ..

"ကောင်းပြီလေ .. ဒီမှာ ဒေါ်မေရီ .. ကျုပ်က အခုဆိုရင် ပြဇာတ်လောကထဲကို စဝင်တော့မှာ .. အဲဒါကြောင့် ရန်ကုန်ရောက်ရင်တော့ ကျုပ် ဒီအတိုင်း မနေနိုင်တော့ဘူး"

"ဒီအတိုင်းမနေနိုင်တော့ မင်းက ဘာလုပ်ချင်သတုန်း"

"ဟ .. ကျုပ် သွားသွားလာလာ စီးဖို့ ကားတစ်စီးလောက်တော့ လိုတယ်လေ .. အဲဒါကြောင့် ကျုပ် စတူဒီဘေကာကား ဝယ်ချင်တယ်"

"ဘာ ! .. ကား ဟုတ်လား။ အဲဒီကားဆိုတဲ့ဟာက မင်းနဲ့တန်လို့လား ဘဆွေလေးရဲ့ .. ဒီမှာ နင့်ကို ကားဝယ်ပေးလိုက်ရင် မြင်းကို ချိတ်ပေးတာထက် ပိုဆိုးမယ်ဟဲ့ သိလား။ မင်းလို တဏှာရူးက ကားပေါ်မှာ ကောင်မတကာကိုတင်၊ ဆိုရှယ်ပွဲတကာ လှည့်ပြီး ရင်ဘတ်ချင်းပွတ်ကနေမယ်ဆိုတာ ငါသိတယ် .. ဝယ်မပေးနိုင်ဘူး"

"ဟာ .. ခင်များက ဒါတော့ မတရားဘာပဲ .. ကျုပ် ပွဲဆိုလို့ ရသမျှငွေတွေအားလုံးကိုလည်း ခင်များပဲ သိမ်းတယ် .. ပြီးရင် မဖြစ်စလောက်အသုံးငွေလေး ပြန်ပေးတယ် .. ဒါဆို ကျုပ် ဒီကထွက်သွားရင် ခင်များ ဘာလုပ်မလဲလို့ ကျုပ် သိချင်ပါသေးတယ်"

ဘဆွေလေး၏အပြောကြောင့် ဒေါ်မေရီက မခိုးမခန့်ရယ်လိုက်ရင်း ..



"ဟင်း .. ဟင်း .. ငါက ဘာလုပ်မလဲ ဟုတ်လား .. ဟောဒီက အသက် မပြည့်သေးတဲ့ မြနှစ်ကို ဘာလုပ်ထားသလဲ ဆိုတာ နင်အသိဆုံးလေ။ ငါ အခုချက်ချင်း အမှုထဖွင့်လိုက်ရင် ဘာဖြစ်သွားမလဲ စဉ်းစားပေါ့။ ဒီမှာ ဘဆွေလေးရဲ့ .. ငါအသက်ရှိသရွေ့ နင်ဟာ ငါ့ယောက်ျားပဲဖြစ်ရမယ်။ ငါ့ကို ထားခဲ့ပြီး ဘယ်ကိုမှ ထွက်သွားဖို့ မကြိုးစားနဲ့။ ထောင်ထဲ ပြန်ရောက်သွားမယ် .. ဘာမှတ်နေလဲ"

ဘဆွေလေးက ဒေါ်မေရီ၏အပြောကြောင့် ခံပြင်းပြီး စားပွဲခုံကို လက်သီးဖြင့် ခပ်ပြင်းပြင်းထိုးလိုက်၏။

"ဒုန်း .."

ပြီးမှ ..

"အို .. မသိဘူးဗျာ .. မသိဘူး .. ခင်များကို ကျုပ် နောက်ဆုံးစကား ပြောနေတာနော်"

"ဘဆွေလေးရဲ့ .. နင်ခြောက်တိုင်း ငါ မကြောက်ဘူးနော် .. နားလည်လား"

ထိုစဉ် ဝိတာရောက်လာပြီး ..

"မမ .. မမကို ဗိုလ်ကြီး ကိုဖုံးဖစ်ရာက လက်ဆောင်ပေးချင်လို့ သူ့ရုံးခန်းထဲကို ခဏကြွပေးဖို့ ခေါ်လိုက်လို့ပါ"

"အေး .. အေး ငါလာခဲ့မယ် .. ကဲ .. ဘဆွေလေး ခရီးစထွက်ဖို့ အဆင်သင့်ပြင်ထားတော့ .. ငါ ပြန်လာတာနဲ့ ထွက်မယ် .. ငါ မကြာဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ရတယ် ‥ အေးအေးဆေးဆေးသာလုပ် ‥ စောစောကလေးတင် ကျုပ် မိုးလေဝသဌာနကို တယ်လီဖုန်းဆက်ပြီး မေးထားတယ် ‥ နောက် နာရီဝက်အတွင်း ရာသီဥတု မကောင်းဘူး ‥ သန်းခေါင်ကျော်မှ ထွက်လို့ရမယ်တဲ့ ‥ ဟား ‥"

ဟု ဘဆွေလေးက မြန်မြန်ခရီးမထွက်ရ၍ စိတ်ညစ်သယောင် ပြောပြီး ထိုင်ခုံပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

ဒေါ်မေရီက ဘာမှမပြောဘဲ မြနှစ်လက်ကိုဆွဲပြီး အခန်းထဲမှ ထွက်သွား၏။ ပီတာလည်း ဒေါ်မေရီတို့၏ နောက်မှ လိုက်ဖို့ ပြင်လိုက်စဉ် ဘဆွေလေးက ‥

"ပီတာ ‥ ခဏလာဦး"

လှည့်ထွက်ဖို့ ဟန်ပြင်နေသည့် ပီတာက 'ဟုတ်ကဲ့'ဟု ပြောပြီး အခန်းထဲ ပြန်ဝင်လာသည်။ ဘဆွေလေးက အကော်ဒီယံအိတ်ကို လက်ညှိုးထိုးပြပြီး ‥

"အဲဒီမှာ ငါ့အကော်ဒီယံအိတ်ကို ယူပြီး ကားပေါ်တင်ထားလိုက်။ သေသေချာချာတင်နော် ‥ တခြားအိတ်တွေနဲ့ ဖိမိမနေစေနဲ့ ‥ အပေါ်ဆုံးမှာတင် ကြားလား"

"ဟုတ်ကဲ့ ‥ ကိုဘဆွေ"

ပီတာက အကော်ဒီယံကို မယူလိုက်သည်။ ပြီးနောက်သူက ‥

"ဟို ‥ ကျွန်တော်ရော ‥ ကိုဘဆွေတို့လေယာဉ်နဲ့ အတူ လိုက်ခဲ့လို့ ရမလား"





"မရဘူး ‥ မရဘူး ‥ လေယာဉ်ကဖြင့် လေးယောက်စီးလေးဉစ္စာ၊ မင်းအစ်မရယ်၊ မြနှစ်ရယ်၊ ငါရယ်တင် သုံးယောက်ရှိနေပြီ ‥ ပြီးတော့ မင်းရဲ့အစ်မပစ္စည်းတွေနဲ့ အဝတ်အိတ်တွေ ရှိသေးတယ် ‥ မင်းဘာသာ ကားနဲ့ပဲ လိုက်ခဲ့စမ်းပါကွာ"

ပီတာက ခေါင်းညိတ်ပြပြီး အကော်ဒီယံအိတ်ကို တရိုတသေ ကိုင်ကာ အခန်းထဲမှ ထွက်သွားတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com





ထိုသို့ဖြင့် သန်းခေါင်ကျော်သည့်အချိန်တွင်တော့ စစ်တပ်မှ စီစဉ်ပေးသည့် ဂျစ်ကားဖြင့် ဘခွေလေးတို့ အနီးစခန်းလေယာဉ်ကွင်းသို့ ရောက်လာကြသည်။ ညဥ့်နက်နေပြီမို့ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်အေးစက်နေပြီး အမှောင်ထုကလည်း အနက်ရောင်ကတ္တီပါစ တစ်စ လွှမ်းခြုံထားသည့်နှယ် ပိန်းပိတ်နေ၏။

သူတို့ရောက်လာသည့်အချိန်၌ ကွင်းထဲတွင် အဆင်သင့်ရပ်ထားသော စစ်တပ်သုံး စက်စနာ (Cessna) လေယာဉ်ကို အဆင်သင့် တွေ့ရသည်။ ဘခွေလေးက ဂျစ်ကားထဲမှ ခရီးဆောင်အိတ်များကို သယ်ဖို့ ပြင်နေစဉ် တာဝန်ကျ စက်ပြင်ဆရာ တပ်သားစောဘလုက ကပျာကယာပြေးလာပြီး ..

''ဟာ .. ကိုဘခွေလေး .. မလုပ်နဲ့ .. မလုပ်နဲ့၊ ကျွန်တော် သယ်ပေးမှာပေါ့''



''ဟင် .. ခင်ဗျားက ဘယ်သူလဲ''

''ကျွန်တော်က ဒီည ဂျူတီကျတဲ့ တပ်သား စောဘလုပါတဲ့ ခင်ဗျာ။ ကိုဘခွေလေးကို အခုလို လူတောင် အရှင်လတ်လတ်ကြီး တွေ့ရတာ ကျွန်တော်ဖြင့် ဝမ်းသာသဗျို့''

''ဘာဖြစ်လို့လဲဗျ''

''ကျွန်တော်က ကိုဘခွေလေး ပရိသတ်လေဗျာ။ ကိုဘခွေလေးကို လူကိုယ်တိုင် အပြင်မှာ တစ်ခါမှ မမြင်ဖူးပေမဲ့ အသံကိုတော့ အမြဲကြားဖူးနေကျလေ .. ဒီမှာ ကြည့်ပါလား''

စောဘလုက ပြောပြောဆိုဆိုနှင့် သူ့အလုပ်ရုံထောင့် စားပွဲပေါ်ရှိ ဓာတ်စက်ထဲမှ ဓာတ်ပြားကို သွားယူပြလေရာ ကိုလံဘီယာ ဓာတ်ပြားတိုက်တွင် အသံသွင်းထားသော ဘခွေလေး၏ သီချင်း ဓာတ်ပြားဖြစ်နေကြောင်းကို တွေ့လိုက်ရသည်။

''သြော် .. ခင်ဗျားက အလုပ်လုပ်ရင်းနဲ့လည်း သီချင်း နားထောင်သေးသကိုး .. ဂီတကို တော်တော်ဝါသနာပါပုံရတယ် နော်''

''ဟဲ .. ဟဲ ..''

စောဘလုက ရယ်မောပြီး ဂျစ်ကားထဲမှ ခရီးဆောင်အိတ် နှစ်လုံးကို လက်နှစ်ဖက်ဖြင့် တစ်ဖက်စီကိုင်ဆွဲကာ အသင့်ရပ်ထားသည့် လေယာဉ်ပေါ်သို့ တင်လိုက်သည်။ ထို့နောက် ပြန်လျှောက်လာပြီး ဘခွေလေးကိုင်ထားသည့် လေကြောင်းပြမြေပုံသေတ္တာနှင့် တယောအိတ်ကို လှမ်းယူဖို့ပြင်လိုက်ရာ ဘခွေလေးက ..



www.burmeseclassic.com

www.burmeseclassic.com

"နေ ‥ နေ ‥ ဒါကိုတော့ ကျွန်တော့်ဘာသာ ကိုင်လိုက်ပါ့မယ် ‥ ဪ ‥ ဒါနဲ့ ‥"

ဟု အင်္ကျီအိတ်ကပ်ထဲက ငါးရှပ်းတန်တစ်ရွက်ကို ထုတ်ပေးလိုက်၏။ စောဘလုက ပိုက်ဆံကို ကိုင်ထားရင်း ‥

"ကျွန်တော်က ကိုဘခွေလေးဆီက ဒါကိုလိုချင်တာ မဟုတ်ဘူး"

"ဟင် ‥ ဒါဆို ဘာလိုချင်တာလဲဗျ"

"ဒါနဲ့ ကိုဘခွေလေးက မကြာခင် ပြဇာတ်ထဲ ဝင်တော့မယ်ဆို"

"အင်း ‥ ဟုတ်တယ်လေ ‥ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ‥ ကိုဘခွေလေး ပြဇာတ်ထဲဝင်လို့ ပွဲသွင်းပြီး ကကြရင်သာ ကျွန်တော့်အတွက် ပွဲလက်မှတ် တစ်စောင်လောက် အမှတ်တရ လိုချင်တယ်ဗျို့ ‥ ဒီပိုက်ဆံကိုတော့ ကိုဘခွေလေးပဲ ပြန်ယူသွားလိုက်ပါဗျာ"

"ဟာ ‥ ရပါတယ် ‥ ဒီဘောက်ဆူးပိုက်ဆံလည်း ယူပါ။ ပွဲလက်မှတ်လည်း ခင်ဗျားတို့တပ်ကို နာမည်နဲ့ ပို့ပေးထားပါမယ် ‥ ဒါနဲ့ လေယာဉ်က အားလုံး စိတ်ချရပါပြီနော် ‥"

"ဟာ ‥ စိတ်ချ ‥ စိတ်ချ။ ကျွန်တော် အားလုံး စစ်ဆေးပြီးပြီ။ ဆီတွေလည်း အပြည့်ဖြည့်ထားပြီးပြီ။ အင်ဂျင်လည်း အားလုံးအိုကေပဲ။ မိုလ်ချုပ် ကျိုးဆက်မှာထားလို့ ကျွန်တော်တို့ အားလုံး အဆင်ပြေအောင် လုပ်ထားပါတယ်ဗျာ"

"ကျေးဇူးပဲဗျာ ‥ ကဲ ‥ သွားပြီဗျို့"





ဘခွေလေးက ပြောပြောဆိုဆိုနှင့် လေယာဉ်ပေါ်သို့ တက်လိုက်သည်။ ဒေါ်မေရီနှင့် မြနှစ်တို့နှစ်ယောက်က ခရီးသည်တင်သည့် နောက်ဘက် ထိုင်ခုံတွင်သာ နေရာယူသည်။ ဘခွေလေးကတော့ လေယာဉ်မောင်းသည့်ခုံတွင် ထိုင်ပြီး တွဲဖက်လေယာဉ်မှူးထိုင်သည့် ခုံပေါ်တွင်ကား လေကြောင်းပြမြေပုံသေတ္တာနှင့် ကော်ဖီဖျော်ထည့်ထားသည့် ဓာတ်ဘူးကို တင်ထား၏။

ထို့နောက် ဘခွေလေးက တပ်သား စောဘလုကို လက်ပြ နှုတ်ဆက်လိုက်ပြီး လေယာဉ်ကို ပြေးလမ်းအတိုင်း ဘီးစလှိမ့်လိုက်သည်။ ပြီးနောက် လေယာဉ်သည် ကောင်းကင်ယံထဲသို့ တစ်ဟုန်ထိုး ပျံတက်သွားလေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com





လေမုန်တိုင်းအရှိန်ကြောင့် လေယာဉ်ကိုယ်ထည်က အနည်းငယ် လှုပ်ခါယမ်းနေ၏။ ကောင်းကင်တစ်ခုလုံးကလည်း နီရဲကာ မိုးငွေ့ လေငွေ့များဖြင့် ရစ်ဆိုင်းနေသည်။ ဘဆွေလေးက သူ့ရှေ့တွင်ရှိသည့် လေယာဉ်အပူငွေ့ပေး ခလုတ်လေးကို မသိမသာပိတ်လိုက်ရာ အအေးဓာတ်များက သိသိသာသာပိုလာသည်။

မကြာမီအချိန်မှာပင် ဘဆွေလေး မျှော်လင့်ထားသည့်အတိုင်း ဒေါ်မေရီဆီမှ အသံထွက်လာ၏။

"ဟေး . . ဘဆွေလေး . . ငါတို့ အရမ်းအေးနေပြီ . . တစ်ခုခု လုပ်ပေးဦး"

ဘဆွေလေးက ဘာမှအရေးမကြီးသည့်အသံဖြင့် . .

"လေယာဉ်ထဲက အပူငွေ့ပေးခလုတ်က ပျက်သွားတာကိုး။ သိပ်အေးနေရင်တော့ ဓာတ်ဗူးထဲမှာ ကော်ဖီပူပူလေးရှိ တယ် . . ရော့ . . သောက်လိုက်"

ဟု ပြောပြောဆိုဆို တွဲဖက်လေယာဉ်မှူးခုံပေါ်တွင် တင်ထားသည့် ဓာတ်ဘူးလေးကို နောက်ဘက်သို့ လှမ်းပေးလိုက်သည်။



ထိုစဉ် လေတိုက်နှုန်းအရှိန်ကြောင့် လေယာဉ်က အနည်းငယ် ခါယမ်းသွား၏။ တိမ်တွေလည်း အစုလိုက်အခုပ်လိုက် ရွေ့နေကြသည်။ ဘေးဘက်ကို လှမ်းကြည့်လိုက်တော့ ဘာမှ သဲသဲကွဲကွဲမမြင်ရဘဲ နီရဲသောကောင်းကင်ကြီးကိုသာ မြင်နေရသည်။ ပုံမှန်လေယာဉ်တစ်စီးအဖို့ ထိုအခြေအနေသည် ကြောက်မက်ဖွယ်ရာအတိဖြစ်သော်လည်း အကြံသမား ဘဆွေလေးအတွက်ကတော့ အလွန်ကောင်းမွန်လှသည့် အခြေအနေတစ်ရပ်ပင် ဖြစ်နေလေတော့သည်။

ဒေါ်မေရီသန်းခင်က ဘဆွေလေးလှမ်းပေးသည့် ကော်ဖီဓာတ်ဘူးကို ယူလိုက်ပြီး ချက်ချင်းပင် အဖုံးဖွင့်ကာ ငှဲ့သောက်ဖို့ ပြင်လိုက်သည်။

ထိုသို့ ကော်ဖီသောက်တော့မည့် ဟန်ပြင်နေသော ဒေါ်မေရီကို ဘဆွေလေးက မသိမသာငဲ့ကြည့်ရင်း ခပ်ထေ့ထေ့ပြုံးလိုက်၏။

ဒေါ်မေရီက ဓာတ်ဘူးအဖုံးလေးထဲသို့ ကော်ဖီကို ငှဲ့ကာ မော့သောက်လိုက်ပြီး . .

"ဘဆွေလေးရယ် . . နင့်ကော်ဖီကလည်း အရသာ ဆိုးလိုက်တာ . . ဘယ်လိုဖြစ်တာလဲ"

ထိုအမေးကို ဘဆွေလေးက ဘာမှပြန်မပြောဘဲ မသိချင် ဟန်ဆောင်နေလိုက်၏။ ထို့နောက် ဒေါ်မေရီက . .

"ဆိုးလည်း မတတ်နိုင်ပါဘူး . . ဒါပဲရှိတာပဲကိုး . . ကဲ . . ရော့ . . ရော့ မြနှစ် . . ညည်းလည်း သောက်လိုက်ဦး . . ဒါမှ အချမ်းပြေသွားမယ်"

ဟု မြနှစ်ကိုပါ ပေးသောက်ခိုင်းလိုက်သည်။

www.burmeseclassic.com



ခဏအကြာတွင် ဘခွေလေးက မသဲမကွဲဖြစ်နေသည့် တိမ်တွေကြားထဲမှ အောက်ကို ငုံ့ကြည့်လိုက်သည့်အခါ တစ်ချက် တစ်ချက် မိုးငွေ့များ အပြယ်တွင် လျှပ်စီးရောင်ဖြင့် ပျဉ်းမနားတစ်ဝိုက်ရှိ နှင်းကြမ်း သစ်တောကြီးပိုင်းကို မြင်ရလေသည်။

ထိုအချိန်တွင်ကား ဒေါ်မေရီသန်းခင်တို့က အအေးဓာတ်နှင့် အိပ်ဆေးအရှိန်ကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေပြီ ဖြစ်၏။ ထိုသို့ ဖြင့် လေယာဉ်က ပဲခူးနားကို ချဉ်းကပ်စပြုလာသည်။ ထိုအခါတွင်မှ ဘခွေလေးက သူ ကြိုတင်ကြံစည်ထားသည့်အတိုင်း ပိရိသေသပ်စွာ အကောင်အထည်ဖော်ပါတော့သည်။

ပထမဆုံးအနေဖြင့် လေကြောင်းပြမြေပုံသေတ္တာထဲမှ ထည့်ယူလာသည့် လေထီးကို ထုတ်ယူလိုက်ကာ သူ့ကိုယ်တွင် ဝတ်ဆင်လိုက်သည်။ ပြီးသွားသည့်အခါ နောက်သို့ လှည့်ကြည့်ပြီး ဒေါ်မေရီ၏ ပေါင်ပေါ်တွင် တင်ထားသည့် ကော်ဖီဓာတ်ဘူးကို လှမ်းယူကာ လေယာဉ် တံခါးကို အသာဟပြီး လေထဲသို့ လွှင့်ပစ်လိုက်သည်။

ထို့နောက် မြေအနေအထားကို အကဲခတ်ကြည့်လိုက်သည့် အခါ လေယာဉ်က ပဲခူးလွန်ပြီး လှည်းကူးနယ်ထဲသို့ ကျုံဝင်လာပြီဖြစ် သည်။ ပဲခူးရိုးမ၏ အဆုံးသတ် တောင်စွယ်တောင်တန်းတွေကိုလည်း မြင်နေရပြီ။

ထိုအခါ ဘခွေလေးက တောင်စွယ်တစ်ခုဆီသို့ ဦးတည်ပြီး လေယာဉ်ကို အလိုအလျောက် မောင်းနှင်စေသော Auto pilot စနစ်ကို ပြောင်းလိုက်သည်။

ထို့နောက် ခပ်မြင့်မြင့်တောင်ကုန်းတစ်ခုဆီသို့ လေယာဉ်ကို ဦးတည်ကာ တစ်ဟုန်ထိုး စိုက်ဆင်းလိုက်လေတော့သည်။ ပြီးသည်နှင့် ချက်ချင်း လေယာဉ်တံခါးကိုဖွင့်ကာ လေထီးကို ရင်ဘတ်ထဲတွင် ကျစ်ကျစ်ပါအောင် ပိုက်ပြီး ခုန်ချလိုက်၏။ ခန္ဓာကိုယ်တစ်ခုလုံး အေးခနဲ ခံစားလိုက်ရသည်။


ကိုယ်ခန္ဓာအလေးချိန်ကြောင့် ကျောက်ခဲတစ်လုံးကဲ့သို့ သူ့ ကိုယ်လုံးကြီးက ခပ်ပြင်းပြင်း တိုးဝှေ့နေသည့် မိုးသက်လေတွေ ကြားထဲ ပြုတ်ကျသွား၏။ သူ လေထီးကို မဖွင့်သေး။ သူ့မျက်လုံးအစုံက သူ မပါဘဲ ဦးစိုက်ဆင်းသွားသည့် လေယာဉ်ပျံငယ်လေးကို မမိုတ် မသုန် ကြည့်နေသည်။

လေဖိအားကြောင့် နားထဲတွင် တရှိန်ရှိန်မြည်နေ၏။ လေယာဉ်၏ ဦးခေါင်းပိုင်းက တောင်ကုန်းငယ်တစ်ခုကို အရှိန်ပြင်းစွာဖြင့် ဝင်ဆောင့် လိုက်သည်။





www.burmeseclassic.com



``ဝုန်း''

လေယာဉ်ဆီတိုင်ကီပေါက်ကွဲပြီး အလွန်ကြီးမားသည့် မီးတောက်ကြီးက ဝုန်းခနဲ လောင်ကျွမ်းသွား၏။ ထိုလေယာဉ်ပေါ်တွင် အိပ်ပျော်လျက်သား ပါသွားသည့် ဒေါ်မေရီသန်းခင်နှင့် မြနှစ်တို့၏ ဘဝကံအကြောင်းကား နိဂုံးချုပ် အဆုံးသတ်လေပြီ။

ဘဆွေလေးကတော့ လေထဲတွင် ဒူးကိုကွေးရင်း ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်၏။ သူ့အတွက်အချက်မှန်ကန်မှုကြောင့် သူ့ခန္ဓာသည် လေယာဉ်ပျက်ကျရာ အနီးဆုံးတောင်ကုန်းဆီသို့ တရကြမ်း ထိုးဆင်း လျက်ရှိသည်။ သေချာပြီဆိုသောအခါတွင်မှ ဘဆွေလေးက သူ့ရင်ဘတ်ထဲတွင် ပိုက်ထားသည့် လေထီးကို ဆွဲဖွင့်လိုက်၏။

“ဖြောင်း ..”

အချိန်မီရုံကလေးမှာင် လေထီးပွင့်သွားသည့်အချိန်တွင် မြေပြင်နှင့် ပေ ၂၀၀၀ လောက်သာ ကွာတော့သည်။ ခဏတွင်းချင်းမှာပင်



ဘဆွေလေး၏ ခြေထောက်အစုံက မြေပြင်နှင့် ထိလိုက်၏။ အရှိန်ကြောင့် ညာဘက်ခြေချင်းဝတ်နေရာ၌ ပြင်းထန်နာကျင်စွာ ခံစားလိုက်ရပြီး တစ်ကိုယ်လုံး အနည်းငယ်လိမ့်သွားသည်။

ဘဆွေလေးက ခြေထောက်နာနေလျက်က ကပျာကယာ ပြန်ထလိုက်သည်။ သူ့ခန္ဓာကိုယ်တွင် သိုင်းထားသည့် လေထီးကြိုးတွေကို ဖြုတ်သည်။ အားလုံးဖြုတ်ပြီးသည့်အခါ ပြန့်ကျဲနေသောလေထီးကို စုလိုက်ရာ လေထီးအစွန်း တစ်စက သစ်ကိုင်းနှင့် ချိတ်မိနေ၏။

“ဟင် ..”

သူ ဆောင့်ဆွဲလိုက်သည်။ မရ။

“ဟာ .. ဒုက္ခပါပဲ”

ထိုအချိန်တွင် လမ်းမပေါ်မှ ကားမီးရောင်ဟုထင်ရသည့် မီးကြီးနှစ်လုံး တရွေ့ရွေ့လာနေသည်ကို မြင်လိုက်ရသည်။ သူ ချက်ချင်း စိုးရိမ်သွားသည်။

“ပြဿနာပဲ”

ယခု သူရောက်နေသည့် တောင်ကုန်းလေးမှ လှမ်းကြည့်လိုက်သည့်အခါ အောက်ဘက်ခပ်လှမ်းလှမ်းတွင် မီးလောင်နေသော လေယာဉ် အပိုင်းအစများကို တွေ့ရ၏။

သူက သတိကြီးစွာထားပြီး ငြိနေသည့် လေထီးအစကို ခပ်ဆတ်ဆတ် ထပ်ဆွဲဖြုတ်ကြည့်ပြန်၏။

“ကဲဟာ ..”

သူ ကံကောင်းသွားသည်။ ဒီတစ်ကြိမ်တွင်တော့ လေထီးတစ်ခုလုံးကို သူ့လက်ထဲတွင် လုံးခြေထားလိုက်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

သူ အချိန်မဆိုင်းဘဲ အနီးတွင်တွေ့ရသည့် အခေါင်းပေါက်ဖြစ်နေသော သစ်ပင်အပိုင်းပြတ်ကြီးကို အားဖြင့် ဆွဲလှန်လိုက်သည်။ ထို့နောက် ထိုအခေါင်းပေါက်ထဲသို့ လေထီးကို လုံးခြေပြီး ဝှက်ထားလိုက်သည်။ ပြီးနောက် ဘေးတွင်ရှိသော သစ်ရွက်ခြောက်များ ထိုးသိပ်ထည့်လိုက်သည်။ စိတ်ချရပြီဆိုသည့်အချိန်တွင် သစ်ပင်အခေါင်းပေါက်ကြီးကို ခြေရာလက်ရာမပျက် ပြန်မှောက်ထားလိုက်၏။

အားလုံးပြီးစီး၍ လမ်းမဘက်ကြည့်လိုက်သည့်အခါ စောစောက ကားက လေယာဉ်ပျက်ကျရာနေရာနှင့် အတော်ပင် နီးကပ်နေလေပြီ။ သူ ဘာမှ မစဉ်းစားအားတော့။ သူ့ခန္ဓာကိုယ်ကို သစ်တုံးတစ်တုံးလို တောင်ကုန်းအောက်ဘက်ဆီသို့သာ ပစ်စလက်ခတ် လှိမ့်ချလိုက်ပါတော့သည်။

တောင်ကုန်းအောက်သို့ရောက်သည့်အခါ သူ့ခြေထောက်တစ်ခုလုံး လှုပ်မရတော့ဘူးဆိုသည်ကို သတိထားမိလိုက်သည်။ သို့သော် အခုလို ခြေထောက်ဒဏ်ရာရသွားတာက ပို ယုတ္တိရှိတယ်ဟု တွက်ဆမိပြီး ‥ သူ သတိလစ်ချင်ဟန်ဆောင်ကာ မျက်လုံးများကို ဆက်မှိတ်ထားလိုက်၏။ မကြာမီမှာပင် စောစောကလာသည့် ကားထဲမှ သူများက သူ့အနီးသို့ ရောက်လာသည်။

"ဟာ ‥ ဒီမှာ လူတစ်ယောက် ‥ လူတစ်ယောက်"

"လေယာဉ်ပျက်ကျတဲ့အထဲမှာ ပါလာတဲ့ သူပဲ ဖြစ်မယ်"

"အသက်ရှိသေးလား ‥"

တစ်စုံတစ်ယောက်၏ မေးသံနှင့်အတူ လက်တစ်ဖက်က သူ့နှာခေါင်းဝနားသို့ လာတော့၏။ ပူနွေးသောအငွေ့ကြောင့် ‥





"အသက်ရှူနေသေးတယ်ဗျို့ ‥ အသက်ရှူနေသေးတယ်"

"ဟာ ‥ ဒါဆို ကားပေါ်ထမ်းတင် ‥ ဆေးရုံခေါ်သွားမှ ဖြစ်မှာပေါ့"

တစ်ယောက်တစ်ပေါက်ပြောသံများနှင့်အတူ လူနှစ်ယောက်က သူ့ခန္ဓာကိုယ်ကို ပွေ့ချီလိုက်သည်ကို သိလိုက်၏။

ဘခွေးလေးကတော့ သူဆင်ထားသည့် အကြံအစည်အတိုင်း ကွက်တိဝင်သွားပြီမို့ သူ့ရင်ထဲတွင် ပီတိလှိုင်းများက တလိပ်လိပ်နှင့်။ လျှောင်အိမ်ထဲက လွတ်ထွက်လာသည့် ငှက်တစ်ကောင်လို သူ့ဘဝသည်လည်း လွတ်လပ်မှုနှင့်အတူ ပိုပြီး အဓိပ္ပာယ်ရှိသွားပြီဟု ခံစားလိုက်ရပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ထုံးစံအတိုင်း မြွေသူတော်မောင်ခြိမ့်၏ ကားစုတ်လေးက အိတ်ဇောသံ ဆူဆူညံညံ၊ မီးခိုးများတလူလူနှင့် ရန်ကုန်ပြည်လမ်းအတိုင်း မောင်းလာ၏။ လှော်ကားနားအရောက်တွင် ဘောစပ်ကို ကွေ့ချလိုက်သည်။ သူ ဦးတည်သည့်နေရာက လေယာဉ်ပျက်ကျရာနေရာဆီသို့ပင်။

ဝါးနက်ချောင်း ကြိုးဝိုင်းဇရိယာအစပ်သို့ အရောက်တွင် သူ့ကားကို ငြိတ်သျှလေကြောင်းထိန်းသိမ်းရေးအရာရှိ ဝတ်စုံဝတ်ထားသော လူတစ်ယောက်က တားလိုက်ပြီး ..

''ဒီသစ်တောကြိုးဝိုင်းထဲကို ဝင်လို့မရပါဘူးခင်ဗျာ။ ဒါက တားမြစ်ဇရိယာ ဖြစ်နေလို့ပါ''



''ကျုပ်က လေယာဉ်ပျက်ကျတဲ့ မှုခင်းတစ်ခုကို စုံစမ်းဖို့ စီအိုင်ဒီကို အကြောင်းကြားထားလို့ လာခဲ့တဲ့ အင်စပက်တာ မောင်ခြိမ့် ပါ''

ဟုပြောကာ အရာရှိ ကတ်ပြားကို ထုတ်ပြလိုက်သည်။

ထိုအခါမှ အရာရှိက အားနာသွားပြီး ..

''သြော် .. မသိလို့ပါ ခင်ဗျာ။ ဒါဆိုလည်း ဝင်ပါ။ ဟိုမှာ ရဲမင်းကြီးလွှတ်လိုက်တဲ့ စီအိုင်ဒီကအရာရှိတစ်ယောက်လည်း ရောက်နေပါတယ်''

''ဟင် .. ဟုတ်လား .. ဘယ်သူလဲ''

''ဦးကိုကိုကြီးလို့ ပြောပါတယ် ခင်ဗျ''

''သြော် ..''

ရဲအုပ်ဦးကိုကိုကြီးသည် ထိုခေတ်ထိုအခါက ထူးချွန်ထင်ရှားသော စုံထောက်တစ်ယောက်ဖြစ်သည်။ (နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကို လုပ်ကြံသော နိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်ပွားသောအခါ ရဲအုပ်ဦးထွန်းမောင်နှင့်အတူ ဂဠုန်ဦးစောကို ထိန်းသိမ်းပြီး စစ်ဆေးမေးမြန်းခဲ့သူ ဖြစ်သည်။)

အင်စပက်တာမောင်ခြိမ့်က သူ၏ ကားစုတ်ကလေးကို ဘောစပ်နှင့် နီးနိုင်သမျှ နီးအောင် မောင်းဝင်သွားပြီး ရပ်လိုက်သည်။ ထို့နောက် ကားပေါ်မှဆင်းကာ သူသောက်နေကျ ဗိုလ်လာသာ ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း ဦးကိုကိုကြီးဆီသို့ ထော့နင်းထော့နင်းလေးတိလေးကန်ဖြင့် လျှောက်သွားလေသည်။

www.burmeseclassic.com

ဦးကိုကိုကြီးက ဗြိတိသျှလေတပ်အရာရှိနှစ်ဦးနှင့် စကားပြောနေရာမှ သူ့ကို လက်လှမ်းပြ၏။ မြွေသူတော်မောင်ခြိမ့်က ..

''ဘယ်တုန်းကတည်းက ရောက်နေတာတုန်း ဦးကိုကိုကြီးရဲ့''

''စောစောကလေးတင်မှပါဗျာ။ ဗြိတိသျှလေတပ်က လေယာဉ်ပျက်ကျတာဆိုတော့ ကျုပ်တို့နဲ့ တိုက်ရိုက်ဆိုင်လှတယ်တော့ မဟုတ်ဘူးပေါ့။ သူတို့ဘာသာ တပ်က လုပ်ရမယ့်ကိစ္စပဲ။ ဒါပေမဲ့ စစ်ဆင်ရေးကိစ္စမဟုတ်ဘဲ အရပ်သားနယ်မြေမှာ ပျက်ကျတာဖြစ်နေလေတော့ကာ သူတို့လေတပ်ဗိုလ်ချုပ်က ကျုပ်တို့ ရဲမင်းကြီးကို ပုဂ္ဂိုလ်ရေးအရ အကြောင်းကြားလာတာနဲ့ ရဲမင်းကြီးကလည်း 'ဝတ္တရားအရ မင်းသွားလိုက်ဦး' ဆိုလို့ ရောက်ချလာရတာဗျို့''

''ဪ .. ဒါနဲ့ သတင်းထောက်တွေလည်း မတွေ့ပါလား ဦးကိုကိုကြီးရဲ့''

ထိုအမေးကြောင့် ဦးကိုကိုကြီးက မြွေသူတော်မောင်ခြိမ့်ကို ဗြိတိသျှလေတပ်အရာရှိနှစ်ဦးနှင့် ဝေးရာဆီသို့ ပခုံးဖက်ကာ ခေါ်သွားပြီး လေသံခပ်အုပ်အုပ်ဖြင့် ..

''ဒီလေယာဉ်ကို စီစဉ်ပေးလိုက်တာက သူတို့လေတပ်ဗိုလ်ချုပ်ကိုယ်တိုင်မို့လို့ သိပ်မဆန်းဘူး။ ဂျူးဆက်ဟယ်ဗင်နဲ့ ပတ်သက်နေတာဆိုတော့ တတ်နိုင်သလောက် ဖုံးဖုံးဖိဖိ လုပ်ချင်ကြပုံပဲဗျ။ ကြည့်လေဗျာ .. လေယာဉ်က တစ်စီးလုံး ရစရာမှ မရှိတော့တာ။ လေယာဉ်မောင်းတဲ့ ကိုဘဆွေလေးကတော့ တော်တော်ကံကောင်းတယ်ဗျို့။ ထိုင်ခုံကနေ လွင့်ပြီး ကျသွားတော့ မီးလောင်တဲ့အထဲ ပါမသွားဘူးလေ။ အခုတော့ သူ့ကို ဆေးရုံတင်ထားရတာပေါ့''

မြွေသူတော်မောင်ခြိမ့်က မီးလောင်ကျွမ်းထားသော လေယာဉ်အနီးမှ တိုတိုထွာထွာလေးများကို ကောက်ယူကြည့်နေရင်း ..

''လေယာဉ်က ဘယ်လိုက ဘယ်လို ပျက်ကျသွားတာတဲ့လဲ''

''လေယာဉ်မောင်းတဲ့ ကိုဘဆွေလေး အပြောအရဆိုရင်တော့ လေယာဉ်က ဝါယာကြိုးစနစ် ချို့ယွင်းသွားပြီးတော့ ဘယ်လိုမှ ထိန်းချုပ်လို့မရဘူး ဖြစ်သွားတယ်တဲ့။ ပြီးတော့ မြေပြင်ကိုလည်း ရေဒီယိုအဆက်အသွယ်လုပ်လို့မရဘဲ ဖြစ်သွားတယ်လို့ ဆိုတယ်ဗျာ''

''လေယာဉ်တစ်စီးလုံး ပျက်ကျတာတောင် လေယာဉ်မောင်းသူဘက်က တံခါးဖွင့်ပြီး အပြင်ဘက်ကို မသေမပျောက်လွင့်စင်ကျသွားပုံကတော့ ဆန်းတယ်ဗျို့''

''အင်း .. ဖြစ်တောင့်ဖြစ်ခဲကိစ္စဆိုတာတော့ မှန်တယ်။ ဒါပေမဲ့ လုံးလုံး မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရဘူးဗျ။ အဲဒီလို ကြုံဖန်ပြီး အသက်ရှင်တဲ့ လူတစ်ထောင်မှာ တစ်ယောက်လောက်တော့ ရှိတတ်တယ်။ နို့ .. နေစမ်းပါဦး .. ဒီလေယာဉ်ပျက်ကျတဲ့ကိစ္စမှာ သေမှုသေခင်းဌာနက ခင်ဗျားကို ဘာဖြစ်လို့ လွှတ်လိုက်ရတာတုန်းဗျ။ ကျုပ်ထွက်လာခါနီးအထိလည်း ရဲမင်းကြီးဆီက ဘာမှ ပြောသံ မကြားပါဘူး''

မြွေသူတော်မောင်ခြိမ့်က တစ်စုံတစ်ရာ ' တွေးမိသွားဟန်ဖြင့် ..





www.burmeseclassic.com

www.burmeseclassic.com

"ဒီလို ဦးကိုကိုကြီးရေ ‥ ခင်ဗျားကို လွှတ်လိုက်တာက ရုံးလုပ်ထုံးလုပ်နည်းအတိုင်း တရားဝင်ဖြစ်အောင် စီမံတာ ဖြစ်မယ် ‥ ခင်ဗျားထွက်သွားပြီးတော့မှ တိုင်စာရောက် လာတာနဲ့ တူပါရဲ့ ‥"

"ဗျာ ‥ တိုင်စာ ဟုတ်လား ‥ ဘာတိုင်စာလဲ"

"လေယာဉ်ပျက်ကျတဲ့အထဲမှာပါပြီး ကွယ်လွန်သွားတဲ့ ဒေါ်မေရီသန်းခင်ရဲ့မောင် ‥ ဗိတာက တိုင်တာဗျ။ သူလည်း ဘာရယ်ညာရယ် တိတိကျကျသိလို့ မဟုတ်ဘူး။ သူ့အစ်မ သေတဲ့ကိစ္စကို သံသယဝင်လို့ပဲ ဆိုပါတော့ဗျာ"

ဦးကိုကိုကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ‥

"ဟုတ်ပြီဗျို့ ‥ ဒါဆိုရင် ကျုပ်တော့ အားရှိသွားပြီ၊ ဒီအမှုကို ခင်ဗျားနဲ့ပဲ လွှဲပေးခဲ့ရတော့မှာပဲ။ ရဲမင်းကြီးက မနက်ဖြန် ကျရင် ကျုပ်ကို ထန်းတပင် သွားခိုင်းထားသေးတယ်ဗျို့။ ခင်ဗျား သိတယ်မဟုတ်လား၊ လယ်သမားတွေ ဆန္ဒပြတာကို သေနတ်နဲ့ပစ်သတ်လို့ လူ ၃ ယောက် သေသွားတဲ့အမှုလေ။ အဲဒီဈာပနပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မိန့်ခွန်းပြော မယ်ဆိုပဲဗျ"

"ဩော် ‥ အရေးကြီးတယ်ဗျို့ ‥ အဲဒါကိုသာ အာရုံစိုက်ပါ ဗျာ။ ဘုရင်ခံနဲ့ ဆာပေါ်ထွန်းအစိုးရက လက်ဝါးချင်းရိုက်ပြီး ပြီးခဲ့တဲ့ မတ်လကပဲ ဗိုလ်ချုပ်အောင်ဆန်းကို လူသတ်မှုနဲ့ ဖမ်းဖို့ ကြိုးကြသေးတယ်မဟုတ်လား၊ မပေါ့နဲ့ဗျို့ ‥ ဒီအမှုကို တော့ ကျုပ်တာဝန်သာ ထားလိုက်စမ်းပါ ဦးကိုကိုကြီးရာ။





ခင်ဗျား စစ်ဆေးထားတဲ့ အချက်အလက်လေးတွေကိုသာ ကျုပ်ကို လွှဲပေးခဲ့ပေတော့"

"နေဦးဗျ ‥ ဒီမှာ ကနဦး စစ်ဆေးတာက ကျုပ်မဟုတ်ဘူး။ ဟောဟိုက ဆားပုလင်းသန်းအောင်ကိုပဲ မေးကြည့်ရမှာပဲ။ ဟေ့ ‥ သန်းအောင် လာပါဦးကွ။ ဟောဒီမှာ မင်းရဲ့ ဆရာ ကိုမောင်ခြိမ့်ကို ကူလိုက်စမ်းပါဦး"

ဦးကိုကိုကြီး၏စကားကြောင့် ဆားပုလင်းသန်းအောင်က သူတို့အနီးသို့ ခြေလှမ်းကျဲကြီးများဖြင့်ရောက်လာပြီး မြွေသူတော် မောင့်ခြိမ့်ကို ခြေအစုံ ဖြောင်းခနဲရိုက်ကာ ဆလုပေးလိုက်သည်။ ထို့ နောက် ဦးကိုကိုကြီး က ‥

"ကဲ ‥ ကိုမောင်ခြိမ့်ရေ ‥ စိတ်ချမယ်ဗျို့ ‥ ကျုပ်ကတော့ ရုံးကို ပြန်သတင်းပို့ရင်း ထန်းတပင်သွားဖို့ စီစဉ်လိုက်ဦး မယ်"

ဟုဆိုကာ ဗြိတိသျှလေတပ်အရာရှိများကို နှုတ်ဆက်ပြီး ထွက် ခွာသွားသည်။ မြွေသူတော်မောင်ခြိမ့်ကတော့ လေယာဉ်ပျက်အနီးသို့ တိုးကပ်သွားကာ ဘာများ သဲလွန်စ တွေ့ရမလဲဟု စစ်ဆေးကြည့်ရှု နေလေ၏။ လေယာဉ်ပျက်ထဲမှ ခါးပတ်အပြတ်တစ်ခုကို တွေ့လိုက်ရာ သူက ကောက်ယူကြည့်လိုက်၏။

ခါးပတ်မှာ ခေါင်းက ပြုတ်ထွက်မနေဘဲ သားသက်ကြီးကသာ မီးလောင်ထားသည်။ မြွေသူတော်မောင်ခြိမ့်က ခါးပတ်ခေါင်းကို ဆွဲပြုတ် ကြည့်လိုက်၏။ သို့သော် ပြုတ်ထွက်မလာချေ။ ထိုပုံစံအတိုင်း ခါးပတ် ခေါင်းနှစ်ခုကို တွေ့ရ၏။

www.burmeseclassic.com

ထိုခါးပတ်နှစ်ခုသည် ကွယ်လွန်သူဒေါ်မေရီသန်းခင်နှင့် တူမဖြစ်သူ မြနှစ်တို့ လေယာဉ်ပေါ်ထိုင်သည့်အခါ ပတ်ထားသည့် ထိုင်ခုံခါးပတ်ဖြစ်မည်ဟု တွေးလိုက်ပြီး ..

''သေဆုံးသူအမျိုးသမီးနှစ်ယောက်က ဒီအနောက်ဘက်မှာထိုင်တာပေါ့ .. ဟုတ်လား''

''ဟုတ်ပါတယ် ခင်ဗျ ..''

''ဒီခါးပတ်တွေက တော်တော်ခိုင်တယ်နော်၊ မီးလောင်ထားပြီးတာတောင် ခါးပတ်ခေါင်းက ပြုတ်ထွက်မလာဘူး''

''ဟာ .. ဆရာမြိုင်ကလည်း လုပ်တော့မယ်၊ လေယာဉ် ထိုင်ခုံခါးပတ်ဆိုတာ လူက ခါးပတ်အိမ်ခလုတ်ကို ဖိပြီး ဆွဲမဖြုတ်မချင်း ပြုတ်ရိုးထုံးစံမှ မရှိတာ''

မြွေသူတော်မောင်မြိုင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း မြေပြင်အနီးတစ်ဝိုက်သို့ မျက်လုံးဝေ့ကြည့်လိုက်ပြန်ရာ မီးကျွမ်းထားသည့် လေးထောင့်ရှည်ရှည်သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရ၏။ သူက ခါးကို အနည်းငယ်ကွေးညွတ်ကာ လက်ညှိုးဖြင့် ထိုးကြည့်ပြီး ကောက်ယူလိုက်သည်။

သေသေချာချာကြည့်လိုက်သည့်အခါ နောက်ထပ်ခါးပတ်ခေါင်းတစ်ခု ဖြစ်နေသည်။ ထိုတစ်ခုတွင် ခါးပတ်လျှာတိုးက ခါးပတ်ခေါင်းအိမ်ထဲတွင် ဝင်မနေဘဲ ပြုတ်နေ၏။

မြွေသူတော်မောင်မြိုင်က ခါးပတ်လျှာကို ခါးပတ်ခေါင်းအိမ်ထဲ ထိုးသွင်းလိုက် ပြန်ထုတ်လိုက် လုပ်ပြရင်း ဆားပုလင်းသန်းအောင်ကို ပြောလိုက်သည်။





''ကိုယ့်လူ စောစောက ပြောတယ်နော် .. လေယာဉ်ထိုင်ခုံခါးပတ်ကို လူက ဆွဲမဖြုတ်ဘဲ မပြုတ်ဘူးဆိုတာလေ ... ဟော အခု ဒီပိုင်းလော့ပတ်ထားတဲ့ ခါးပတ်ကကျတော့ ပြုတ်ထွက်နေပါကလား .. ဘယ်လိုဖြစ်တာလဲ မသိဘူး''

''ဟာ .. ဟုတ်ပါရဲ့ ဆရာမြိုင်ရယ် .. ကျွန်တော်လည်း အခုဆရာပြောမှ သတိထားမိတယ် .. ကိုဘဆွေလေးကိုပဲ ပြန်မေးကြည့်ရဦးတော့မှာပဲ ဆရာရေ''

မြွေသူတော်မောင်မြိုင်က တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားဟန်နှင့် မျက်လုံးများ မှေးစင်းသွားသည်။ သို့သော် ဘာမှတ်ချက်မှ မပေးဘဲ ရှေ့ဘက်ဆီသို့သာ ထော့နင်းထော့နင်းဖြင့် ဆက်လျှောက်သွား၏။ မနီးမဝေးမြက်ပင်များကြားထဲတွင် မည်းမည်းသဏ္ဌာန် မှောက်လျက်သား သေတ္တာငယ်တစ်ခုကို တွေ့လိုက်ရာ မြွေသူတော်မောင်မြိုင်က စိတ်ဝင်တစား ငုံ့ကြည့်လိုက်၏။



www.burmeseclassic.com

"ဒါက ဘာကြီးလဲ . ."


ဟု မေးလည်း မေးရင်း ထိုအရာကိုလည်း တစ်ဆက်တည်း ကောက်ယူလိုက်သည်။

"အဲဒါက လေကြောင်းပြမြေပုံထည့်တဲ့ သေတ္တာလေးပါ ဆရာခြိမ့် . ."

"ဪ . ."

မြွေသူတော်မောင်ခြိမ့်က ထိုသေတ္တာငယ်လေးကို အပြန်ပြန် အလှန်လှန် စစ်ဆေးနေ၏။ ဆားပုလင်းသန်းအောင်ခမျာ တာအစစ် ခံရသည့် ကျောင်းသားလို ဘာများ အမှားပါဦးမလဲဟု ရင်တထိတ်ထိတ် နှင့် စောင့်ကြည့်နေရသည်။

"ဒါဆို အထဲမှာ ဘာလို့ ဟောင်းလောင်းဖြစ်နေတာလဲ။ လေကြောင်းပြမြေပုံတွေဘာတွေ ထည့်ထားတဲ့ သေတ္တာဆိုရင် ဒီထဲမှာ တစ်ခုခုရှိနေရမှာ မဟုတ်ဘူးလား"







"ဗျာ . . ဟို . . ဟို မီးလောင်သွားလို့ ဖြစ်မယ်ထင်တယ် ဆရာခြိမ့်ရဲ့"

"မဟုတ်ဘူးလေ . . မီးလောင်သွားရင် ဒီသေတ္တာထဲမှာ ပြာတွေ ရှိရမယ်။ ဟောဒီမှာ မြင်လား . . လုံးဝ ပြောင်သလင်း ခါနေတာ။ အစကတည်းက ဘာမှရှိပုံ မပေါ်ဘူး"

မြွေသူတော်မောင်ခြိမ့်က သေတ္တာငယ်လေးကို မှောက်ချည် လှန်ချည် သွန်ချပြီး ပြောလိုက်သည်။ စေ့စပ်သေချာလှသော မြွေသူ တော်မောင်ခြိမ့်ကြောင့် ဆားပုလင်းသန်းအောင်ခမျာ မျက်နှာလေးက ဇီးရွက်ခန့်ပင် ငယ်သွားရှာလေတော့၏။

"နေစမ်းပါဦးကွ။ ငါ မလာခင်တုန်းက သူတို့ လေတပ်က အရာရှိအချင်းချင်း ဘာတွေများ ထင်ကြေးပေးနေတာ ကြားမိ သေးသတုန်း သန်းအောင်ရ"

"သူတို့ပြောနေတာကတော့ လေယာဉ်မောင်းတဲ့ ကိုဘဆွေ လေးက ရာသီဥတုဆိုးနေတဲ့ကြားထဲက လေယာဉ်ကို ဇွတ် မောင်းလာခဲ့တာ အကြီးဆုံးအမှားပဲတဲ့။ ဒါကိုပဲ အပြစ်ပုံချရ တော့မှာပဲလေ . . လေယာဉ်အင်ဂျင်ကလည်း အကောင်း ပကတိပဲ ဥစ္စာ"

"ကိုဘဆွေလေးက အရက်တွေဘာတွေ သောက်ထားပြီး လေယာဉ်မောင်းလာတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး ဆရာခြိမ့် . . ဓာတုဗေဒဆေးစစ်ချက်မှာ ကိုဘဆွေလေးက အရက်သေစာသောက်စားတာ မတွေ့ရ သလို မူးယစ်ဆေးဝါးလည်း သုံးမထားဘူးလို့ အတိအကျ

www.burmeseclassic.com


ထွက်ထားတယ် ဆရာရဲ့။ အဲဒီလို ပင်ကို အသိစိတ်ရှိလျက်နဲ့များ ဟောဒီ ပဲခူးရိုးမလို တောင်အထပ်ထပ်ရှိတဲ့ ဒေသမှာ ဘာဖြစ်လို့ လေယာဉ်ကို နိမ့်နိမ့်လေး ပျံလာရသလဲဆိုတာ သူတို့လည်း စဉ်းစားရ ကျပ်နေကြလေရဲ့ ဆရာရေ"

မြွေသူတော်မောင်ငြိမ်းက ရှုပ်ပွနေသော သူ့ဆံပင်များကို လက်ဖြင့်ကုတ်လိုက်ရင်း ..

"နေစမ်းပါဦးကွ .. လေယာဉ်ပျံမတက်ခင် မိုးလေဝသဌာနကို လှမ်းမေးပြီး ရာသီဥတုကောင်းမကောင်း စုံစမ်းရသေးတယ် မဟုတ်လား"

"ဟုတ်တယ် ဆရာငြိမ်း။ ကိုဘဆွေလေးကလည်း ဖုန်းဆက်ပြီး မေးခဲ့တယ်လို့ ပြောတယ်။ အဲဒီက ညွှန်ကြားတဲ့အတိုင်း မုန်တိုင်းနဲ့လွတ်အောင် တတ်နိုင်သမျှ စောစောပြန်ခဲ့တာပဲတဲ့။ ဒါပေမဲ့ ညဘက်ကြီးဆိုတော့ မြေပြင်အခြေအနေကို မမြင်ရဘဲ လမ်းမှားပြီး ဟိုရောက်ဒီရောက်နဲ့ ကြန့်ကြာသွားတာမို့လို့ မုန်တိုင်းနဲ့ မလွတ်တော့တာလို့ ပြောတယ်"

"သြော် .. အင်း .. အင်း .. မင်းလည်း စုံစုံစိစိ မေးမြန်းထားသကိုး။ တော်ပါပေတယ် သန်းအောင်ရာ။ ငါထင်တာ မမှားဘူးဆိုရင် မင်း မကြာခင် ရာထူးတက်လိမ့်ဦးမယ်ဟေ့။ သြော် .. ဒါနဲ့ ငါ စောစောကပြတဲ့ လေကြောင်းပြမြေပုံ သေတ္တာ ပြောင်သလင်းခါနေတာကရော ဘာကြောင့်လို့ မင်းထင်သလဲ"

"သြော် .. ဒါကတော့ ဆရာငြိမ်းရယ် .. လေယာဉ်ပျံနေတုန်း တန်းလန်းမှာ ကိုဘဆွေလေးက မြေပုံကြည့်ချင်တာနဲ့ အဲဒီ သေတ္တာထဲက စာရွက်စာတမ်းတွေ အကုန်ထုတ်ယူလိုက်လို့ ဖြစ်မှာပေါ့။ ဒီတော့ လေယာဉ်ကို မီးလောင်တဲ့အခါ မြေပုံစာရွက်တွေက ပြာတွေလည်း တောအနှံ့တောင်အနှံ့ လွင့်သွားရောပေါ့ ဆရာရယ် .. ဘယ်တွေ့တော့မှာလဲ"

ဆားပုလင်းသန်းအောင်၏ အဖြေစကားကို ကြားရသောအခါ မြွေသူတော်မောင်ငြိမ်းက မရယ်စဖူး အသံခပ်အုပ်အုပ်ဖြင့် ရယ်မောလိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

ဒေါ်မေရီသန်းခင်နှင့် မြနှစ်တို့၏ မီးလောင်ကျွမ်းခံထားရသော ရုပ်အလောင်းများကို ဂူသွင်းသင်္ဂြိုလ်ပြီးသည့် နောက် (၂) ရက်ခန့် အကြာ . . .။

မြွေသူတော်မောင်ငြိမ်းက အိမ်မှ ခပ်စောစောထွက်လာခဲ့ပြီး အင်းစိန် စီအိုင်ဒီရုံးသို့ မဝင်သေးဘဲ ဒေါ်မေရီသန်းခင်၏ မောင်ဖြစ်သူ ပီတာနေထိုင်ရာ ကန့်ဘဲ့လမ်း၊ အိမ်နံပါတ် ၇၆ သို့ တောက်လျှောက် မောင်းလာခဲ့လေသည်။

မြွေသူတော်မောင်ငြိမ်းက သူ့ကိုယ်သူ စီအိုင်ဒီကဖြစ်ကြောင်း မိတ်ဆက်လိုက်သည့်အခါ ပီတာ၏ မှုန်မှိုင်းနေသော မျက်နှာပေါ်တွင် မျှော်လင့်ချက်ရောင်ခြည်များ လက်ခနဲဖြစ်သွား၏။ မြွေသူတော်မောင်ငြိမ်းက သူသိချင်သော အချက်ကို တဲ့တိုးပင် မေးလိုက်သည်။



"ခင်ဗျားတို့ မေမြို့ကို သွားတုန်းက ကိုဘဆွေလေးဆီမှာ လေယာဉ်မှူးကိုင်တဲ့ သံသေတ္တာလေးတစ်လုံး ရှိနေတာ မြင်ဖူးလား"

"ဟုတ်ကဲ့ မြင်ဖူးပါတယ်"

"အထဲမှာ ဘာတွေပါတယ်ဆိုတာကိုရော သိသလား ကိုပီတာ"

"ဟုတ်ကဲ့ . . လေယာဉ်သုံး မြေပုံတွေနဲ့ ပျံသန်းချိန်ဇယားတွေ၊ နောက် တခြား စာရွက်စာတမ်းတွေ ထည့်ထားတာ တွေ့ဖူးပါတယ်"

"ဩော် . . ခင်ဗျားက ဖွင့်ပါ ဖွင့်ကြည့်ဖူးတာကိုး"

ကိုပီတာက ခေါင်းကို ခပ်သွက်သွက်ညိတ်ရင်း . .

"ဟုတ်ကဲ့ . . ဒါဘာပွဲမတိုင်ခင် ပစ္စည်းတွေကို နားနေဆောင်ထဲ ရွှေ့ရပြောင်းရတော့ ကျွန်တော်ကိုယ်တိုင် သယ်ရင်း ဖွင့်ကြည့်ဖူးတာကိုး"

"ဩော် . . ဒါဆို ရန်ကုန်ကို ပြန်ဖို့ လေယာဉ်ပေါ် တက်ကြတော့ရော ခင်ဗျားက အဲဒီသေတ္တာလေးကို သယ်ပေးရသေးလား"

"ဟင့်အင်း . . အဲဒီတုန်းကကျတော့ ဘဆွေလေးကိုယ်တိုင် သယ်သွားတာ ခင်ဗျ။ အဲဒီသေတ္တာက အကြောင်းတစ်ခုခုများ ထူးလို့လား အင်စပက်တာကြီးရယ် . ."

မြွေသူတော်မောင်ငြိမ်းက ဆေးပြင်းလိပ်မှ ပြာကို ခြွေလိုက်ရင်း . .

"ဩော် . . အဲဒီလိုလည်း တထစ်ချမဟုတ်ပါဘူးဗျာ . .

www.burmeseclassic.com



ဟာကွက်လွတ်ကွက်မရှိအောင် အချက်အလက် စုံစုံလင်လင် မေးမြန်းထားတဲ့ သဘောပါ''

''ဘာပဲဖြစ်ဖြစ်ပါ အင်စပက်တာကြီးရယ် ..ဒီကောင် ဘခွေလေးဟာ ကျွန်တော့်အစ်မကိုသတ်တဲ့ တရားခံဆိုတာ ကိုတော့ ကျွန်တော် အသေအချာ သိနေတယ်ဗျာ''

''မဟုတ်သေးဘူး ကိုပီတာရဲ့။ လူသတ်မှုဆိုတာ သက်သေရှိမှ ဖမ်းလို့ရတာ ..သက်သေမရှိရင် တရားခံဆိုတာ သိနေဦးတော့ ..တရားဥပဒေအရ ဘာမှလုပ်လို့မရဘူး''

မြွေသူတော်မောင်ခြိမ့်အပြောကြောင့် ပီတာက သက်ပြင်းကို ခပ်ဖွဖွချလိုက်ပြီး ..

''ဒီကောင်ဘခွေလေးက ကျွန်တော့်အစ်မကို သိပ်မုန်းနေတာဗျ။ သူက ကျွန်တော့်အစ်မကို တစ်သက်လုံး အသုံးချလာခဲ့တာ ..သူ အခုလို အောင်မြင်တဲ့ အဆိုသမားဖြစ်လာတဲ့ အထိပေါ့။ အဲ ..ဒါပေမဲ့ အစ်မကလည်း သူ့ကို နိုင်ကွက် တစ်ခုတော့ ရှိထားပုံပဲ''

''ဟင် ..နိုင်ကွက် ဟုတ်လား ..အဲဒါဘာလဲ''

''အဲဒါက ဘာဆိုတာတော့ ကျွန်တော် မသိဘူး ..အစ်မကလည်း ကျွန်တော့်ကို တစ်ခါမှ မပြောပြဖူးဘူး''

မြွေသူတော်မောင်ခြိမ့်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း လက်ထဲတွင်ကိုင်ထားသည့် ဆေးလိပ်တိုကို ခဲကာ တစ်ချက် ဖွာရှိုက်လိုက်ပြီးမှ ..

''အေးလေ ..ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကတော့ ဝတ္တရားရှိတဲ့ အတိုင်း စုံစမ်းစစ်ဆေးပေးရမှာပေါ့ဗျာ''

''စုံစမ်းနေတာကမှ ကြာဦးမယ် ..ဘခွေလေးဟာ လူသတ်တရားခံဆိုတာ ဒီကောင့်ကို နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရရင် အင်စပက်တာကြီး သိသွားလိမ့်မယ်။ လာပါဗျာ.. ကျွန်တော် ကိုယ်တိုင် လိုက်ပို့မယ်။ အခုပဲ ..ဒီကောင့်ဆီကို သွားကြမယ်လေ''

''ဟာ ..ကောင်းပါ့မလား ..သူ့ဇနီးသေတာဖြင့် မကြာသေးဘူး ..စစ်လားဆေးလား သွားလုပ်လို့ မတော်ဘူး ထင်ပါရဲ့ ကိုပီတာရယ်''

''ဘယ်ကလာ အင်စပက်တာကြီးရယ် ..ဒီကောင်လား ကျွန်တော့်အစ်မသေလို့ ဝမ်းနည်းနေမှာ။ ကျွန်တော်တော့ မထင်ပေါင်ဗျာ။ လာပါ အင်စပက်တာကြီးရယ် ..ဘခွေလေးရဲ့အိမ်ကို သွားတွေ့ပြီး စကားပြောကြည့်ပေးစမ်းပါ လုပ်ပါဗျာ ..ကျေးဇူးမမေ့ပါဘူး''

ကိုပီတာက မြွေသူတော်မောင်ခြိမ့်၏ လက်ကို ဆွဲပြီး အတင်းတိုက်တိုက်တွန်းတွန်း ပြောနေသောကြောင့် မြွေသူတော်မောင်ခြိမ့်က သက်ပြင်းတစ်ချက်ကို ဆေးပြင်းလိပ်မီးခိုးများနှင့်အတူ မှုတ်ထုတ်လိုက်ပြီး ..

''ကောင်းပြီလေ ..ဒါဆိုလည်း သွားကြတာပေါ့''





www.burmeseclassic.com

www.burmeseclassic.com

ကျောက်မြောင်းသတိပဋ္ဌာန်လမ်းထဲသို့ မြွေသူတော်မောင်ခြိမ့်၏ ကားစုတ်ကလေးက တလိမ့်လိမ့် မောင်းဝင်လာသည်။ အိမ်နံပါတ် ၂၂ ရှေ့မှ ဖြတ်အသွားတွင် မြွေသူတော်မောင်ခြိမ့်က ..

"ဒီအိမ်က မနှစ်က ဆုံးသွားတဲ့ ရုပ်ရှင်မင်းသား ခင်မောင်ရင်ရဲ့အိမ် မဟုတ်လား"

ဟု မေးလိုက်သည်။

ထိုခေတ်ထိုအခါက ဒါရိုက်တာရွှေဒုံးဘီအောင် ရိုက်ကူးသော ဖိုလ်အောင်ဒင်ဇာတ်ကားကြောင့်လည်းကောင်း၊ နဂါးနီ၊ ဘိုးဘိုးအောင်၊ စကြာသိုက် စသော သီချင်းများကြောင့်လည်းကောင်း ခင်မောင်ရင်မှာ ကျော်ကြားလှ၏။



အနုပညာရှင်များနေထိုင်ရာ အရပ်ဒေသဖြစ်သောကြောင့်လား မပြောတတ်။ ဘဆွေလေးနေထိုင်သောခြံမှာ ရုပ်ရှင်မင်းသားခင်မောင်ရင်၏ အိမ်နှင့် မဝေးလှပေ။





"ဟော .. ဟိုရှေ့မှာ ရောက်ပြီဗျ"

ဟု ဗိတာက ပြောလိုက်၏။ ဘဆွေလေး အကော်ဒီယံတီးပြီး ဆိုနေသော သီချင်းသံကိုတော့ အိမ်သို့မရောက်ခင် မလှမ်းမကမ်းကပင် ကျယ်လောင်စွာ ကြားနေရပေသည်။ မိန်းကလေးတချို့ ရယ်သံများကို လည်း ကြားရလေ၏။

မြွေသူတော်မောင်ခြိမ့်က ကားကို လမ်းဘေးတွင်ရပ်သတ်ပြီး ဆင်းလိုက်စဉ် ဗိတာက သီချင်းသံနှင့် ရယ်သံများကြောင့် မကျေမချမ်းဖြင့် ..

"ကြားလား အင်စပက်တာကြီး .. ဒီကောင် အပျော်ကြူးနေတာလေ .. ကျွန်တော့်အစ်မ ရက်လည်ပြီးတဲ့ထိအောင်တောင် ဒီကောင် မစောင့်နိုင်တော့ဘူးဗျ"

ဗိတာ ပြောလည်းပြောရင်း ခြေလှမ်းကျဲကြီးများဖြင့် လှမ်းကာ အိမ်တံခါးဝဆီသို့ လျှောက်သွား၏။ ပြီးနောက် သူက တံခါးကို စိတ်ဆိုးမာန်ဆိုးနှင့် တဒုန်းဒုန်း ထုလိုက်သည်။

"ဒုန်း .. ဒုန်း .. ဒုန်း"

မြွေသူတော်မောင်ခြိမ့်က ..

"ဟေ့လူ .. ဟေ့လူ ခင်ဗျားကလည်း စိတ်ထိန်းစမ်းပါဗျ"

ဟု ပြောလိုက်ရာ ဗိတာက ..

"ဟာ .. ဒီကောင့်လုပ်ပေါက် ကြည့်လေဗျာ .. ကျွန်တော့် အစ်မအလောင်းကို တစ်နေ့ကတင် ဂူသွင်းပြီးတာ .. ရက်ဖြင့် မလည်သေးဘူး။ ဒီကောင်က မိန်းမတွေနဲ့ ပါတီပေးပြီး သီချင်းတွေဘာတွေတောင် ဆိုနေပြီ"



www.burmeseclassic.com

"မဟုတ်သေးဘူး ကိုပီတာရဲ့ .. ဖနီးသေတာ ရက်မလည်သေးဘဲ သီချင်းမဆိုရဘူးလို့ ဘယ်ဥပဒေမှာမှ ပြဋ္ဌာန်းမထားဘူးလေဗျာ"

ပီတာကတော့ မြွေသူတော်မောင်ခြိမ့်ပြောသည်ကို နားဝင်ပုံမရ။ မဖွင့်နိုင်သည့် တံခါးကို ဆက်မခေါက်တော့ဘဲ စိတ်မရှည်ဟန်နှင့် လှည့်ထွက်သွား၏။ မြွေသူတော်မောင်ခြိမ့်က နောက်မှ မပြေးရုံတမည် လိုက်လာပြီး ..

"ကိုပီတာ .. ကိုပီတာ .. ခင်ဗျားစိတ်တွေ သိပ်လှုပ်ရှားနေတယ် .. လာပါဗျာ .. ပြန်ကြရအောင်။ နောက်နေ့မှ တစ်ခေါက်ထပ်လာကြတာပေါ့"

ပီတာကတော့ အိမ်နောက်ဘက် မြက်ခင်းပြင်ဆီသို့ ဦးတည်နေသည့် သူ့ခြေလှမ်းများကို မရပ်ဘဲ ..

"ဒီနေ့ပဲ လူချင်းတွေ့ပြီး ပြောကြရအောင်ပါ အင်စပက်တာကြီးရယ် .. ရောက်လက်စနဲ့ မထူးပါဘူး"

မြွေသူတော်မောင်ခြိမ့်က ပီတာ၏ လက်မောင်းကို လှမ်းကိုင်ရပ်လိုက်ပြီး ..

"ဒါဆို ခင်ဗျား .. ကျုပ်ကို တစ်ခုတော့ ကတိပေးဗျာ ကိုပီတာ"

"ဘာကတိလဲ"

"ကိုဘဆွေလေးနဲ့ စကားပြောတဲ့အခါ ကျုပ်ပဲပြောမယ် .. ခင်ဗျား တစ်ခွန်းမှဝင်မပြောရဘူး .. ဘယ်လိုလဲ .. ကိုပီတာ"

"ပေးတယ်ဗျာ .. လာ သွားကြမယ် .. ဒီကောင် ခြံအနောက်ဘက် မြက်ခင်းပြင်ထဲမှာ ပါတီပေးနေတာပဲ ဖြစ်မယ်"

ပီတာနှင့် မြွေသူတော်မောင်ခြိမ့်တို့က ခြံနောက်ဘက်ရှိ ကောဝက်ခန့် ကျယ်ဝန်းသော မြက်ခင်းပြင်သို့ ရောက်လာ၏။ ပီတာပြောသည့် အတိုင်းပင်။ အစားအသောက်များ ခင်းကျင်းထားပြီး မိန်းမပျိုလေးများက စားရင်းသောက်ရင်းနှင့် ဘဆွေလေး၏ အနုပညာကို ခံစားနေကြသည်။

ဘဆွေလေးက မိန်းမပျိုတို့၏အလယ်တွင် ခုံနှင့်ထိုင်ကာ အကော်ဒီယံကို တီးခတ်ရင်း သီချင်းဆိုနေသလို သူ့နောက်ဘက်တွင် အရွယ်ခပ်လတ်လတ်အမျိုးသား ဘင်ဂျိုသမားနှစ်ယောက်ကလည်း ဘဆွေလေး၏ သီချင်းသံစဉ်အလိုက် တီးခတ်ပေးနေ၏။

ဘဆွေလေး၏ ခြေထောက်အရိုးအက်သွားသည့် ဒဏ်ရာကတော့ သိပ်ပြီး သက်သာသေးပုံမရ။ ပတ်တီးစည်းထားလျက်သားပင်။ သူ့ဘေးတွင် ထိုင်နေသော မိန်းမပျိုတစ်ယောက်၏ လက်ထဲတွင်ကား ချိုင်းထောက်တစ်စုံကို ကိုင်ပေးထားသည်။

မြွေသူတော်မောင်ခြိမ့်တို့ ရောက်လာပြီး စက္ကန့် ၃၀ ခန့်အကြာလောက်မှာပင် ကိုဘဆွေလေး၏ သီချင်းကလည်း အဆုံးသတ်သွားသည်။ လက်ခုပ်သံများလည်း ဆူညံသွားလေ၏။ ဘဆွေလေးက ပီတာကို မြင်တော့ ..

"ယောက်ဖကြီး .. မလာစဖူး အလာထူးလို့ပါလား။ ဘာလာလုပ်တာလဲ"

ဟု ခနဲ့တဲ့တဲ့ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘဆွေလေး၏ မျက်နှာပေးကြောင့် နဂိုကတည်းက စိတ်ဆိုးနေသည့် ပီတာက ..

''ဟေ့ကောင် .. မင်းကို ဖမ်းဖို့ ပုလိပ်ခေါ်လာတာလေ တဏှာရူးရဲ့။ ငါ့အစ်မနဲ့ မြနှစ်ကို မင်းသတ်တယ်ဆိုတာ ငါသိတယ်ကွ .. ကဲကွာ''

ဟုပြောကာ ဘဆွေလေးဆီသို့ တစ်ဟုန်ထိုးပြေးဝင်သွားရင်း မျက်နှာကို လက်သီးဖြင့်ထိုးလိုက်၏။

''ခွပ် ..''

ဘဆွေလေးလည်း ထင်မှတ်မထားသောကြောင့် ခုံပေါ်ထိုင်နေရာမှ မြေကြီးပေါ်သို့ လဲကျသွားသည်။

''ဟာ .. ဟေ့ကောင် .. မင်း ရူးနေလား .. ငါ့ခြံထဲက ထွက်သွားစမ်းကွာ''

''ငါ .. မရူးဘူးကွ .. မင်းသာ တဏှာရူးပြီး ငါ့အစ်မကို သတ်လိုက်တာ ..''

ပီတာက ခြေထောက်ဒဏ်ရာကြောင့် ပြန်မထနိုင်သည့် ဘဆွေလေးကို နောက်တစ်ချက်ထိုးရန် ပြေးဝင်လာစဉ် ဘင်ဂျီသမားနှစ်ယောက်က ပီတာကို ဖမ်းဆွဲထားလိုက်၏။

''အဲဒီကောင်ကို ခြံထဲက ဆွဲထုတ်သွားစမ်းကွာ''

ဘဆွေလေးမှာ စိတ်ဆိုးလွန်းသဖြင့် မျက်နှာများ နီရဲလာသည်။ သူ့ဘေးရှိ မိန်းမပျိုလေးထံမှ ချိုင်းထောက်ကို တောင်းပြီး အားပြုထလိုက်၏။





မြွေသူတော်မောင်ခြိမ့်လည်း လျင်မြန်လွန်းသော အဖြစ်အပျက်ကြောင့် ဘာလုပ်ရမည်ကို မသိဘဲ ခေတ္တခဏမျှ ကြောင်သွားသည်။

ပြီးမှ ဘဆွေလေးဆီသို့ ခပ်သုတ်သုတ်သွားလိုက်ပြီး ..

''ကိုဘဆွေလေးကို ကျုပ်တို့ အနှောင့်အယှက်ပေးသလိုဖြစ်သွားတာ တောင်းပန်ပါတယ်ဗျာ''

''ခင်ဗျားကရော ဘယ်သူလဲ''

ဘဆွေလေးက ဒေါသမပြေသေးသည့် လေသံဖြင့် မေးလိုက်သည်။ မြွေသူတော်မောင်ခြိမ့်က သူ၏ဝန်ထမ်းကတ်ပြားကို ထုတ်ပြရင်း ..

''ကျုပ်က စီအိုင်ဒီ သေမှုသေခင်းဌာနက အင်စပက်တာ မောင်ခြိမ့်ပါ''

''သေမှုသေခင်းဌာန ဟုတ်လား .. ဟိုကောင် အရူးပီတာက ခင်ဗျားကို ဘာတွေပြောထားလို့လဲ''

''ကဲ .. လာပါဗျာ။ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်ပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျား ဘာမှ စိတ်မပူပါနဲ့ .. ထုံးစံရှိတဲ့အတိုင်း မေးခွန်းနည်းနည်း မေးရုံပါပဲ''

မြွေသူတော်မောင်ခြိမ့်အပြောကြောင့် ဘဆွေလေးက သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးမှ သူ့အဖွဲ့ဆီသို့ လှည့်ကာ ပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်တွေ ‥ ဒီပါတီပွဲကို ရပ်မပစ်လိုက်နဲ့ ‥ ငါ ပြန်လာခဲ့မယ်"

ဘဆွေလေးက ပြောရင်း ဘင်ဂျိုသမားတစ်ယောက်လက်ထဲတွင် ကိုင်ထားသည့် သူ့အကော်ဒီယံကို လှမ်းယူလိုက်သည်။

"ပြစမ်း ‥ အကော်ဒီယံ ဘာဖြစ်သွားပြီလဲ ‥ ငါ့အကော်ဒီယံသာ တစ်ခုခုဖြစ်လို့ကတော့ ဟိုကောင်ပီတာ မင်းအသက်ကို ဖက်နဲ့သာ ထုပ်ထားပေတော့"

ဟု ကြိမ်းမောင်းကာ အကော်ဒီယံကို လှည့်ပတ် စစ်ဆေးလိုက်၏။ အားရအောင် စစ်ဆေးပြီးမှ ‥

"လာ ‥ ကျွန်တော်နဲ့ လိုက်ခဲ့၊ အိမ်ထဲမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

မြွေသူတော်မောင်ခြိမ့်လည်း ဘဆွေလေးနောက်မှ ဖြည်းဖြည်းမှန်မှန် လိုက်လာခဲ့တော့၏။ အိမ်ထဲရောက်သည့်အခါ ‥

"ကဲ ‥ ဆိုစမ်းပါဦး ‥ ခင်ဗျားက ဘာသိချင်တာလဲ"

"ဒေါ်မေရီသန်းခင်တို့ တူဝရီး သေဆုံးမှုနဲ့ ပတ်သက်ပြီး နည်းနည်းလောက် မေးချင်လို့ပါ"

"ဟာ ‥ အဲဒါက ဘာမေးစရာရှိလို့လဲ ‥ မတော်တဆ လေယာဉ်ပျက်ကျပြီး သေတာလေဗျာ။ ကျွန်တော်လည်း လေယာဉ်ပျက်တဲ့အထဲမှာ ပါတာပဲ၊ ကံကောင်းလွန်းလို့သာ အသက်ရှင် တာပဲ ဥစ္စာ"

"ဟုတ်ပါတယ် ‥ ကျုပ်တို့လည်း အဲဒီလိုပဲ ထင်တာပါပဲ။ ဒါပေမဲ့ ကိုပီတာကတော့ အဲဒီလိုမယူဆဘူးဗျ။ သူက





သူ့အစ်မ ဒေါ်မေရီသန်းခင်ကို ခင်ဗျားသတ်တယ်လို့ အောက်မေ့နေတယ်။ ဒီအမှုကို လူသတ်မှုပဲလို့ သူက စွပ်စွဲနေတာဗျ"

"ဘာ ‥ လူသတ်မှု ဟုတ်လား။ အဲဒီကောင်အရူးက ခင်ဗျားကို ဘာတွေပြောထားလဲ၊ သူ့အစ်မနဲ့ ကျွန်တော် ခဏခဏ ရန်ဖြစ်တဲ့အကြောင်းကို မယင်္ကာဖြစ်ပြီး စွပ်စွဲတာ မဟုတ်လား"

"အဲဒီလိုတော့လည်း အတိအကျမဟုတ်ပါဘူး။ ဘယ်လိုပြောရမလဲဗျာ ‥ ဟိုဒင်း ‥"

မြွေသူတော်မောင်ခြိမ့်၏စကား မဆုံးခင်မှာပင် ဘဆွေလေးက လက်ကာပြလိုက်ပြီး ‥

"ကျွန်တော် သဘောပေါက်ပြီ။ ပတ်ဝန်းကျင်က လူတော်တော် များများကတော့ ကျွန်တော်နဲ့ ဒေါ်မေရီ အမြဲရန်ဖြစ်နေတာပဲလို့ ထင်လိမ့်မယ်။ ခင်ဗျား သူ့အကြောင်း မသိလို့။ သူသာ ခင်ဗျားဇနီးဆိုရင်လည်း ရန်မဖြစ်တဲ့နေ့ တစ်နေ့မှကို ရှိမှာ မဟုတ်ဘူး။ အင်မတန် ပဓိပစပ်များတာဗျ။ ကျွန်တော် သူ့အတွက် အားလုံးလုပ်ပေးတယ်ဗျာ။ သူ ပိုက်ဆံလိုချင်တယ်ဆိုလို့ ကျွန်တော် ပိုက်ဆံရှာပေးတယ်၊ ဒါလည်း သူက အကောင်းမမြင်ဘူး။ သူ့နာမည် သူ့ဂုဏ်သိက္ခာအတွက် ပကာသနကိစ္စတွေပဲ လျှောက်လုပ်တယ်ဗျာ။ ခင်ဗျား စဉ်းစားကြည့် ‥ သူက ‥"

www.burmeseclassic.com
မြွေသူတော်မောင်ခြိမ့်က မျက်လုံးကို မှိတ်ပြီး လက်ကာ ပြရင်း ..

"ခဏလေး ကိုဘခွေလေး .. ခဏလေး .. ကျုပ်က ခင်ဗျား ကိုယ်ရေးကိုယ်တာကို သိချင်တာ မဟုတ်ပါဘူး"

"သိချင်ချင် မသိချင်ချင် ကျွန်တော့်မှာ ကိုယ်ရေးကိုယ်တာ နဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ လျှို့ဝှက်မထားဘူး။ အခု ခင်ဗျား ကို ကျွန်တော်က ဘာပြောပေးရမလဲ"

"ရိုးထိုးစံရှိတဲ့ မေးခွန်းလေးတွေ ဖြေပေးရုံပါပဲ။ ဘာမှ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျား အခုချိန် မှာ စိတ်တွေလှုပ်ရှားနေလို့ မဖြေချင်သေးဘူးဆိုရင်လည်း နောက်နေ့မှ ထပ်လာခဲ့မယ်လေ"

"ရပါတယ် .. အခုပဲ မေးပါ"

"ခင်ဗျား စိတ်လှုပ်ရှား မနေဘူးဆိုတာ သေချာပါတယ်နော်"

"မေးမှာသာ မေးစမ်းပါဗျာ"

"ခင်ဗျား စိတ်မဆိုးပါဘူးနော် .. ကိုဘခွေလေး"

ဘခွေလေးက စိတ်မရှည်သလိုဖြင့် ခေါင်းကို ညိတ်ပြလိုက်သည်။ မြွေသူတော်မောင်ခြိမ့်က ဘခွေလေးကို မသိမသာ အကဲခတ်ရင်း သူ့ကုတ်အင်္ကျီအိတ်ထဲမှ မှတ်စုစာအုပ်လေးကို ထုတ်လိုက်၏။ စာရွက်များကို လှန်လှောရင်း ..

"မြန်မြန်ဆန်ဆန်ပဲ မေးမှာပါ .. သိပ် မကြာစေရပါဘူး။ ဒီလိုဗျာ .. လွန်ခဲ့တဲ့ ၅ ရက်လောက်က ကျုပ် လေယာဉ် ပျက်ကျတဲ့ နေရာကို ရောက်ခဲ့တယ်။ အဲ့ဒီမှာ တာဝန်ကျ




စစ်ဆေးနေတဲ့သူက ဆားပုလင်းသန်းအောင်တဲ့။ သူက ပြောတယ်ဗျ သိလား။ လေယာဉ်ပျက်ကျတဲ့အချိန်မှာ ခင်ဗျား ပတ်ထားတဲ့ ထိုင်ခုံခါးပတ်က ပြုတ်ထွက်နေတယ်ဆိုပဲ။ အဲဒါ ဘာလို့ ပြုတ်နေရတာလဲဆိုတာ ကျုပ်သိချင်လို့ .. အဲဒါ"

"သြော် .. ဒါလား"

ဘခွေလေးက မပြောသေးဘဲ တစ်စုံတစ်ခုကို စဉ်းစားဟန်နှင့် မသိမသာ ခဏငြိမ်သွားသည်။ ပြီးမှ ..

"ဒီလိုဗျ .. အဲဒီအချိန်တုန်းက လေယာဉ်ပေါ်က ဝါယာကြိုး တွေထဲကို လျှပ်စီး မဝင်တော့ဘူး။ လျှပ်စီးမဝင်တော့ဘူး ဆိုတော့ လေယာဉ်တစ်စီးလုံး မှောင်မည်းသွားတယ်လေ။ အဲဒါကြောင့် တွဲဖက်လေယာဉ်မှူးထိုင်ခုံရှေ့က အံ့ထဲမှာ ထားတဲ့ လက်နှိပ်ဓာတ်မီးကို ကျွန်တော်က လှမ်းယူတာ။ ခါးပတ်ပတ်ထားတော့ နောက်ဘက်ကို ပြန်ဆွဲထားသလို ဖြစ်နေတာနဲ့ ယူလို့မရဘူး။ အဲဒါကြောင့် ခါးပတ်ကို ဖြုတ်ပြီး လှမ်းယူလိုက်ရတယ်။ အဲဒီအချိန်မှာပဲ လေယာဉ်က ထိန်းလို့ မရတော့ဘူး ဖြစ်သွားတာ"

မြွေသူတော်မောင်ခြိမ့်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး နားထောင်နေ၏။ သူ့မျက်လုံးများကတော့ ဘခွေလေး၏ မျက်နှာပေါ်ရှိ အရိပ်အယောင်များကို မလွတ်စတမ်း အကဲခတ်နေသည်။ ဘခွေလေးဆီမှ စကားသံတိတ်သွားသည့်အခါမှ သူ့အိတ်ထဲက ခဲတံကို ဟိုစမ်း ဒီစမ်းနှင့် ရှာသယောင်ပြုသည်။

"ဖောင်တိန်လိုသလား ကိုမောင်ခြိမ့်"


www.burmeseclassic.com

www.burmeseclassic.com

မြွေသူတော်မောင်ခြိမ့်က လက်ကာပြရင်း သူ့အိတ်ထဲမှ ခဲတံတိုလေးကို ထုတ်ကာ မှတ်စုစာအုပ်ထဲတွင် တစ်စုံတစ်ခုကို ရေးခြစ်လိုက်၏။ ပြီးမှ ..

"ဩော် .. ဒီလိုကိုး .. ခင်ဗျားပြောမှပဲ ရှင်းတော့တယ်ဗျို့။ ကျေးဇူးပဲ ကိုဘဆွေလေးရေ"

"ရပါတယ် .. ခင်ဗျား သိချင်တာ ဒါပဲ မဟုတ်လား ကိုမောင်ခြိမ့်"

"ဩော် .. ခဏလေးပါ .. နည်းနည်းကျန်သေးတယ် .. ဟို ဟာလေဗျာ .. လေကြောင်းပြမြေပုံထည့်တဲ့ သေတ္တာလေ"

"အင် .. အဲဒီသေတ္တာက ဘာဖြစ်လို့လဲ"

"ဒီလိုလေဗျာ .. ကျုပ်က အံ့ဩနေတာ၊ အဲဒီသေတ္တာထဲမှာ စာရွက်မီးလောင်တဲ့ ပြာတစ်မှုန်မှတောင် ကပ်မနေတာကိုပဲ။ အဲဒီထဲမှာ ထည့်ထားတဲ့ မြေပုံစာရွက်တွေ၊ လေယာဉ်ပျံသန်းချိန်ကို ပြတဲ့ စာရွက်စာတမ်းတွေ ဘယ်လိုဖြစ်ပြီး ပျောက်သွားသလဲဆိုတာကို စဉ်းစားမရဘူး ဖြစ်နေတာ။ အဲဒါက .."

ဘဆွေလေးက မသိမသာ မျက်နှာပျက်သွားပြီး ..

"ဩော် .. ဒီလိုလေ .. အဲဒီအချိန်တုန်းက စောစောကပြောသလိုပဲ ဝါယာကြိုးတွေထဲကို လျှပ်စီးမဝင်တော့ဘူး။ အဲဒါကြောင့် လေယာဉ် လေကာမှန်ကို အပူပေးတဲ့စနစ် ပျက်သွားတယ်လေ .. ရေငွေ့ရိုက်ပြီး မှန်က မှုန်သွားတော့ ရှေ့ကို မမြင်ရတော့ဘူး။ အဲဒါကြောင့် ကျွန်တော်က လေယာဉ်ရဲ့ ဘေးတံခါးကို ဖွင့်လိုက်ရတယ်။ တံခါးဖွင့်တော့ အပြင်က လေတွေဝင် လာပြီး အထဲက ပစ္စည်းတွေကို လေအရှိန်နဲ့ စုပ်ယူသွားတယ်ဗျာ။ စာရွက်စာတမ်းတွေ အားလုံးလည်း လေထဲကို လွင့်ကျသွားတယ် .. ဒါပဲလေ"

"ဩော် .. တော်တော် စုပ်ယူနိုင်စွမ်းအားကောင်းတဲ့ လေပါလား .. ရှင်းပါပြီ .. ရှင်းပါပြီ"

မြွေသူတော်မောင်ခြိမ့်က သူ တစ်ခါမှ မကြုံဖူးသည့် အတွေ့အကြုံကို နားထောင်နေသူတစ်ယောက်လို ဘဆွေလေးကို အံ့ဩတကြီး ကြည့်ပြီး ပြောလိုက်၏။

"ကျေးဇူးပဲ ကိုဘဆွေလေးရေ .. ကျုပ် စုံထောက်လုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ ကျုပ်မေးတာကို အခုလောက် မြန်မြန်အဖြေရတာ တစ်ခါမှ မရှိဖူးဘူးဗျို့ .. ကျုပ်မလည်း ဗျာ .. သူများကို ဒီလိုတွေ လျှောက်မေးနေတာ လူမှုရေး နားမလည်ဘဲ ရိုင်းတဲ့လူတစ်ယောက်ဖြစ်နေပြီ ထင်ပါရဲ့ဗျာ"

"ဟာ .. ဒါက ခင်ဗျားအလုပ်ပဲလေဗျာ .. မေးရမှာပေါ့"

မြွေသူတော်မောင်ခြိမ့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း သူ့မျက်လုံးများက စားပွဲပေါ်တင်ထားသည့် အကော်ဒီယံကြီးဆီ ရောက်သွား၏။ သူက အကော်ဒီယံကို လက်ညှိုးဖြင့် ထိုးကြည့်လိုက်ပြီး ..

"ခင်ဗျားအကော်ဒီယံကြီးက တယ်လှသကိုး ကိုဘဆွေလေးရဲ့"

ဘဆွေလေးက အကော်ဒီယံကို ဆွဲမယူလိုက်ပြီး ..

"ဟုတ်တယ် .. ဒီအကော်ဒီယံကို ကျွန်တော် သိပ်မြတ်နိုးတာဗျ"

www.burmeseclassic.com



ဟု ပြောကာ ခလုတ်များကို နှိပ်ပြရင်း ဗေးသွား တစ်ပိုင်း တစ်စကို တီးလိုက်သည်။

"ဒီလို အကော်ဒီယံမျိုး မြန်မာနိုင်ငံမှာ ဒီတစ်ခုပဲ ရှိတယ်။ ဒီဟာက ဆိုင်မှာဝယ်လို့ရတာ မဟုတ်ဘူး။ ဘီလပ်မှာရှိတဲ့ ပင်ရင်းအလုပ်ရုံကို အော်ဒါမှာရတာ"

မြွေသူတော်မောင်ငြိမ်းက အံ့သြတကြီး ပါးစပ်အဟောင်းသား ဖြင့် ငေးကြည့်နေ၏။ မျက်လုံးများကတော့ မှေးစင်းလျက် ..

"ကျွန်တော်က ဒီအကော်ဒီယံကို ဘယ်လောက် တန်ဖိုးထား သလဲဆိုရင် လေယာဉ်စီးရင်ပဲ ဖြစ်ဖြစ်၊ ကားနဲ့ပဲ သွားရင် ဖြစ်ဖြစ် ဘေးနားက် အပိုတစ်ခုံသတ်သတ်ဝယ်ပြီး တင်ထား တာဗျ။ ဘယ်သွားသွား သူက ကျွန်တော့်ဘေးမှာ အမြဲပါနေ ကျလေ .. ဟား .. ဟား .."

ဟု ပြောပြီး ဘဆွေလေးက ခပ်တိုးတိုး ရယ်လိုက်သည်။

အကွက်ဝင်သွားသော မြွေသူတော်မောင်ငြိမ်းက ..

"ဒါဆိုရင်ဗျာ .. လေယာဉ်ပျက်ကျတဲ့နေ့ကရော ..။ ဒီ အကော်ဒီယံကို ဘာလို့ ခင်ဗျားနဲ့ တစ်ခါတည်း ယူမလာ ခဲ့တာလဲ"

စကားမှားသွားသော ဘဆွေလေးက မျက်နှာ တစ်ချက်ပျက် သွားသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆယ်လိုက်ပြီး ..

"ကျွန်တော့် အကော်ဒီယံပျက်စီးမှာဘာညာ စိုးရိမ်လို့ပေါ့ဗျ"

"စိုးရိမ်တယ် ဟုတ်လား .. ဘာကို စိုးရိမ်တာလဲ။ လေယာဉ် ပျက်ကျတဲ့အထဲ ပါသွားမှာကို စိုးရိမ်တာလား"

ဒက်ခနဲ ပြန်ထောက်လိုက်သော မြွေသူတော်မောင်ငြိမ်း အမေး ကြောင့် ဘဆွေလေး အနည်းငယ် စိတ်လှုပ်ရှားသွား၏။ ပြီးနောက် တံတွေးကို မသိမသာမျိုချလိုက်ပြီးမှ အကော်ဒီယံကို မြွေသူတော် မောင်ငြိမ်းရှေ့သို့ ထိုးပြရင်း ..

"မဟုတ်ပါဘူး .. ကျွန်တော်စိုးရိမ်တာက ဒီအကော်ဒီယံရဲ့ အစိတ်အပိုင်းတိုင်းဟာ တယုတယနဲ့ အနုစိတ်တပ်ဆင်ထား တာလေဗျာ။ ဒီဆက်ရာလေးတွေဆိုရင် ကော်နဲ့ကပ်ထားတာ လေဖိအားထိန်းညှိကိရိယာတပ်ထားတဲ့ ခရီးသည်တင် လေယာဉ်မှာဆိုရင်တော့ လေဖိအားအပြောင်းအလဲကြောင့် အကော်ဒီယံတစ်ခုခုဖြစ်မှာ မစိုးရိမ်ရဘူးပေါ့။ ဒါပေမဲ့ အဲဒီ နေ့က ကျွန်တော်တို့အတွက် တပ်က စီစဉ်ပေးတဲ့ လေယာဉ် က စက်စနာအမျိုးအစား လေယာဉ်ပေါက်စလေးဗျ။ စစ်တပ် မှာ ကင်းထောက်တဲ့ လေယာဉ်ဆိုတော့ လေဖိအားထိန်းညှိ တဲ့ ကိရိယာတွေ ဘာတွေ ဘယ်ပါမလဲ။ ဒီတော့ လေဖိအား အပြောင်းအလဲမှာ ကပ်ထားတဲ့ကော်တွေ ကွာကျသွားနိုင် တယ် .. အဲဒါကြောင့် ကျွန်တော်က ပီတာပြန်လာမယ့် ကားထဲမှာပဲ ထည့်ယူလာခိုင်းလိုက်တာ"

"ဩော် .. ကျေးဇူးပါဗျာ .. ဒီအချက်ကို စိတ်ရှည်ရှည်ထား ပြီး ရှင်းပြပေးလို့ ကျုပ် သိပ်ဝမ်းသာတယ်ဗျို့"

"ဟင် .. ဘာဖြစ်လို့ ဝမ်းသာရတာလဲ"

"ခင်ဗျားယောက်ဖ ပီတာက အဲဒီအချက်ကို သံသယဝင်နေ တာ .. ခင်ဗျားက လေယာဉ်ကို တမင်ပျက်ကျအောင် လုပ်ပြီး





www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မကို သတ်မှာမို့လို့ ခင်ဗျားသိပ်မြတ်နိုးတဲ့ အကော်ဒီယံကိုတောင် မယူသွားဘဲ သူနဲ့ ထည့်ပေးလိုက်တာလို့ ထင်နေတာလေ။ အခု ဒီအချက်ကိုလည်း ခင်ဗျားက ရေလည်အောင် ပြောပြလိုက်ပြီဆိုတော့ ရှင်းသွားပြီပေါ့ဗျာ''

''ဟုတ်လား . . ကောင်းပါပြီ၊ ဩော် . . ခင်ဗျားရော ကျွန်တော့်ကို ဘာမေးဖို့ ကျန်သေးလဲ''

''မရှိတော့ပါဘူး . . ကျေးဇူးတင်ပါတယ် ကိုဘဆွေလေး''

မြေသူတော်မောင်ခြိမ့်က ပြောရင်း ဘဆွေလေးကို လက်ဆွဲနှုတ်ဆက်လိုက်၏။

ဘဆွေလေးက . .


''ရပါတယ် . . ကိစ္စမရှိပါဘူး။ နောက်လည်း အကူအညီလိုရင် ပြောပါ''

မြေသူတော်မောင်ခြိမ့်က ခေါင်းညိတ်ပြကာ သူ့အမူအကျင့်အတိုင်း ငိုက်စိုက်ငိုက်စိုက်နှင့် လှည့်ထွက်သွားတော့၏။

ဘဆွေလေးကတော့ အန္တရာယ်နှံ့ကို ရလိုက်သည့် သားကောင်ပမာ သတိအနေအထားဖြင့် ကျန်ရစ်ခဲ့သည်။

■





## အခန်း(၅)

Piper E-2 Cub အမျိုးအစား လေယာဉ်လေးသည် မေမြို့အနီးစခန်း လေဆိပ်အနီးသို့ ပျံဝဲလာသည်။ ဗြိတိသျှလေတပ်ပျံသန်းရေး အကူတပ်ဖွဲ့မှ ဝရန်းအော်ဖစ်ဆာလုထွန်းဖြူက မောင်းနှင်လာခြင်းဖြစ်၏။ (သူသည် နောင်အခါ ဗမာ့လေကြောင်း ဘီအေစီတွင် လေယာဉ်မှူးကြီး ဖြစ်လာသည်)

ဝရန်းအော်ဖစ်ဆာ လုထွန်းဖြူက လေယာဉ်ကို ပြေးလမ်းပေါ်သို့ ညင်သာစွာ ဆင်းသက်လိုက်၏။ ထို့နောက် သူ့နံဘေး တွက်ဖက်လေယာဉ်မှူး ထိုင်ခုံတွင်လိုက်ပါလာသောသူ့သည်ကို လှည့်ကြည့်လိုက်သည်။ ကြောက်လန့်တကြားဖြင့် မျက်လုံးအစုံကိုမှိတ်ကာ အမိုးရှိလက်ကိုင်ကွင်းကို ကျွတ်ထွက်ပါမတတ် လက်နှစ်ဖက်ဖြင့် ကိုင်ထားသူကား အခြားမဟုတ်။ အင်းစိန် စီအိုင်ဒီမှ စုံထောက်အရာရှိ မြေသူတော် မောင်ခြိမ့်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝရန်းအော်ဖစ်ဆာလှုထွန်းဖြူက ..

"ဆရာ .. ဆရာ .."

ခေါ်သံက တိုးသောကြောင့်လား မပြောတတ်။ မျက်လုံး မပွင့်လာ။ ပခုံးကို တို့လိုက်မှ လန့်သွားသည် ထင်၏။ ဆတ်ခနဲ ထလာသည်။

"ဟင် .."

"ဆရာ .. ရောက်ပါပြီ ခင်ဗျာ .. ဆင်းလို့ရပါပြီ"

"ဪ .. အင်း .. အင်း"

မြွေသူတော်မောင်ဖြိုးက မျက်လုံးကို ခဏပြန်မှိတ်၊ ခေါင်းကို ဆတ်ခနဲ ခါယမ်းပြီး သက်ပြင်းတစ်ချက် 'ဟူး'ခနဲ မှုတ်လိုက်သည်။ ပြီးနောက် လေယာဉ်ပေါ်မှ ယိုင်ထိုးယိုင်ထိုးနှင့် ဆင်းလိုက်သည်။

ခြေနှစ်ချောင်း မြေပြင်ပေါ်ရောက်သွားသည့်တိုင် အမူးပြေသည့်ပုံ မပေါ်သေး။ လေယာဉ်ကိုယ်ထည်ကို ကိုင်ကာ ဆတ်ခနဲဖြစ်သွားသည့် ခန္ဓာကိုယ်ကို ထိန်းလိုက်ရသေး၏။ ဆေးပြင်းလိပ်လူသတ်မှု စုံစမ်းထောက်လှမ်းစဉ်အခါက မန္တလေး – မေမြို့အတက် ကားလမ်းဘေးရှိ ချောက်ထဲကို မိုးပျံကြိုးရထားစီးပြီး သွားစဉ်ကလည်း ထိုကဲ့သို့ပင် မြွေသူတော်မောင်ဖြိုးတစ်ယောက် ချွေးသီးချွေးပေါက်များကျအောင် ကြောက်ရွံ့ဖူးသေးသည်။

"ဆရာ .. ဆရာ .. နေကောင်းရဲ့လား"

မြွေသူတော်မောင်ဖြိုးက 'ရတယ်'ဆိုတဲ့ အဓိပ္ပာယ်ဖြင့် လက်ကို ကာပြလိုက်သည်။ ထို့နောက် သူက ချောင်းတစ်ချက်ဟန့်ကာ လည်ချောင်းရှင်းလိုက်ပြီး ..

"ကျေးဇူးပါပဲဗျာ .."

ဟုပြောကာ ယိုင်တီယိုင်တိုင်နှင့် ခေါင်းကိုငုံ့ပြီး လျှောက်သွားလိုက်သည်။ ထို့နောက် သူက သန့်ရှင်းရေးသုံး ကိရိယာများကို လက်တွန်းလှည်းဖြင့် သယ်ဆောင်လာသူတစ်ယောက်အား လက်ကာပြတားပြီး ..

"ဒီမှာဗျ .. ကိုဘဆွေလေး လေယာဉ်ပျက်ကျတဲ့ညက ဒီလေယာဉ်ကွင်းမှာ တာဝန်ကျသူ ဘယ်သူဆိုတာများ သိပါသလားဗျာ"

"ဟင် .. ခင်ဗျားက ဘယ်သူလဲ"

"ဒီလိုပါ .. ကျွန်ုပ်က စီအိုင်ဒီက အင်စပက်တာ မောင်ဖြိုးပါ။ ကိုဘဆွေလေးရဲ့အမှုကို စုံစမ်းနေတဲ့ သူပါ"

"ဪ .. ဟုတ်ကဲ့ .. အဲဒီနေ့က တာဝန်ကျတဲ့ သူက တပ်သားစောဘလှပါ။ သူ ဟိုဘက်မှာ ရှိပါတယ် ဆရာ"

"ကျေးဇူးပဲ"

မြွေသူတော်မောင်ဖြိုးက ထိုလူညွှန်ပြရာဆီသို့ ဖြည်းဖြည်းမှန်မှန် လျှောက်သွားလိုက်သည်။

"တစ်ဆိတ်လောက်ဗျာ"

ဟု အသံပြုလိုက်ရာ လေယာဉ်အစိတ်အပိုင်းများကို ငုံ့ပြီး စစ်ဆေးနေသည့် စောဘလှက ခေါင်းထောင်ကြည့်လိုက်ပြီး ..

"ဟုတ်ကဲ့ .."

"ကျုပ်က အင်းစိန်စီအိုင်ဒီက အင်စပက်တာမောင်ဖြိုးပါ"

ဟု ပြောပြီး ဝန်ထမ်းကတ်ပြားကို ထုတ်ပြလိုက်သည်။ ထိုအခါ





www.burmeseclassic.com

www.burmeseclassic.com

စောဘလှက လုပ်လက်စကို ချထားလိုက်ပြီး မြွေသူတော်မောင်ခြိမ့် ရှေ့သို့ လာရပ်၏။

"ဟုတ်ကဲ့ ဆရာ ‥ ကျွန်တော် ဘာအကူအညီများ ပေးရမလဲ ခင်ဗျာ"

"ကျုပ်က ကိုဘဆွေလေး လေယာဉ်ပျက်ကျမှုနဲ့ ပတ်သက်ပြီး နည်းနည်းလောက် မေးချင်လို့ပါ"

"ဪ ‥ အေးဗျာ ‥ ကျွန်တော်လည်း ကြားကြားချင်း တော်တော် စိတ်မကောင်းဖြစ်သွားမိသေးတယ် ‥ ကျွန်တော်က သူတို့လေယာဉ် ပျက်ကျသွားတယ်ဆိုရုံလောက်ပဲ သိတာလေ ‥ တခြား ဘာမှ မသိဘူး"

"ဟုတ်ကဲ့ပါ ‥ ကျုပ်က လေယာဉ်ပျက်မကျခင် ခင်ဗျား မြင်တွေ့လိုက်ရသလောက်အပိုင်းကိုပဲ မေးမှာပါ"

ထိုစကားကြောင့် စောဘလှက စိတ်သက်သာရာ ရသွားဟန်ဖြင့် ခေါင်းညိတ်၏။ မြွေသူတော်မောင်ခြိမ့်က ‥

"အဲ့ဒီညက ကိုဘဆွေလေး စီးသွားမယ့် လေယာဉ်ကို ခင်ဗျားက တာဝန်ယူစစ်ဆေးရတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ‥"

"အဲဒီတုန်းက ဘာများထူးခြားတာ တွေ့မိသေးသလဲဗျ"

"ဘာမှ မထူးခြားပါဘူး။ အားလုံး ပုံမှန်ပါပဲ။ ကျွန်တော်က ကိုဘဆွေလေးတို့ ကားနဲ့ရောက်လာကြတော့ ခရီးဆောင်အိတ် နှစ်လုံးကိုတောင် ကူသယ်ပေးလိုက်သေးတယ်"

"ခရီးဆောင်အိတ်ဆိုတာ ဘာကို ဆိုလိုတာလဲဗျ"





"ကားပေါ်မှာပါလာတဲ့ အမျိုးသမီးနှစ်ယောက်ရဲ့ အိတ်တွေ ဖြစ်မယ် ထင်တယ်။ သိပ်တော့ မကြီးဘူး။ အဝတ်အစား သုံးလေးစုံလောက်ပဲ ဆန့်မယ့် အိတ်ပါပဲ။ အဲ့ဒီအိတ်ကို ကျွန်တော်က ကားပေါ်ကနေ လေယာဉ်နောက်ပိုင်းက ပစ္စည်းထည့်တဲ့ အခန်းထဲကို ထည့်ပေးလိုက်တာလေ"

"ကိုဘဆွေလေးမှာရော အဲဒီလို ခရီးဆောင်အိတ် ပါသေးလား"

"အင်း ‥ မပါဘူးဗျ ‥ အဲ ‥ ဒါပေမဲ့ သူ့မှာ လေကြောင်းပြမြေပုံထည့်တဲ့ သေတ္တာတစ်လုံးတော့ ပါလာတယ်"

သူစိတ်ဝင်စားနေသော သေတ္တာအကြောင်းပါလာသဖြင့် မြွေသူတော်မောင်ခြိမ့်က ‥

"ခင်ဗျားက အဲဒီသေတ္တာကို သယ်ပေးတော့ရော အဲ့ဒီသေတ္တာက လေးသလား ပေါ့သလား"

"ဟင့်အင်း ‥ ကျွန်တော်က အဲဒီသေတ္တာကို မသယ်ပေးရဘူး။ ကိုဘဆွေလေးကိုယ်တိုင် ကိုင်ပြီး လေယာဉ်ခေါင်းခန်းထဲကို ယူသွားတာ"

"ဪ ‥ ဟုတ်လား ‥ ဒါဆိုတော့ လေယာဉ်တစ်စီးလုံးမှာ လူ ၃ ယောက်ရယ်၊ ခရီးဆောင်လက်ကိုင်အိတ်နှစ်လုံးရယ် လေကြောင်းပြမြေပုံထည့်ထားတဲ့ သေတ္တာလေးတစ်လုံးရယ် ဒါပဲပေါ့"

"အင်း ‥ ဟုတ်တယ်ဗျ ‥ အဲ ‥ နေဦး ‥ ကိုဘဆွေလေးရဲ့ လက်ထဲမှာ ဓာတ်ဘူးခပ်သေးသေးတစ်လုံးလည်း ကိုင်ထားသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဓာတ်ဘူး . . ဟုတ်လား"

"ဟုတ်ကဲ့ . . လေကြောင်းပြမြေပုံသေတ္တာထားတဲ့ ဘေးမှာပဲ အဲဒီဓာတ်ဘူးလေးကို တင်ထားလိုက်တာ ကျွန်တော် တွေ့တယ်။ ဘာမှတော့ အရေးကြီးမယ် မထင်ပါဘူး။ သာမန် ဓာတ်ဘူးတစ်လုံးပဲဟာ . . လေကြောင်းပြမြေပုံသေတ္တာထဲကို ဓာတ်ဘူးထည့်ဖို့ မဆန့်တော့လို့ လက်က ကိုင်လာတာ ဖြစ်မှာပေါ့ ဆရာရယ်"

မြွေသူတော်မောင်ခြိမ့်က မျက်လုံးများကို မှေးစင်းကာ စဉ်းစားလိုက်၏။ ပြီးမှ . .

"ဒါဆို လေယာဉ်ရဲ့ ခေါင်းပိုင်းမှာက ကိုဘဆွေလေးနဲ့အတူ လေကြောင်းပြမြေပုံသေတ္တာရယ်၊ ဓာတ်ဘူးတစ်လုံးရယ်၊ အမျိုးသမီး ၂ ယောက်ရယ်ပေါ့။ လေယာဉ်အမြီးပိုင်းမှာက ခနီးဆောင်အိတ်နှစ်လုံးပဲ ရှိတယ် . . အဲဒီလိုပေါ့ . . ဟုတ်စ"

"ဟုတ်ပါတယ် . . ဆရာ"


မြွေသူတော်မောင်ခြိမ့်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး သူ့မှတ်စုစာအုပ်လေးထဲသို့ ရေးမှတ်လိုက်၏။

"ကျေးဇူးပဲ ကိုဘောဘလှရေ . ."

■







## အခန်း(၆)

ညယာဉ်ပွဲများနှင့် တီးပါတီတို့တွင် ဘဆွေလေး၏ ဖျော်ဖြေမှုကို အမြဲမပြတ် လိုက်လံအားပေးလေ့ရှိသော ဂီတဝါသနာရှင်လေး စောယဉ်နွဲ့မှာ ကောလိပ်ကျောင်းသူတစ်ယောက် ဖြစ်သည်။

အခုလည်း စောယဉ်နွဲ့က ဘဆွေလေး၏ ဖိဖိစီးစီးသင်ကြားပေးမှုကြောင့် မြန်မာသံကိုသာမက အနောက်တိုင်းတေးသီချင်းများကိုပင် ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်လာပြီ ဖြစ်၏။

"အစောက တော်လိုက်တာကွာ . . ကိုကြီးက သိပ်တောင် မသင်ပေးရဘူး . . တတ်နေပြီ"

ဘဆွေလေးက ပြောရင်း စောယဉ်နွဲ့၏ ပခုံးကို ဖက်လိုက်သည်။ စောယဉ်နွဲ့က ဆတ်ခနဲတုန်သွားပြီး မသိမသာ ရုန်းလိုက်၏။ ဘဆွေလေးက သတိထားမိသွားပြီး . .



www.burmeseclassic.com

www.burmeseclassic.com

"အစောကလည်းကွာ ‥ ကိုယ်က အစောနား ကပ်လာပြီဆိုရင် ဘာလို့ တွန့်သွားရတာလဲ။ ဘာလဲ ကိုကြီးကို ကြောက်လို့လား"

"မဟုတ် ‥ မဟုတ်ပါဘူး ‥ ဟို ‥ ဟို ‥"

"ဘာလဲ ‥ အစောက ဘာကို စိတ်ပူနေလို့လဲ ‥ ကိုကြီးက အစောရဲ့ အနာဂတ်ကို လှပအောင် ဖန်တီးပေးမယ့်သူပါ။ ကိုကြီးမှာ အစောအတွက် စီစဉ်ထားတာတွေ အများကြီးရှိတယ်။ ဒါမှ အစော မကျေနပ်သေးဘူးဆိုရင် အစော ဘာဖြစ်ချင်လဲ ‥ ဘာလိုချင်လဲ ‥ ပြော။ ကိုကြီး အားလုံး လုပ်ပေးမယ်"

"အဲဒီလို မဟုတ်ပါဘူး ကိုကြီးရယ် ‥ ဟိုလေ ‥ ကိုကြီးရဲ့ မိန်းမက ဆုံးသွားတာ မကြာသေးဘူးဆိုတော့ ပတ်ဝန်းကျင်အမြင်မှာ မသင့်တော်ဘူးလားလို့ပါ။ ပြီးတော့ ဒယ်ဒီသိသွားမှာလည်း စောကြောက်တယ်"

"အင်း ‥ ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ အစောကလည်း ကိုကြီးကို ပြန်နားလည်ပေးရမှာ တစ်ခုရှိတယ်။ ကိုကြီးက ကိုကြီးရဲ့မိန်းမကို ဘယ်တော့မှ မချစ်ခဲ့ဘူးဆိုတာကိုပဲ။ ကိုကြီးက ဟောဒီက အစောကိုပဲ ချစ်တာ"

စောယဉ်နွဲ့က ဘဆွေလေးကို မော့ကြည့်ကာ သက်ပြင်းတစ်ချက် ခပ်လေးလေးချလိုက်၏။ ထိုစဉ် ‥

"ဒုန်း ‥ ဒုန်း ‥ ဒုန်း"

အိမ်ရှေ့မှ တံခါးခေါက်သံကြားလိုက်ရသည်။





"ဝင်ခဲ့ပါ ‥ တံခါးက စေ့ရုံတင် စေ့ထားတာပါ"

ဟု ပြောလိုက်ရင်း တံခါးဝဆီသို့ လှည့်ကြည့်လိုက်ရာ တံခါးကို တွန်းဖွင့်ပြီး ခေါင်းပြူလာသူ မြွေသူတော်မောင်ခြိမ့်ကို တွေ့လိုက်ရ၏။

မြွေသူတော်မောင်ခြိမ့်က ဘဆွေလေးနှင့် စောယဉ်နွဲ့တို့ကို အကဲခတ်လိုက်ရင်း ‥

"သြော် ‥ ကျုပ်ကြောင့် အနှောင့်အယှက်ဖြစ်သွားပြီလား မသိဘူး"

"ရပါတယ် ‥ မဖြစ်ဘူး ‥ မဖြစ်ဘူး။ ဝင်ခဲ့ပါ ကိုမောင်ခြိမ့်"

မြွေသူတော်မောင်ခြိမ့်က ရွံ့တွန့်တွန့်အမူအရာဖြင့် လှမ်းဝင်လာ၏။

ဘဆွေလေးက စောယဉ်နွဲ့ကို ကြည့်ပြီး ‥

"အစော ‥ ခုနက ကိုယ်သင်ပေးလိုက်တဲ့ သီချင်းပိုဒ်လေးကို အိမ်မှာ ပြန်လေ့ကျင့်ထားနော်"

စောယဉ်နွဲ့က ခေါင်းညိတ်ပြီး သူမ၏ ပစ္စည်းများကို သိမ်းကာ အိမ်ထဲမှ ခပ်သုတ်သုတ်ထွက်သွား၏။ မြွေသူတော်မောင်ခြိမ့်က ခပ်ရှိန်ရှိန်အမူအရာဖြင့် ဘာမှမသိသလို ဟိုဒီလိုက်ငေးကြည့်နေသည်။ ဘဆွေလေးက ညှော်ခန်းထဲရှိ ထိုင်ခုံရှိရာသို့ တုတ်ကောက်ကို အားပြုကာ သွားရင်း ‥

"ကဲ ‥ ကိုမောင်ခြိမ့်ရေ ‥ ကာဖီရည်လေးများ သုံးဆောင်ဦးမလားဗျို့"

www.burmeseclassic.com

“နေပါစေဗျာ ‥ ကျုပ်က ရှမ်းပြည်ကလာတဲ့ ဓော်ဘွား နှုတ်ခမ်းမွေး လက်ဖက်ခြောက်ကို အခါးရည်ကျကျလေး လုပ်ပြီး သောက်ရတာကိုပဲ ပိုပြီး ကြိုက်ပါတယ်ဗျာ ‥ ဩော် ‥ ဒါနဲ့ ခင်ဗျားတောင် ချိုင်းထောက်မပါဘဲ တုတ်ကောက် သုံးပြီး လမ်းလျှောက်နိုင်နေပြီနော်”

ဘဆွေလေးက ခုံမှာ ဝင်ထိုင်လိုက်ရင်း ‥

“အင်း ‥ ဟုတ်တယ်ဗျ”

ဟု အရေးမကြီးသလို ပြန်ဖြေ၏။

“စောစောက မိန်းကလေးက ချစ်စရာလေးပဲနော်”

မြွေသူတော်မောင်ခြိမ့်က ပြောလိုက်သည်။

ဘဆွေလေးက ‥

“ဟုတ်တယ် ‥ စောယဉ်နွဲ့က အရမ်းလှတယ် ‥ သူက ယုဒသန်ကောလိပ်က ကောလိပ်ကျောင်းသူတစ်ယောက်ပေါ့။ တယည့်လည်း တယည့်ဆိုတော့ ကျွန်တော် အခုလို ခြေထောက် ဒဏ်ရာရပြီး နေထိုင်မကောင်းတဲ့အချိန်မှာ သူ့ကိုပဲ အားကိုး နေရတာပေါ့ဗျာ”

“ဩော် ‥ ဩော် ‥”

မြွေသူတော်မောင်ခြိမ့်က ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး သဘောကျဟန်ဖြင့် ဘဆွေလေးကို ပြုံးကြည့်နေ၏။ ဘဆွေလေးက ‥





“ဘယ်လိုလဲ ကိုမောင်ခြိမ့် ‥ ပီတာက တောင်စဉ်ရေမရ တွေ ပြောလိုက်ပြန်ပြီ မဟုတ်လား။ ခင်ဗျားမလည်းနော် ‥ အဲဒီကောင် စိတ်ရူးပေါက်တိုင်း လျှောက်ပြောနေတာနဲ့ ကျွန်တော့်ကို လာလာစစ်မေးနေရတာ သိပ်တော့ မဟုတ် သေးဘူးဗျို့”

“အင် ‥ ခင်ဗျားကိုတော့ အားနာပါတယ်ဗျာ။ ဒါပေမဲ့ အခု လာရတာက ပီတာကြောင့် မဟုတ်ဘူးဗျို့။ ကျုပ်တို့ရဲ့ ရဲမင်းကြီး နိုင်းလို့ပါဗျာ။ ခင်ဗျားက နာမည်ကြီးတစ်ယောက် မဟုတ်လား။ နာမည်ကြီးတစ်ယောက် ဒီလောက် အသက် အန္တရာယ်ရှိလောက်အောင်ဖြစ်ခဲ့တဲ့ကိစ္စဆိုတော့ ကျုပ်တို့ ရဲမင်းကြီးက တော်ရုံလျော်ရုံနဲ့ အမှုပြီးသွားတာမျိုး မဖြစ်စေ ချင်ဘူးနဲ့ တူပါရဲ့ဗျာ။ ပြတ်နေတဲ့ ကွင်းဆက်ကလေးတွေ မှန်သမျှ အားလုံး တစ်စုစည်းတည်းဆက်စပ်ပြီး ရုပ်လုံးပေါ် စေချင်ဟန် ရှိတယ်။ ဘယ်ကွင်းဆက်ကိုမှ အပြတ်မခံဘူး ဆိုတဲ့ သဘောပေါ့။ ရဲမင်းကြီးလုပ်တာနဲ့ ကျုပ်လည်း ရှုတော့ မယ်ထင်ပါရဲ့ဗျာ ‥ ဟူး ‥ မလွယ်ဘူး”

မြွေသူတော်မောင်ခြိမ့်က ပြောပြီး တကယ်ကို စိတ်ပျက်နေ သည့်ဟန်ဖြင့် သူ့ခေါင်းက ဆံပင်ဘုတ်သိုက်ကြီးထဲ လက်ချောင်းများ ထိုးသွင်းကာ ကုတ်ဖွလိုက်၏။

ဘဆွေလေးက ကော်ဖီခွက်ကို တစ်ကျိုက်မော့သောက် လိုက်ပြီး ‥



www.burmeseclassic.com

"ခင်ဗျားတို့ အစိုးရဝန်ထမ်းတွေ အဲဒါတွေ ခက်တာပေါ့ဗျာ။ ခင်ဗျားလို ထူးချွန်တဲ့ စုံထောက်တစ်ယောက်ကို တကယ့် ရာဇဝတ်မှုတွေမှာ ထောက်လှမ်းဖို့ တာဝန်ပေးသင့်တာပေါ့ ဗျာ။ အခုတော့ ခင်ဗျားကို ကျွန်တော့်အနားလာပြီး ချစ်တီး ခေါင်း သန်းအရှာခိုင်းနေတော့ ခက်ပါဘီဗျာ။ အံ့ပါရော . ."

"ဘယ်တတ်နိုင်မလဲဗျာ။ အစိုးရဝန်ထမ်းလုပ်ပြီဆိုမှတော့ သူ့ဆန်စား ရဲရပြီပေါ့။ အဆိုးနဲ့အကောင်း တွဲယူရတဲ့ သဘော ပေါ့ဗျာ"

"ကဲ . . ဒါဆိုလည်း ခင်ဗျား မေးစရာရှိတာ မေးတော့လေဗျာ"

မြွေသူတော်မောင်ခြိမ့်က ခေါင်းကို တချက် ဆတ်ခနဲ ညိတ်ပြီး သူ့အိတ်ထဲက မှတ်စုစာအုပ်လေးကို ထုတ်ကာ လှန်ကြည့်လိုက်ရင်း . .

"အင်း . . ပထမဆုံးသိချင်တာတစ်ခုက ဓာတ်ဘူးအကြောင်း ပဲ ကိုဘဆွေလေးရဲ့"

မြွေသူတော်မောင်ခြိမ့်ထံမှ ကြားလိုက်ရသော အမေးကြောင့် ဘဆွေလေးတစ်ယောက် အနည်းငယ် စိတ်လှုပ်ရှားသွားပြီး သောက်လက်စ ကော်ဖီခွက်ကို စားပွဲပေါ် 'ဒုန်း'ခနဲ အသံမြည်အောင်ပင် ချလိုက်၏။

မြွေသူတော်မောင်ခြိမ့်က ဆက်ပြီး . .

"ဓာတ်ဘူးတစ်လုံးကို ခင်ဗျားလေယာဉ်ပေါ် သယ်သွားသေး တယ် မဟုတ်လား ကိုဘဆွေလေး"

"အဲဒီတော့ ဘာဖြစ်လဲဗျ"





ဘဆွေလေးက လေသံကို အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးစားပြီး မေးလိုက်၏။

မြွေသူတော်မောင်ခြိမ့်က . .

"စိတ်မရှိပါနဲ့ဗျာ . . အဲ့ဒီ ဓာတ်ဘူးအကြောင်း နည်းနည်း လောက် ပြောပေးနိုင်မလားဗျာ"

"လေယာဉ်ပေါ် ဓာတ်ဘူးသယ်သွားတာ ဘာများ ထူးဆန်း သလဲဗျာ။ လေယာဉ်မောင်းတဲ့သူတိုင်း ကာဖီရည်ဖျော် ထည့်ပြီး ယူသွားနေကျပဲလေ . . ဘာများ အရေးကြီးလို့လဲ"

"ကော်ဖီ . . ဟုတ်လား"

မြွေသူတော်မောင်ခြိမ့်က တစ်ကိုယ်တည်း ရေရွတ်လိုက်ရင်း မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လိုက်၏။

"အဲဒီ ကာဖီရည်ဓာတ်ဘူးက လေယာဉ်ပျက်ကျတဲ့ကိစ္စ ဘာများ ဆိုင်လို့လဲဗျာ"

"ကော်ဖီထည့်တဲ့ဓာတ်ဘူးကို အခုထိ ရှာမတွေ့လို့လေ . . လေယာဉ်ပျက်ကျတဲ့နေရာမှာ ဓာတ်ဘူးကို မတွေ့ဘူးလို့ ကျူပ်ရဲ့တပည့် ဆားပုလင်းသန်းအောင်က ပြောတယ်ဗျ"

"အဲဒီတော့ . ."

"အခင်းဖြစ်ပွားရာနေရာမှာ တခြားပစ္စည်းတွေ အားလုံး တွေ့ ရပြီးတော့ ဒီဓာတ်ဘူးလေးတစ်လုံးပဲ မတွေ့ဘူးဖြစ်နေတယ်။ အဲဒါ မဆန်းဘူးလား ကိုဘဆွေလေးရဲ့"

"ဟာဗျာ . . ဒီဓာတ်ဘူးလေးတစ်လုံး မတွေ့တာများ အရေးကြီး ခွင်ကျယ်လုပ်ရတယ်လို့ဗျာ . . ခင်ဗျားတို့ကလည်း"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားအတွက်တော့ ဟုတ်တာပေါ့ ကိုဘဆွေလေးရယ်။ ဒါပေမဲ့ ကျုပ် စောစောက ပြောခဲ့သလိုပဲ ‥ အမှုတစ်ခုမှာ ကွင်းဆက်တွေပြတ်နေရင် ကျုပ်တို့ အထက်အရာရှိက ဆူတယ်ဗျ။ ပြီးတော့ အဲဒီလို ကွင်းဆက်လေးတွေ ချိတ်လို့မရ မချင်း အမှုက ပိတ်လို့ရမှာမဟုတ်ဘူး"

"အင်း ‥ ဒါလည်း ဟုတ်တာပါပဲလေ ‥"

"အဲဒါပဲဗျာ ‥ ပြဿနာက ‥ အဲဒီဓာတ်ဘူးကို ရှာမတွေ့တော့ ကျုပ်ဖြင့် ဘယ်လိုအစီရင်ခံစာရေးရမှန်း မသိဘဲ အခက်တွေ့နေတာပဲဗျို့"

မြေသူတော်မောင်ခြိမ့်က သရုပ်ဆောင်ကောင်းကောင်းနှင့် ထိုင်ခုံနောက်မှီကို စိတ်ပျက်လက်ပျက် မှီချလိုက်၏။

ဘဆွေလေးက ‥

"ကဲ ‥ ဒါဆိုလည်း ကိုမောင်ခြိမ့်ရယ် ‥ ဒီလိုရေးရင်ရော မရဘူးလား"

"ဟင် ‥ ဘယ်လိုလဲ"

မြေသူတော်မောင်ခြိမ့်က မျှော်လင့်ကြီးစွာဖြင့် မျက်လုံးများ လက်ခနဲ တောက်ကာ အလောတကြီးမေးလိုက်၏။

"ဒီလိုလေဗျာ ‥ လေယာဉ်ပျက်ကျတုန်းက တခြားပစ္စည်းတွေတောင် မီးလောင်သွားသေးတာပဲ။ ဓာတ်ဘူးကိုလည်း မီးလောင်သွားပြီလို့ ရေးလိုက် ပြီးရောဥစ္စာ"

"ဟုတ်တယ် ‥ ကျုပ်လည်း အဲဒီလို ရီပို့ (Report) ရေးတင်ဖို့ စဉ်းစားသေးတယ်ဗျ သိလား။ ဒါပေမဲ့ ကျုပ် ဓာတုဗေဒ ဓာတ်ခွဲခန်းကို လှမ်းမေးပြီး စုံစမ်းကြည့်တော့ ဓာတ်ဘူးဆိုတာ အတွင်းသားက အပူဒဏ်ခံနိုင်အောင် သတ္တုစပ်နဲ့ လုပ်ထားတာမို့လို့ မီးမလောင်နိုင်ဘူးလို့ ပြောတယ်ဗျ။ ဟူး ‥ ခက်တယ်ဗျာ"

မြေသူတော်မောင်ခြိမ့်၏ စကားကြောင့် ဘဆွေလေး ရုတ်တရက် ငိုင်ကျသွား၏။

"သြော် ‥ အဲဒီလိုလား"

"ဟုတ်တယ်ဗျာ ‥ အဲဒါကြောင့် ရီပို့ထဲထည့်ရေးဖို့ ခွကျနေတာဗျို့"

မြေသူတော်မောင်ခြိမ့်က အထက်အရာရှိက သူ့ကို ဖိအားပေးတာကြောင့် တကယ်ပင် စိတ်ညစ်နေသည့် မျက်နှာဖြင့် ညည်းညည်းညူညူ ပြောလိုက်သည်။

ဘဆွေလေးက ‥

"ဒီလိုတော့ ဆင်ခြေပေးလို့ ရတယ်လေ ‥ လေယာဉ်ပျက်ကျတုန်းက ကျွန်တော့်လို လေးတဲ့ခန္ဓာကိုယ်တောင် အဝေးကြီးကို လွင့်စင်ထွက်သွားသေးတာပဲ။ ဘယ်လောက်ထိ အရှိန်ပြင်းသလဲဆိုရင် ခြေထောက်တောင် အရိုးအက်သွားတယ် မဟုတ်လား။ အဲဒါကြောင့်မို့လို့ ပေါ့ပါးတဲ့ ဓာတ်ဘူးသည်း ပေပေါင်းရာချီအောင် ဘယ်ဆီဘယ်ဝယ်မှန်းမသိတဲ့ တစ်နေရာကို လွင့်စင်ထွက်သွားနိုင်တာပေါ့"

ဘဆွေလေး၏အပြောကြောင့် မြေသူတော်မောင်ခြိမ့်က ရုတ်ခနဲ အသိထူးရသွားသည့်လူလို မျက်နှာတစ်ခုလုံးဝင်းပြိန်သွားရင်း ‥

www.burmeseclassic.com

www.burmeseclassic.com

"လွှင့်စင်သွားတယ် ဟုတ်လား ‥ မဆိုးပါဘူး ‥ မဆိုးပါဘူး။ အဲဒီလိုရေးရင်တော့ လက်ခံလိမ့်မယ် ထင်ပါတယ်"

ခေါင်းကို တဆတ်ဆတ်ညိတ်ကာ မှတ်စုစာအုပ်ထဲ ရေးမှတ်လိုက်သည်၊ ပြီးနောက် သူက ဘဆွေလေးကို လက်ဆွဲနှုတ်ဆက်ကာ ‥

"ကျေးဇူးတင်လိုက်တာ ကိုဘဆွေလေးရာ ‥ ခင်ဗျားက ကျုပ်ကို အများကြီး အကူအညီပေးလိုက်တာပါပဲ"

ဘဆွေလေးလည်း အခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် 'ရပါတယ်' ဟု ခပ်တိုးတိုး ပြန်ပြောလိုက်သည်။ မြေသူတော်မောင်ခြိမ့်လည်း မှတ်စုစာအုပ်လေးကို ဖွင့်ကြည့်ကာ ငိုက်စိုက်ငိုက်စိုက်ဖြင့် နေရာမှ လှည့်ထွက်သွားတော့၏။

အိမ်တံခါးဝသို့ ရောက်သည့်အခါမှ သူ့အမူအကျင့်အတိုင်း မြေသူတော်မောင်ခြိမ့်က အခုမှ ရုတ်တရက် တစ်စုံတစ်ခုကို စဉ်းစားမိသွားဟန်ဖြင့် လှမ်းနေသောခြေအစုံကို ရပ်လိုက်ရင်းက ဘဆွေလေးဘက်သို့ ပြန်လှည့်ကာ ‥

"သြော် ‥ မေ့တော့မလို့ ‥ ကိုဘဆွေလေးရေ ‥ ကျုပ်က ခင်ဗျားနဲ့တွေ့ရင် မေးမယ် ‥ မေးမယ်နဲ့ မမေးဖြစ်တာလေး တစ်ခု ရှိသေးတယ်ဗျ"

"ဘာများပါလိမ့်"

မြေသူတော်မောင်ခြိမ့်က ဘဆွေလေးအနားသို့ ပြန်လျှောက်လာပြီး ‥

"ခင်ဗျားက ဘယ်အရွယ်ကစပြီး လေယာဉ်မောင်းတတ်တာလဲ"





"သြော် ‥ အဲဒါကို ခင်ဗျား မသိဘူးကိုး။ ကျွန်တော်က ကျွန်တော့်နောက်ကြောင်းတွေအားလုံးကို ခင်ဗျားတို့ စုံစမ်းထားပြီးပြီလို့တောင် ထင်နေတာ"

"ဟာ ‥ မစုံစမ်းပါဘူး။ အဲဒါ လူတွေက ကျုပ်တို့ကို အထင်လွဲနေတာဗျ။ ကျုပ်တို့ စီအိုင်ဒီက လူတိုင်းရဲ့ နောက်ကြောင်းရာဇဝင်ကို ဖိုင်လေးတစ်အုပ်ကောက်လှန်လိုက်တာနဲ့ အားလုံးခရေစေ့တွင်းကျသိပြီလို့ အောက်မေ့နေကြတာ ‥ အဲဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲဗျာ ‥ ကျုပ်တို့ မသိတာတွေလည်း ရှိတာပေါ့ ‥"

"ကောင်းပါပြီဗျာ ‥ ဒါဆိုရင်လည်း ကျွန်တော်က ပြောပြမှာပေါ့။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလမှာ မြန်မာပြည်မှာရှိတဲ့ လေတပ်အုပ်ချုပ်မှုကို ကပ္ပတိန် မင်းနှင်းဆီကနေ လေကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဒီအက်ဖ်စတီဗင်ဆင်က လွှဲယူလိုက်ကတည်းက ကျွန်တော်က လေတပ်ထဲမှာ ကော်ပိုရယ် ဖြစ်နေပြီဗျ။ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ မင်္ဂလာဒုံလေဆိပ်ကို ဂျပန်တွေက ဗုံးကြဲလိုက်တော့ ကျုပ်တို့ လေယာဉ်မှူးသင်တန်းလည်း တစ်ပိုင်းတစ်စနဲ့ ရပ်သွားတာပေါ့ဗျာ။ ဒါနဲ့ပဲ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ကို ရောက်တော့မှ သင်တန်းပြီးအောင် ဆက်တက်ရတယ်ဗျို့"

"ဟုတ်လား ‥ နောက်တော့ရော ဘယ်လိုကတာယ်လို တပ်ထဲက ထွက်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"နောက်တစ်နှစ်လောက်ကြာတော့ ဗိုလ်ချုပ်ကြီးဝေဘဲလ်က အိန္ဒိယမှာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ တည်ထောင်တော့ ကျွန်တော်က Squadron Leader ဖြစ်တဲ့ ဗိုလ်ချုပ် ဂျိုးဆက်ဟယ်လ်ဗင်ရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ရသေးတာကိုး။ ဒါပေမဲ့ ကျုပ်နဲ့ စစ်တပ်နဲ့က အကျိုးမပေးဘူးလို့ ဆိုရမယ်။ ထူးထူးချွန်ချွန် မဖြစ်ခဲ့ဘူးပေါ့ဗျာ။ တကယ်ထူးချွန်တာက နောက်အသုတ်ကျမှ အိန္ဒိယမှာ စစ်ပညာသင်ဖို့ ရောက်လာတဲ့ သခင်ဗိုလ်နဲ့ ကိုဝင်းမောင်တို့ပဲဗျ။

(သခင်ဗိုလ်ကား ကာလကတ္တားလေယာဉ်ကွင်းမှ အတက်တွင် လေယာဉ်ပျက်ကျပြီး ကွယ်လွန်သွားခဲ့သည်။ ကိုဝင်းမောင်ကတော့ နောင်အခါ မြန်မာနိုင်ငံ၏ သမ္မတကြီးမန်းဝင်းမောင် ဖြစ်လာသည်)

(မှတ်ချက်။ ။ ဖက်ဆစ်တော်လှန်ရေးအတွက် မြန်မာနိုင်ငံတွင်းသို့ လေထီးဖြင့်ဆင်းရင် လေ့ကျင့်သင်ကြားထားသူ ဦးအုန်းမောင်မှာ နောင်အခါ "လေထီးဦးအုန်းမောင်"အမည်ဖြင့် နိုင်ငံရေးလောကတွင် ထင်ရှားကျော်ကြားခဲ့သည်။)

နောက်တော့ ကျွန်တော်တို့ကို တာဝန်ပေးတဲ့ မဟာမိတ်ပုံးကြီးလေယာဉ်ရဲ့ လက်ချက်နဲ့ ဗိုလ်တထောင်စေတီတော်ကြီး ပြိုကျတာကို မျက်ဝါးထင်ထင် မြင်ရတော့ ကျွန်တော်လည်း စိတ်ပျက်ပြီး တပ်ထဲက ထွက်လိုက်တယ်ဗျာ"

"ဟုတ်တယ်ဗျို့ .. အဲဒီတုန်းက ကျုပ်တောင် ဓာတ်တော်တွေ ဘာတွေ သွားဖူးလိုက်သေးတယ်"

(ထိုသို့ ပုံကြီးခံရစဉ်က ပေါ်ထွက်လာသော ဓာတ်တော်များကို ယခုတိုင် အများပြည်သူ ဖူးမျှော်နိုင်အောင် ဗိုလ်တထောင်စေတီတော်တွင် ပြထားဆဲဖြစ်သည်)





"ကဲ .. ခင်ဗျား ဘာသိချင်သေးလဲ"

"ရပါပြီ .. ရပါပြီ .. ကျေးဇူးတင်ပါတယ် ကိုဘဆွေလေး။ ပြန်ခွင့်ပြုပါဦးခင်ဗျာ"

ထိုစဉ် တယ်လီဖုန်းမြည်လာသည်။

"ကလင် .. ကလင် .. ကလင်"

ဘဆွေလေးက မြွေသူတော်မောင်ဖြိုးရှေ့တွင် တယ်လီဖုန်းမထူးချင်ဟန်ဖြင့် တစ်ချက် တွန့်ဆုတ်သွားသည်။ လှုရိပ်လှုကဲ့ပါးသော မြွေသူတော်မောင်ဖြိုးက ပြန်တော့မည့်ဟန်ဖြင့် လက်ကာပြကာ အိမ်ထဲမှ လှည့်ထွက်လာခဲ့၏။

ဘဆွေလေးက တယ်လီဖုန်းခွက်ကို ကောက်ကိုင်ရင်း ..

"ဟုတ်ကဲ့ .. ဘဆွေလေး ပြောနေပါတယ် .. သြော် .. မောင်သိန်းလား .. ဘာကိစ္စရှိလို့လဲ"

" x x x x x"

"ဟေ့ကောင် .. ငါ့မိန်းမရှိစဉ်က ဘာကတိတွေပဲ ပေးထားပေးထား။ ငါ ဂရုမစိုက်ဘူးကွာ။ အဲဒီမြို့က မြေနီစပယ်လုကြီးတွေ အားလုံးကို ပြောလိုက် .. ငါ့မိန်းမလျှာမယ့်ကိစ္စမှန်သမျှ တစ်ပြားတစ်ချပ်မှ မလှူဖြစ်တော့ဘူးလို့သာ အပြတ်ပြောလိုက်ပေတော့ .. ကြားလား

"x x x x x"

"အေး .. ဒါပဲ"

ဘဆွေလေးက တယ်လီဖုန်းခွက်ကို ဖုန်းပုခက်ပေါ်သို့ပြန်ချဖြစ်သေးဘဲ ခေတ္တကိုင်သွားစဉ် ..



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆိတ်လောက်ဗျာ"

နောက်ဘက်မှအသံကြောင့် အတွေးထဲ နစ်မျောနေသည့် ဘဆွေလေးက လန့်ပြီး လှည့်ကြည့်လိုက်ရာ မြွေသူတော်မောင်ခြိမ့်ကို တွေ့လိုက်ရပြန်၏။ ဘဆွေလေးစိတ်ထဲ အနည်းငယ် ကသိကအောက် ဖြစ်သွားမိသည်။

"ကိုမောင်ခြိမ့်ရာ ‥ ခင်ဗျားတို့ ပုလိပ်တွေက ဒီလို နိုးကြောင် နိုးဝှက်လည်း လုပ်တတ်သေးသကိုး။ ကျွန်တော်ဖြင့် လန့်သွားတာပဲ"

"စိတ်မရှိပါနဲ့ဗျာ ‥ မေးဖို့ တစ်ခု ကျန်သွားလို့ပါ"

"ဘာလဲဗျ"

"ခင်ဗျား ‥ လေယာဉ်မတက်ခင်တုန်းက မိုးလေဝသဌာနကို ရာသီဥတုအခြေအနေ လှမ်းမေးသေးတယ်နော်"

"အင်း ‥ ဟုတ်တယ်လေ ‥ အဲဒါက လေယာဉ်မှူးတိုင်း လုပ်နေကျအလုပ်ပဲ ‥ ဘာဖြစ်လို့လဲ"

"ဒီလိုလေ ‥ အဲဒီနေ့က ရန်ကုန်မှာ မုန်တိုင်းဝင်မှာမို့လို့ မိုးလေဝသဌာနက နာရီဝက်အတွင်း အမြန်ဆုံး ပျံတက်နိုင်မှ မုန်တိုင်းနဲ့လွတ်မယ်လို့ သတိပေးလိုက်တာ မဟုတ်လား။ မိုးလေဝသအရာရှိကတော့ အဲဒီအတိုင်း ထွက်ဆိုထားတယ်ဗျ"

ဘဆွေလေးက ထိုမေးခွန်းကို မျှော်လင့်ထားပြီးသား ဟန်ဖြင့် ‥

"ဟုတ်ပါတယ် ‥ ကျွန်တော်လည်း သူပြောတဲ့အတိုင်း နာရီဝက်အတွင်း ထွက်ဖို့ပါပဲ။ ဒါပေမဲ့ ဟိုလူ့နှုတ်ဆက်ရ ဒီလူ့နှုတ်ဆက်ရနဲ့ အချိန်ကြာသွားတာ။ ပြီးတော့ ပရိသတ်တွေ အများကြီးကလည်း ဝိုင်းပြီး နှုတ်ဆက်နေကြတာနဲ့ ဘယ်လိုမှ အချိန်မီထွက်လို့မရဘူး ဖြစ်သွားတာဗျ"

"ဪ ‥ ဪ ‥ ဒါပေမဲ့ ခင်ဗျားယောက်ဖပြောတာက ကျတော့ ခင်ဗျားက လေယာဉ်မထွက်ခင် တစ်ရေးတစ်မော အိပ်နေလိုက်သေးတယ်ဆိုပဲဗျ။ အဲဒါကရော"

"အဲဒါက ကျွန်တော် လေယာဉ်မတက်ခင် လုပ်နေကျပဲလေ။ အထူးသဖြင့်တော့ ပွဲတွေဘာတွေဆိုပြီးမှ လေယာဉ်မောင်းရ မယ်ဆိုရင် ပိုပြီး အနားယူလေ့ရှိတယ်။ နို့မို့ဆို ခေါင်းတွေမူး ပြီး လန်းလန်းဆန်းဆန်းမရှိရင် လေယာဉ်မောင်းတဲ့အခါ အန္တရာယ်ဖြစ်မှာစိုးလို့ဗျာ"

မြွေသူတော်မောင်ခြိမ့်က ဘဆွေလေးပြောသမျှကို စိတ်ဝင် တစား နားထောင်ရင်း လက်မှကိုင်ထားသည့် ခဲတံအတိုလေးနှင့် မှတ်စု စာအုပ်လေးထဲတွင် ရေးမှတ်နေလေ၏။

ဘဆွေလေးက မကျေနပ်မှုကို ချုပ်တည်းထားရသည့် လေသံ ဖြင့် ‥

"ခင်ဗျားကို တစ်ခုတော့ ပြောချင်တယ်ဗျ ‥ လေယာဉ်ပျက်ကျ တဲ့အထဲမှာ ကျွန်တော်ကိုယ်တိုင်တောင် ပါနေတာပဲဗျ။ ကျွန်တော့်မိန်းမနဲ့ မြန်နှစ်ကို သတ်မယ်ဆိုရင် တခြားနည်းလမ်း သုံးပြီး သတ်မှာပေါ့။ သူတို့ကိုသတ်ဖို့ ကျွန်တော့်အသက်နဲ့





www.burmeseclassic.com

www.burmeseclassic.com

ရင်းပြီး စွန့်စားရလောက်အောင် ကျွန်တော် မရူးသေးပါဘူး ဗျာ ..။ ခင်ဗျား အထက်ကို ရိုပို့ရေးတဲ့အခါ အဲ့ဒီအချက်ကို ပါ ထည့်ရေးပေးစမ်းပါဗျာ''

''ဟာ .. စိတ်ချ .. စိတ်ချ .. ကျုပ် သေသေချာချာကို ထည့်ရေးပေးပါ့မယ်''

မြွေသူတော်မောင်ခြိမ့်က ပြောပြီး တစ်စုံတစ်ခုကို တွေးဆနေဟန်ဖြင့် လေးလံထုံထိုင်းစွာ လှမ်းထွက်သွားဇေ၏။

ဘဆွေလေးက ..

''ဒီမယ် ကိုမောင်ခြိမ့် .. မြဲမြဲမှတ်ထားလိုက်စမ်းပါဗျာ .. ကျွန်တော့်ဆီမှာ ဘာတစ်ခုမှ ဖုံးကွယ်ထားစရာ မရှိဘူးဗျ သိလား။ စောစောက ခင်ဗျား ကျွန်တော်ဖုန်းပြောတာကို နိုးနားထောင်တယ် မဟုတ်လား''

မြွေသူတော်မောင်ခြိမ့်က တုံ့ဏှိဘာဝေမျက်နှာသေလေးဖြင့် ခေါင်းကိုခါယမ်းပြီး ..

''ဟင့်အင်း .. နိုးနားမထောင်ပါဘူး .. ဒါပေမဲ့ ခင်ဗျားမိန်းမ လျှမယ့်ကိစ္စတွေကို ဖျက်သိမ်းလိုက်တာတော့ ကျွန်တော်သိနေတယ်။ အဲဒါကလည်း ခင်ဗျား ဖုန်းပြောလို့ ကြားတာ မဟုတ်ဘူး။ ဒီမနက်ကလေးတင် ခင်ဗျားမိန်းမ လျှုမယ်လို့ ပြောထားတဲ့ မြို့တိုင်းကို ကြေးနန်းရိုက်ပြီး မေးကြည့်ထားပြီးသားပါ။ သူတို့အားလုံးက ခင်ဗျား မလှူတော့ဘူးဆိုတဲ့ အကြောင်း ကြေးနန်းပြန်ထားပါတယ်။ အခု ခင်ဗျားပြောတော့ ပိုပြီး သေချာသွားတာပေါ့ဗျာ''





မြွေသူတော်မောင်ခြိမ့်က ပြောပြီး တော့နင်းတော့နင်းဖြင့် အိမ်ထဲမှ လှည့်ထွက်သွားဇေ၏။ အကွက်စေ့လှသည့် မြွေသူတော်မောင်ခြိမ့်ကို ဘဆွေလေးတစ်ယောက် ပါးစပ်အဟောင်းသား ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ သူ့နှလုံးသားကိုတော့ စိုးရိမ်ထိတ်လန့်စိတ်တို့က ပင့်ကူမျှင်လို ရစ်ပတ်နှောင်တွယ်စ ပြုလာချေပြီတည်း။

■



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၇)

မေမြို့ လေတပ်စခန်းဌာနချုပ်ရှိ ဗိုလ်ချုပ် ဂျိုးဆက်ဟာယ်ဗင်၏ ရုံးခန်းထဲတွင် ဧည့်သည်တော်အဖြစ် ရောက်နေသော မြွေသူတော် မောင်မြို့မှာက အေသတ္တကော်ဖီစေ့အား လတ်လတ်ဆတ်ဆတ်ကြိတ်ပြီး ဖျော်ထားသည့် ကော်ဖီတစ်ခွက်ကို အရသာခံကာ သောက်နေ၏။

ဗိုလ်ချုပ် ဂျိုးဆက်ဟာယ်ဗင်ကတော့ ဆေးတံကိုခဲရင်း စီအိုင်ဒီ ရဲမင်းကြီးက ရေးပေးလိုက်သည့် မိတ်ဆက်စာကို ဖတ်နေလေသည်။ ဗိုလ်ချုပ် ဂျိုးဆက်ဟာယ်ဗင်မှာ မြန်မာကလေးငယ်များကို ချစ်တတ်သူဟု လူပြောသူပြောများလှသည်နှင့်အညီ သူ၏ စားပွဲပေါ်တွင် မုံရွာအနီးရှိ ကျေးရွာတစ်ရွာမှ ကလေးငယ်များနှင့်အတူ ရိုက်ထားသော ဓာတ်ပုံတစ်ပုံကို အမှတ်တရ ထောင်ထားကြောင်း မြွေသူတော်မောင်မြို့ တွေ့ရလေသည်။







Joseph Heaven

ဗိုလ်ချုပ်ဂျိုးဆက်က စာကိုဖတ်ပြီးနောက် ပါးစပ်ထဲမှ ဆေးတံကို ချွတ်လိုက်ပြီး ..

"ဘဆွေလေးဆိုတာက ကျုပ်ရဲ့တူလို သားလိုပါပဲဗျာ။ သူ တပ်ထဲမှာရှိစဉ်ကတည်းက ကျုပ်ရဲ့အစောင့်အရှောက်နဲ့ မကင်းဘူးပေါ့။ အဲဒီနေ့ကလည်း ရန်ကုန်ကို ညတွင်းချင်း ပြန်ရောက်မှ ဖြစ်မယ်လို့ မရမက အပူကပ်နေတာနဲ့ ကျုပ်ပဲ အဲဒီလေယာဉ်ကို စီစဉ်ပေးလိုက်ရတာ။ အခုလိုဖြစ်တယ်ကြားတော့ စိတ်တောင်မကောင်းဘူး"

"ဟုတ်ပါတယ် ဗိုလ်ချုပ်။ လေယာဉ်ထဲကနေ လွင့်ကျပြီး အသက်အန္တရာယ်ကင်းသွားတာကိုပဲ တော်သေးတယ်လို့ ဆိုရမှာပေါ့ ခင်ဗျာ"

ဗိုလ်ချုပ်ဂျိုးဆက်က ဆေးတံကို ဖွာလိုက်ရင်း ..

www.burmeseclassic.com

"အင်း ‥ လေယာဉ်ထဲကနေ လွှင့်ကျသွားတယ်ဆိုတဲ့ကိစ္စကလည်း ဖြစ်တောင့်ဖြစ်ခဲလို့ ဆိုရမှာပဲ"

ဟုပြောလိုက်၏။ သူ့လေသံက ဝေခွဲရခက်နေပုံပေါ်သည်။ မြွေသူတော်မောင်ခြိမ့်က ‥

"ဗိုလ်ချုပ်ရဲ့ လက်အောက်မှာ တာဝန်ထမ်းစဉ်ကာလတုန်းကရော ‥ ကိုဘဆွေလေးက ဘယ်တပ်မှာ တာဝန်ယူရတာလဲ ခင်ဗျ"

"လေထီးခေါက်တဲ့ ဌာနမှာပါ"

"ဩော် ‥ လေထီးခေါက်တဲ့စက်ကို မောင်းရတာပေါ့နော်"

ဟု မောင်ခြိမ့်က မှတ်ချက်ပေးလိုက်ရာ ဗိုလ်ချုပ်ဂျိုးဆက်ဟယ်ဗင်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး ‥

"ဘယ့်နှယ့်ဗျာ ‥ လေထီးခေါက်တဲ့စက်ရယ်လို့ ရှိမလားဗျ။ လေထီးကို လူကိုယ်တိုင် လက်နဲ့ခေါက်ရတာပေါ့"

"ဩော် ‥ ဩော် ‥ လေထီးစက ပိုးသားနဲ့လုပ်ထားတာပေါ့နော်"

ဗိုလ်ချုပ်ဟယ်ဗင်က ပြုံးစစနှင့် ကြည့်လိုက်ပြီး ‥

"အဲဒါ ဟိုအရင်တုန်းကပါဗျာ ‥ ခုတော့ နိုင်လွန်စကိုပဲ သုံးတော့တယ် ‥ ၆၀ စတုရန်းကိုက်ဧရိယာရှိတဲ့ နိုင်လွန်စနဲ့ ချုပ်ထားတဲ့ လေထီးကို M4 အမျိုးအစား စစ်သုံးလေထီးလို့ ခေါ်တယ်"

"အဲဒီအရွယ်အစားလေထီးနဲ့ဆိုရင် မြေပြင်ကို ဘယ်လောက်အရှိန်နှုန်းနဲ့ ကျသလဲခင်ဗျ"







"လေတိုက်နှုန်းနဲ့ မိုးလေဝသ ပုံမှန်အခြေအနေမှာဆိုရင် တစ်စက္ကန့်ကို ပျမ်းမျှ ပေ ၂၀နှုန်းလောက်နဲ့ကျတယ် အင်စပက် တာကြီးရဲ့"

မြွေသူတော်မောင်ခြိမ့်က ဗိုလ်ချုပ်ဟယ်ဗင်ပြောသမျှ အချက်အလက်များကို မှတ်စုစာအုပ်ထဲတွင် ရေးသွင်းနေရင်း စစ်သုံးလေထီးတစ်ခု၏ အရွယ်အစားကို မျက်စေ့ထဲတွင် မြင်ယောင်နိုင်ရန် စိတ်ကူးပုံဖော်ကြည့်လေသည်။

မြွေသူတော်မောင်ခြိမ့်၏ မျက်လုံးအစုံက ဗိုလ်ချုပ် ဂျိုးဆက်ဟယ်ဗင်ထိုင်နေသော စားပွဲခုံနောက် ဘယ်ညာတစ်ဖက်တစ်ချက်တွင် စိုက်ထူထားသော မဟာမိတ်တပ်ပေါင်းစုအလံဆီသို့ ရောက်သွားပြီး ‥

"တစ်ဆိတ်လောက်ခင်ဗျာ ‥ ဟောဒီအလံဆိုရင် ဘယ်အရွယ်အစားလောက် ရှိလဲခင်ဗျ"

"အလျား ၉ ပေ၊ အနံ ၃ ပေဆိုတော့ ဧရိယာအားဖြင့် ၂၇ စတုရန်းပေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကိုက်အားဖြင့်ရော ‥ ခင်ဗျ"

"ဟာ ‥ အင်စပက်တာကြီးကလည်း သင်္ချာမတွက်တတ်တာ ကျနေတာပဲ။ ၃ စတုရန်းကိုက်ပေါ့ဗျ"

မြွေသူတော်မောင်ခြိမ့်က စားပွဲနောက်မှ အလံအရှန်းတစ်ဖက်ကို လက်ဖြင့်ဆွဲကိုင်ကာ ဖြန့်ကြည့်ရင်း ‥

"ဩော် ‥ ဒါဆိုရင် လေထီးပိတ်စတစ်စက ဟောဒီအလံထက် အဆ ၂၀ လောင် ပိုကြီးတာကိုး"

ဟု စဉ်းစဉ်းစားစားဖြင့် တစ်လုံးချင်း ရေရွတ်လိုက်လေသည်။

ထို့နောက် သူက တစ်စုံတစ်ရာကို တွေးမိသွားဟန်ဖြင့် စားပွဲပေါ်ရှိ တယ်လီဖုန်းကို လက်ညှိုးထိုးကာ ‥

"ဗိုလ်ချုပ် ‥ ကျွန်တော် ရန်ကုန်က အင်းစိန် စီအိုင်ဒီရုံးချုပ်ကို ဖုန်းခဏဆက်ချင်လို့ ရမလားခင်ဗျာ"

"ရပါတယ် ‥ ဆက်ပါ"

မြွေသူတော်မောင်ခြိမ့်က တယ်လီဖုန်းခွက်ကို ကောက်ယူကာ အော်ပရေတာမှတစ်ဆင့် ရန်ကုန်စီအိုင်ဒီရုံးချုပ်ကို ဖုန်းခေါ်လိုက်၏။

"ဟယ်လို ‥ ဗျို့ ကိုမောင်မောင်စိန် ‥ ကျုပ်ပါဗျ ‥ မောင်ခြိမ့်"

" x x x x"

"ဟုတ်တယ်ဗျ ‥ အရေးကြီးလို့။ ကျုပ်ကို တစ်ခုလောက် ကူညီပေးစမ်းပါဦးဗျာ"

"x x x x"

"ဂူသွင်းပြီးသား အလောင်းနှစ်လောင်းကို ကျုပ် ပြန်ဖော်ပြီး



စစ်ဆေးချင်လို့ အဲဒါ တာဝန်ရှိတဲ့သူတွေဆီကို လျှောက်လွှာရေးပြီး တင်ထားပေးစမ်းဗျာ"

"x x x x"

"ဟိုတစ်လောက လေယာဉ်ပျက်ကျပြီး ဆုံးသွားတဲ့ ဒေါ်မေရီသန်းခင်နဲ့ မမြနှစ်တို့ရဲ့ အလောင်းတွေကို ပြန်စစ်ကြည့်ရင် တစ်ခုခုထူးခြားတာ တွေ့မယ်လို့ ကျုပ်ထင်လို့ပါဗျာ"


တယ်လီဖုန်းထဲသို့ ပြောနေသော မြွေသူတော်မောင်ခြိမ့်၏ စကားများကြောင့် မျက်နှာချင်းဆိုင်တွင် ရှိသော ဗိုလ်ချုပ်ကျီးဆက်ဟယ်ဗင်သည်လျှင် ပါးစပ်အဟောင်းသားဖြစ်သွားပြီး နှုတ်ခမ်းဖျားမှ ဆေးတံက ကြမ်းပြင်ပေါ်သို့ 'ဒေါက်'ခနဲ ပြုတ်ကျသွားလေတော့သတည်း။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

အလောင်းများကို တူးဖော်စစ်ဆေးပြီးနောက် ဆရာဝန်၏ အဖြေကို သိရသောအခါ မြွေသူတော်မောင်ခြိမ့်က ဘဆွေလေး၏ အိမ်သို့ လိုက်သွားလေသည်။

ဘဆွေလေးက အိမ်တွင်မရှိ၊ သီချင်းဓာတ်ပြားကုမ္ပဏီသို့ သွားသည်ဟု ဆိုခြင်းကြောင့် မောင်ခြိမ့်က ကိုလံဘီယာဓာတ်ပြားတိုက်သို့ လိုက်ရပြန်လေသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကဆိုလျှင် ကိုလံဘီယာဓာတ်ပြားတိုက်မှာ မြန်မာနိုင်ငံတွင် တစ်ခုတည်းရှိသော နိုင်ငံခြားသားပိုင် အသံသွင်းလုပ်ငန်းဖြစ်လေသည်။ ကိုလံဘီယာဓာတ်ပြားတိုက်၏ မန်နေဂျာမှာ မစ္စတာကိသ်ဖြစ်ပြီး ပင်တိုင်သီချင်းရေးဆရာကား (အဆိုတော်ဇော်ဝင်းထွဋ်၏အဖိုး) ရွှေတိုင်ညွန့် ဖြစ်လေသည်။



မြွေသူတော်မောင်ခြိမ့်တစ်ယောက် ကိုလံဘီယာဓာတ်ပြားတိုက်သို့ ရောက်သွားသည့်အချိန်တွင် မန်နေဂျာမစ္စတာကိသ်နှင့်အတူ ဘဆွေလေးတို့အဖွဲ့သားများက ဓာတ်ပြားတစ်ချပ်ကိုဖွင့်ကာ နားထောင်နေကြသည်။

ဘဆွေလေးက မြွေသူတော်မောင်ခြိမ့်ကို မြင်သောအခါ ..

"လာဗျို့ .. ကိုမောင်ခြိမ့် .. ဒီဘက်ကိုလာ"

ဟု အခန်းထဲဝင်ဖို့ လှမ်းခေါ်လိုက်သည်။ မြွေသူတော်မောင်ခြိမ့်က ..

"ကျုပ်လာလို့ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟား .. ဟား .. ဟား လာသာလာစမ်းပါဗျ။ ပြီးခဲ့တဲ့လက အသံပြန်သွင်းထားတဲ့ သီချင်းဓာတ်ပြားကို ဒီနေ့မှ အချော ရလို့ နားထောင်ကြည့်နေတာ။ ကိုင်း .. တစ်လက်စတည်း ခင်ဗျားလည်း နားထောင်ရင်း ထင်မြင်ချက်လေးပေးသွားစမ်းပါဦးဗျာ"

ထိုသို့ပြောရင်း ဘဆွေလေးက ဓာတ်ပြားကို အခြားတစ်ဖက်သို့ ပြောင်းလိုက်၏။

ထိုခေတ်က ရှောင်းတမ်းဓာတ်ပြားများကို BP ဓာတ်ပြားဟု ခေါ်ပြီး အချင်း ၁၀ လက်မခန့် ရှိလေသည်။ ဓာတ်ပြားတစ်ဖက်လျှင် ၃ မိနစ်စာသာ ဆန့်၏။ ၃ မိနစ်ထက်ကျော်လျှင် ခဏရပ်သွားပြီးမှ အခြားတစ်ဖက်က ဆက်၍ အသံဖမ်းလေ့ရှိသည်။ (ထို့ကြောင့် ရှေးဟောင်း သီချင်းများကို နားထောင်ရာတွင် သီချင်းတစ်ဝက်ခန့်တွင် ခဏရပ်သွားလေ့ရှိခြင်း ဖြစ်လေသည်)

www.burmeseclassic.com

ယခု ဘဆွေလေးဖွင့်ပြနေသော သီချင်းသံသည် တကယ်တော့ မြွေသူတော်မောင်ခြိမ့်နှင့် မစိမ်းလှပေ။ အင်္ဂလိပ်သီချင်းသံစဉ်နှင့် စာသားကို မှိုင်ပြမ်းထားခြင်းဖြစ်မှန်း ချက်ချင်းပင် ရိပ်မိလိုက်လေ၏။

x x x တံတားပေါ် ဖြတ်ကာ ကူးခဲ့ပါကွယ် x x x

x x x ပစ်စလက်ခတ်ဘဝကို ပြောင်းစို့ရယ် x x x

x x x တံတားပေါ် ဖြတ်လို့ ကူးခဲ့ကွယ် x x x

x x x မတည်ငြိမ်တဲ့အတိတ်ကို စွန့်လိုက်တော့ x x x

x x x ၁၉၀၀ မေတ္တာစစ်က လာလိမ့်မပေါ့ x x x

x x x တံတားကိုသာ ကူး ‥ ကူး ‥ ကူးခဲ့တော့ x x x

မြွေသူတော်မောင်ခြိမ့်က ‥

"ဒီသီချင်းက အရင်ကတည်းက ခေတ်ပြားသွင်းဖူးတယ် မဟုတ်လား ကိုဘဆွေလေးရဲ့"

"အင်း ‥ ဟုတ်တယ်။ အခုတော့ ဆိုနည်းဆိုဟန်အသစ်တစ်မျိုးနဲ့ ခေတ်ပြားပြန်သွင်းထားတယ်ဆိုပါတော့ဗျာ။ ဩော် ‥ ခဏ ‥ ခဏ ပေ့ာလူ မစ္စတာကိုသ် ‥ ခင်ဗျားရဲ့ အင်ဂျင်နီယာကို ပြောစမ်းပါဦးဗျ။ သံပြိုင်ဆိုတဲ့အပိုဒ်မှာ စောယဉ်နွဲ့ရဲ့ အသံက စူးပြီး ထွက်နေတာ တယ်ဟန်မကျဘူးဗျာ"

ဘဆွေလေးက မြွေသူတော်မောင်ခြိမ့်ကို ပြောနေရာမှ တစ်ဆက်တည်း မန်နေဂျာမစ္စတာကိုသ်ဘက်လှည့်ပြီး ပြောလိုက်လေသည်။

မန်နေဂျာမစ္စတာကိုသ်ကလည်း ထိုအချက်ကို ပြန်ပြင်ရန်အတွက် ချက်ချင်းပင် စာအုပ်ထဲ ရေးမှတ်လိုက်သည်။





ထိုစဉ် ဘဆွေလေးက မနှစ်မြို့စရာကိစ္စတစ်ခုကို ရုတ်တရက် သတိရသွားဟန်ဖြင့် ‥

"ဩော် ‥ ဒါနဲ့ ကိုမောင်ခြိမ့် ‥ ခင်ဗျားကို မေးရဦးမယ်။ ခင်ဗျားက တရားရုံးကို လျှောက်လွှာတင်ပြီး ကျူပ်ဖနီးရဲ့ အလောင်းကို ပြန်ဖော်တယ်ဆို"

ထိုမေးခွန်းကြောင့် မြွေသူတော်မောင်ခြိမ့်က အားတုံ့အားနာဖြင့် ဘဆွေလေး၏ မျက်နှာကို ရဲရဲမကြည့်ဘဲ ‥

"ဟုတ် ‥ ဟုတ်ပါတယ် ‥ အလောင်းနှစ်လောင်းစလုံးကို ပြန်ဖော်တာပါ"

"ပြီးတော့ ဆရာဝန်နဲ့ ရင်ခွဲပြီး စစ်တယ် ဟုတ်စ"

"အဲ ‥ ဟို ‥ ဟိုဒင်း ဟုတ်ပါတယ်"

"နေစမ်းပါဦးဗျ ‥ ခင်ဗျားက သူတို့အလောင်းမှာ ဘာတွေ တွေ့ရလိမ့်မယ်ထင်လို့တုန်း"

လေသံတင်းတင်းဖြင့် မေးလာသော ဘဆွေလေး၏ မျက်နှာကို မြွေသူတော်မောင်ခြိမ့်က တည့်တည့်ရင်မဆိုင်ဘဲ တွန့်ကြေနေသော သူ့အင်္ကျီလက်အနားစများကို သပ်ရင်း ‥

"ဒါက ဒီလိုရှိပါတယ် ကိုဘဆွေလေး ‥ ဟိုဥစ္စာပေါ့ဗျာ။ မှုခင်းလုပ်ထုံးလုပ်နည်းအရ ပြောရမယ်ဆိုရင် ‥"

"ဘာလုပ်ထုံးလုပ်နည်းမှ ပြောမနေနဲ့။ ကျွန်တော်မေးတဲ့ မေးခွန်းကိုသာ တည့်တည့်ဖြေစမ်းပါ"

"ဒီလိုပါ ကိုဘဆွေလေး ‥ တစ်ခါတလေ လေယာဉ်ပျက်ကျတဲ့အကြောင်းရင်းကို ရှာတဲ့နေရာမှာ ဆရာဝန်ရဲ့ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း လိုအပ်ပါတယ်။ ဥပမာပြောရရင်ဗျာ . . လေယာဉ်မောင်းနေတုန်း ရုတ်တရက် နှလုံးရောဂါဖောက်ပြီးတော့ပဲ ဖြစ်ရတာလား . . ဒါမှမဟုတ် အရက်တို့ မူးယစ်ဆေးဝါးတို့ကြောင့်ပဲ ဖြစ်ရ . . ''

''မဟုတ်သေးဘူးလေ ကိုမောင်မြိမ့်ရဲ့ . . အဲဒီတုန်းက လေယာဉ်မောင်းတာ ကျွန်တော်လေဗျာ . . ဟောဒီမှာ အရှင်လတ်လတ်ကြီးပါဗျ . . ပြီးတော့ အဲဒီနေ့ကတည်းက ဆာဖုလင်းသန်းအောင်ဆိုလား အဲဒီလူက ကျုပ်ကို ဆရာဝန်နဲ့ စစ်ထားပြီးသားလေ''

''ဟုတ်ပါတယ် ကိုဘဆွေလေး . . ဟုတ်ပါတယ်။ ခင်ဗျားဆီမှာ အရက်သေစာတွေ၊ မူးယစ်ဆေးဝါးတွေ ကင်းရှင်းကြောင်းလည်း ဆရာဝန်က ဆေးစာရေးပေးထားပါတယ်။ နှလုံးရောဂါတွေ ဘာတွေ မရှိဘူးဆိုတဲ့အကြောင်းလည်း ပါပါတယ်''

ဟျာဟျာသလဲဖြေရှင်းချက်ပေးနေသည့် မြွေသူတော်မောင်မြိမ့်ကို ကြည့်ပြီး ဘဆွေလေးက မထိတရိပြုံးလိုက်၏။ ထို့နောက် . .

''ဒီတော့ ဆိုစမ်းပါဦး ကိုမောင်မြိမ့် . . အလောင်းနှစ်လောင်းကို စစ်ဆေးတော့ ဘာမှ ထူးခြားတာ မတွေ့ဘူးမဟုတ်လား''

ထိုမေးခွန်းကြောင့် မြွေသူတော်မောင်မြိမ့်တစ်ယောက် ပြန်ဖြေရမှာ အခက်တွေ့သွားသလိုမျိုး ခေါင်းငိုက်စိုက်ချပြီး အကြာကြီးစဉ်းစားနေလေသည်။ ပြီးတော့မှ မလွှဲသာမရှောင်သာဟန်ဖြင့် . .





''အလောင်းနှစ်လောင်းစလုံးရဲ့ အစာအိမ်ထဲမှာ အိပ်ဆေးတွေ တွေ့ပါတယ် ကိုဘဆွေလေး''

ဟု တစ်လုံးချင်း ပြောလိုက်၏။

ဘဆွေလေးက မျက်နှာအမူအရာကို မှင်မပျက်အောင် ခပ်တည်တည်ထိန်းရင်း . .

''ဩော် . . ဘာများလဲလို့ဗျာ . . ဒါက ဘာဆန်းလို့လဲဗျ။ ကျွန်တော့်မိန်းမရော မြနှစ်ရော နှစ်ယောက်စလုံးက လေယာဉ်စီးတဲ့အခါ ခေါင်းမူးတတ်ကြတယ်လေဗျာ။ အဲဒါကြောင့် လေယာဉ်ပေါ်တက်ခါနီးတိုင်း အမူးပြေဆေး သောက်ရလေ့ ရှိတယ်ဗျ။ အဲဒီဆေးက အိပ်ဆေးနဲ့ အာနိသင်အတူတူပဲ လေ''

ထိုအဖြေကို ကြားလိုက်ရသောအခါ မြွေသူတော်မောင်မြိမ့်တစ်ယောက် မျက်လုံးအပြူးသားဖြစ်သွားရင်း . .

''ဩော် . . ဒီလိုကိုး . . ကျုပ်ဖြင့် လုံးလုံးကို မသိဘူးဗျို့''

ဟု အားတုံ့အားနာရေရွတ်ရင်း သူ့ အကျႌအိတ်ထဲမှ မှတ်စုစာအုပ်နှင့် ခဲတံကို ထုတ်ယူလိုက်ပြီး . .

''ကျေးဇူးပဲဗျို့ . . ခုမှပဲ ရှင်းသွားတော့တယ် . . ဒီအချက်တို့ သေသေချာချာရေးမှတ်ယူသွားရမယ်''

ခြေမကိုင်မိ လက်မကိုင်မိဖြင့် ပျာယီးပျာယာဖြစ်နေသော မြွေသူတော်မောင်မြိမ့်ကို ကြည့်ရင်း ဘဆွေလေးကတော့ မိန့်မိန့်ကြီး ပြုံးနေလေသည်။ ထို့နောက် . .

''တခြားရော ဘာကိစ္စရှိသေးလဲ ကိုမောင်မြိမ့်''



www.burmeseclassic.com

www.burmeseclassic.com

"ဟို ‥ ဟိုဒင်းဗျာ ‥ ခင်ဗျား အခုအသံသွင်းထားတဲ့ ဓာတ်ပြားတစ်ချပ်လောက်ကို ‥ အဲ ‥ အဲဒါ ‥ ကျုပ်ကို လက်ဆောင်ပေးလို့မရဘူးလား"

မန်နေဂျာ မစ္စတာကိသ်က ဝင်ပြီး ‥

"နောက် သုံးလေးရက်ဆိုရင်ပဲ ဆိုင်တွေမှာ ဝယ်လို့ရတော့မယ့် ဥစ္စာကိုဗျာ"

မြွေသူတော်မောင်ခြိမ့်တစ်ယောက် ထင်ကြေးနှင့် အဖြေမကိုက်သောကြောင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ ပြောမိပြောရာ လျှောက်ပြောနေသည်ဟု အတတ်တွေးထားမိသည့် ဘခွေလေးကတော့ ‥

"ကျွန်တော်တို့ရဲ့ အင်စပက်တော်ကြီးကို ဓာတ်ပြားတစ်ချပ်လောက် လက်ဆောင်ပေးလိုက်စမ်းပါ မစ္စတာကိသ်ရာ"

ဟု အထက်စီးလေသံဖြင့် ပြောလိုက်လေတော့သတည်း။

■





# အခန်း(၉)

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ကြက်ဆင် ဖဲထီးတိုက်နှင့် ကပ်လျက် ပဒုမ္မာပိတ်ပါးစနှင့် နိုင်လွန်ပိတ်စက်ရုံရှေ့သို့ မြွေသူတော်မောင်ခြိမ့်၏ ကားစုတ်ကလေးက ထိုးရပ်လိုက်သည်။

စစ်ပြီးစကာလဖြစ်သောကြောင့် အလုပ်သမားကတော့ များများစားစား ရှိမနေချေ။ လူတစ်ရပ်စာနီးပါးခန့် ရှည်လျားသော ပိတ်အုပ်များကိုလည်း အလိပ်လိုက် ဟိုနေရာဒီနေရာတွင် ပြန့်ကျဲလျှာ တွေ့နေရ၏။ အလုပ်သမားအင်အားနည်းသောကြောင့် စနစ်တကျ သိုလှောင်နိုင်ပုံမရချေ။

မြွေသူတော်မောင်ခြိမ့်က မန်နေဂျာဟု ဆိုင်းဘုတ်တပ်ထားသော အခန်းကို တွေ့သောကြောင့် ခြေလှမ်းပြင်လိုက်စဉ်မှာပင် ထိုအခန်း

www.burmeseclassic.com

www.burmeseclassic.com

ထဲမှ အသက် ၅၀ ကျော်အရွယ်ခန့် မျက်မှန်ထူထူနှင့် အမျိုးသမီး တစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။

မြွေသူတော်မောင်ဖြိုးက သူ့စီအိုင်ဒီဝန်ထမ်းကတ်ကို ပြကာ မိတ်ဆက်လိုက်သည်။

"ကျွန်တော်က အင်းစိန်စီအိုင်ဒီက အင်စပက်တာမောင်ဖြိုးပါ"

"သြော် . . ဟုတ်ကဲ့ . . ကျွန်မ ဘာအကူအညီပေးရမလဲရှင်"

"ဒီလိုပါ . . အရင်တုန်းက ရန်ကုန်မှာ နိုင်လွန်ပိတ်စက်ရုံ သုံးရုံရှိတဲ့ထဲက အခု စက်ရုံတစ်ရုံပဲ လည်ပတ်နိုင်တော့ တယ်နော်"

မျက်မှန်ထူထူနှင့် မန်နေဂျာအမျိုးသမီးကြီးက . .

"ဟုတ်တယ်ရှင့် . . ဗဟန်းဘက်က စက်ရုံက မုံးအထိခံရပြီး ပျက်စီးသွားတယ်။ သင်္ဃန်းကျွန်းဘက်က စက်ရုံကတော့ အလုပ်သမားတွေလခတိုးမပေးတာနဲ့ သပိတ်မှောက်ထား ကြတယ်ရှင့်။ ကျွန်မတို့စက်ရုံလည်း မထူးပါဘူးရှင်။ ယဲ့ယဲ့ပဲ ကျန်တော့တယ်။ အလုပ်သမားအတော်များများက ထွက် ကုန်ကြပြီ။ ကဲ . . ဆိုစမ်းပါဦး . . ရှင်က ဘာသိချင်တာလဲ"

"အပန်းမကြီးရင် ဒီစက်ရုံကထုတ်တဲ့ နိုင်လွန်ပိတ်အုပ်တွေ ကို ကြည့်လို့ရမလားခင်ဗျာ"

"သြော် . . ရပါတယ် . . လာလေ . . ကျွန်မနဲ့လိုက်ခဲ့"

မန်နေဂျာအမျိုးသမီးက ရှေ့မှဦးဆောင်ပြီး ခေါ်သွားသည်။ စားပွဲခုံရှည်ကြီးများပေါ်တွင်ကား အမြူရောင်နိုင်လွန်ပိတ်စများကို





အခေါက်လိုက်အခေါက်လိုက် ပုံလျက်သားတွေ့ရ၏။ တချို့ကိုတော့ သစ်သားဝင်ရိုးလုံးရှည်တွင် ပတ်ကာ အလိပ်လိုက်နံရံတွင် ထောင်ထား သည်။

မန်နေဂျာအမျိုးသမီးက . .

"ဟောဒီစားပွဲပေါ်ကဟာတွေက အနံ လေးပေခွဲ ပိတ်အုပ် တွေ။ ဟောဟိုနံရံမှာ ထောင်ထားတာက အနံ ခြောက်ပေစ တွေ။ ရှင်က ဘယ်လိုအစားကို ကြည့်ချင်တာလဲ"

မြွေသူတော်မောင်ဖြိုးက စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်း လိုက်ပြီး . .

"ကျွန်တော် ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်ဗျာ . . ကျွန်တော်က ၆၀ စတုရန်းကိုက်ရေိယာလောက်ရှိတဲ့ နိုင်လွန် စမျိုး လိုချင်တာ။ အလျား ၁၀ ကိုက် အနံ ၆ ကိုက်လောက် ရှိတဲ့ ပိတ်စမျိုးပေါ့"

"အဲဒီလောက်ကြီးတဲ့ပိတ်စမျိုးတော့ ဘယ်လာပါ့မလဲရှင့်။ ကိုက် ၂၀ ရှိတဲ့ ပိတ်အုပ်ကို အစသုံးစ ဆက်ပြီးချုပ်မှ ရမှာပေါ့။ အဲဒါမျိုး လိုချင်ရင်တော့ စပါယ်ရှယ် အော်ဒါပေးပြီး မှာမှ ရမယ်။ သြော် . . ခုမှ သတိရတယ်။ ပြီးခဲ့တဲ့လကတောင် လူတစ်ယောက်က အဲဒီလိုမျိုးပိတ်စတစ်အုပ် လာမှာသွား သေးတယ်"

"ဟင် . . အဲဒီလူက ဘယ်သူလဲ။ အစ်မကြီး မှတ်မိသေး လား"

www.burmeseclassic.com



မြွေသူတော်မောင်ခြိမ့်က မျှော်လင့်တကြီးဖြင့် မေးလိုက်သော်လည်း မန်နေဂျာအမျိုးသမီးကြီးကတော့ ..

"အဲ .. ဟို .. အမှတ်တမဲ့ပါပဲရှင်။ ကျွန်မက အလုပ်ကလည်း များ၊ မျက်စိကလည်း မွဲဆိုတော့ ဝယ်သူတွေတိုင်းကို တော်ရုံတန်ရုံ မှတ်မိလေ့မရှိဘူး"

"အဲ .. အစ်မကြီးက သီချင်းတွေဘာတွေကိုရော နားထောင်လေ့ မရှိဘူးလားဗျ"

မြွေသူတော်မောင်ခြိမ့်က သူ့တွက်ကိန်းနှင့်သူ အားကြီးမာန်တက် မေးလိုက်သော်လည်း မန်နေဂျာအမျိုးသမီးကတော့ 'အဆက်အစပ်မရှိတဲ့ ဘာတွေလာမေးနေမှန်းမသိဘူး''ဟူသည့် အကြည့်မျိုးဖြင့် မသိမသာ မျက်စောင်းထိုးကာ ..

"ခုခေတ်သီချင်းတွေများ မကြိုက်လို့ နားမထောင်ဖြစ်ပေါင်တော် .. ကျွန်မတို့ခေတ်က ဒေါ်စောမြင့်ကြည်တို့၊ မိုးဒေဝီ မလှမွှေတို့ကမှ တကယ့်ကို အဟုတ်ရှင့်။ မိုးဒေဝီ မလှမွှေဆိုရင် .."

"ဟုတ်ပါပြီဗျာ .. ဟုတ်ပါပြီ"

မြွေသူတော်မောင်ခြိမ့်က ကမန်းကတန်းလက်ပြပြီး တားလိုက်ရသည်။ လူဆိုသည်ကား မိမိနှစ်သက်သည့် အနုပညာရှင်ကိုမှ ကွက်ပြီး အထင်ကြီးလေးစားတတ်သည့်သဘော ရှိသည် မဟုတ်လား။

မြွေသူတော်မောင်ခြိမ့်က အမှုလမ်းကြောင်းပျောက်သွားမည်စိုးသဖြင့် ..



"ဒါဆို အဲဒီလူက အနံ ကိုက် ၂၀ ရှိတဲ့ ပိတ်စ သုံးအုပ် ဝယ်သွားတာပေါ့ ဟုတ်လား"

"မဟုတ်ဘူးရှင့် .. ကျွန်မတို့စက်ရုံက အနံကို ကိုက် ၂၀ အထိ မထုတ်နိုင်ဘူး။ အများဆုံး ၁၅ ကိုက်အထိပဲ ထုတ်နိုင်တယ်။ သူဝယ်တာ ၁၅ ကိုက် နိုင်လွန်အုပ် သုံးအုပ်ရှင့်"

အနံ ၁၅ ကိုက်ရှိသော နိုင်လွန်ပိတ်စ သုံးအုပ်ကို စပ်ချုပ်လိုက်ပါက ၄၅ ကိုက်သာ ရမည်ဖြစ်သောကြောင့် လေထီးချုပ်ဖို့ရန် လုံလောက်ပါ့မလားဟု စဉ်းစားရင်း မြွေသူတော်မောင်ခြိမ့်တစ်ယောက် ခေါင်းကို အကြိမ်ကြိမ်ကုတ်လိုက်မိလေသည်။

■



www.burmeseclassic.com



အခန်း(၁၀)

နောက်တစ်နေ့တွင်ကား မြွေသူတော်မောင်ခြိမ့်တစ်ယောက် ဆားပုလင်းသန်းအောင်ကို အပါခေါ်ပြီး မင်္ဂလာဒုံလေတပ်စခန်းရှိ လေထီးဌာနတွင် အလုပ်ရှုပ်နေလေတော့သည်။ စီအိုင်ဒီရဲမင်းကြီးက ဖုန်းဆက်အကြောင်းကြားထားပေးသဖြင့် လေထီးဌာနကို အုပ်ချုပ်သော ဆူဗေဒါမေဂျာ (Subedar major) စောမိုးဇက်က လိုက်လံကူညီလေသည်။

မြွေသူတော်မောင်ခြိမ့်က သူ့ဘာသာသူ ချုပ်ပြီး ယူလာသော လေထီးတစ်ခုကို ခေါက်ပြဖို့ အကူအညီတောင်းလေရာ ဆူဗေဒါမေဂျာ (Subedar major) စောမိုးဇက်၏ စိတ်ထဲတွင် 'တော်တော် ကြံကြံဖန်ဖန် သိချင် တဲ့လူ'ဟု တွေးလိုက်မိသေးသည်။



သို့နှင့် သူက သူ့တပ်စိတ်မှ သေသေသပ်သပ်လုပ်တတ်ကိုင်တတ်သော တပ်သားတစ်ယောက်ကို ခေါ်ကာ စားပွဲရှည်ကြီးပေါ်တွင် လေထီးတစ်ခုကို ဖြန့်ခင်းပြီး မြွေသူတော်မောင်ခြိမ့်၏ ရှေ့၌ တစ်ဆစ်တစ်ပိုင်းချင်းစီ ခေါက်ပြလိုက်၏။

နောက်ဆုံးတွင် လေထီးကြိုးများကိုပါ လိပ်၍ ဝိတ်စ အလယ်ကောင်၌ ညှပ်သိမ်းပြီးသောအခါ လေထီးတစ်ခုလုံးသည် တစ်တောင်ပတ်လည်ခန့် စောင်ထူထူ အခေါက်အရွယ်အစားလောက်ပင် ရှိလေတော့သည်။

မြွေသူတော်မောင်ခြိမ့်က ..

"ဟုတ်ပြီ .. ဟုတ်ပြီ .. အဲဒီ ခေါက်ထားတဲ့လေထီးကို ဒီသေတ္တာထဲမှာ ဝင်ဆံ့ရဲ့လားလို့ ထည့်ကြည့်ရအောင်"

ဟုပြောကာ သူအသင့်ယူလာခဲ့သော လေကြောင်းပို့မြေပုံ ထည့်သည့် သေတ္တာတစ်လုံးကို စားပွဲပေါ်သို့ တင်လိုက်လေသည်။

စောစောက လေထီးခေါက်ပေးသည့် တပ်သားက ကျစ်ကျစ်ပါအောင် ခေါက်ထားသည့် လေထီးကို မြွေသူတော်မောင်ခြိမ့်ပြသော သေတ္တာထဲသို့ ဖိသိပ်ထည့်လိုက်ရာ ကျပ်ကျပ်တည်းတည်း ဝင်သွားလေ၏။

မြွေသူတော်မောင်ခြိမ့်က ဆူဗေဒါမေဂျာ (Subedar major) စောမိုးဇက်ဘက်သို့ လှည့်ပြီး ..

"ဝင်သားပဲဗျ .. ကွက်တိပဲ"

ဟုပြောလိုက်ရာ တပ်သားလေးက ..



www.burmeseclassic.com

www.burmeseclassic.com

“ဆုံတယ်လို့တော့ ပြောလို့မရဘူး ဆရာရဲ့ ‥ ဒါက လေထီး နဲ့ ကြိုးချည်ပဲ သက်သက်ဆိုလို့ ဝင်သွားတာ။ စစ်သုံးလေထီး မှာပါတဲ့ ပခုံးဆိုင်းကြိုးတွေ၊ ရင်ဘတ်နဲ့ကျောမှာသိုင်းတဲ့ ကြိုးတွေပါ အပြည့်အစုံဆိုရင်တော့ ဘယ်ဆံ့ပါ့မလဲ”

သူ့စကားကြောင့် မောင်ဖြိုးက အနည်းငယ်စဉ်းစားသွားပြီး ‥

“စစ်သုံးလေထီးမဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် လက်ဖြစ်ချုပ် ထားတဲ့ လေထီးဆိုရင်ရောကွာ”

“ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ် ဆရာ”

မြွေသူတော်မောင်ဖြိုးက ဆူဗေဒါမေဂျာ (Subedar major) စောမိုးဇော်ဘက်သို့ လှည့်ပြီး ‘ဘယ့်နှယ့်သဘောရသလဲ’ဟု ပြောချင် သည့် အဓိပ္ပာယ်နှင့် မေးဆတ်ပြလိုက်၏။

စောမိုးဇော်က ‥

“တကယ့်စစ်သုံးလေထီးအရွယ်အစားနဲ့ဆိုရင်တော့ မဆံ့နိုင် ဘူးဗျ။ အခု အင်စပက်တာကြီးယူလာတဲ့ လေထီးက ပုံမှန် ကိုက် ၆၀ ရှိရမယ့်အစား ၄၅ ကိုက်ပဲ ရှိတာကိုး”

“လေထီးသေးတော့ ဘာဖြစ်သလဲဗျ”

“လေထီးဆိုတာ သေးလေ ကျတဲ့အရှိန် မြန်လေပေါ့ဗျာ။ သင်္ချာသဘောနဲ့ ပြောရရင် ဧရိယာ ၄၅ စတုရန်းကိုက်ပဲ ရှိတဲ့ လေထီးဟာ ပုံမှန်လေထီးထက် ကျတဲ့အရှိန် နှစ်ဆယ် ရာခိုင်နှုန်း ပိုမြန်လိမ့်မယ် အင်စပက်တာကြီးရေ”

ထိုအဖြေကြောင့် မြွေသူတော်မောင်ဖြိုးတစ်ယောက် မျက်လုံး ပြူးသွားပြီး ‥





“ဟင် ‥ အဲဒီလောက် အရှိန်ပြင်းပြင်းနဲ့ကျရင် သေနိုင် သလားဗျ”

“သေတော့ မသေနိုင်လောက်ဘူးပေါ့ အင်စပက်တာကြီးရယ်။ ဒါပေမဲ့ အခန့်မသင့်ရင် ခြေထောက်ကျိုးတာတို့ ဘာတို့ လောက်တော့ ဖြစ်တတ်တယ်”

ထိုအခါ တစ်ချိန်လုံးငြိမ်နေသော ဆားပုလင်းသန်းအောင်က လှမ်းဝင်ပြီး ‥

“ဟင် ‥ ဒါဆို ကိုဘဆွေလေးကလည်း ခြေထောက်အရိုး အက်သွားတာဆိုတော့ ကွက်တိပါပဲလား၊ ဆရာဖြိုး သံသယ ဝင်တဲ့အတိုင်း ဟုတ်နေပြီ ထင်ပါရဲ့ဗျာ”

“ထင်မနေနဲ့ ငါ့လူရေ ‥ ဒါ ‥ သေသေချာချာ အကွက်ချ ကြံစည်ထားတဲ့ လူသတ်မှုပဲ ‥ သေချာတယ်”

“ဆရာ့ဘက်ကသာ သေချာနေတာ။ ကျွန်တော်တို့က သက်သေ သက္ခာယပြနိုင်မှ လူသတ်တရားခံကို ဖမ်းဆီးရမှာ မဟုတ်လား။ ဘဆွေလေးဆိုတဲ့လူက လေယာဉ်ကို ပျက်ကျ အောင် တမင်လုပ်ပြီး သူကျတော့ နိုးကြောင်နိုးဝှက်လေထီးနဲ့ ဆင်းသွားပါတယ်ဆိုတာ ဘယ်လိုသက်သေပြမလဲ”

“အင်း ‥ ခက်နေတာက အဲဒီအကွက်ပဲ ဆားပုလင်းရေ ‥ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာ ဒါမျိုးပေါ့ကွာ”

မြွေသူတော်မောင်ဖြိုး ညည်းညူလိုက်သောစကားကြောင့် ဆားပုလင်းသန်းအောင်က နဖူးတွင်စို့လာသော ချွေးများကို လက်ခုံဖြင့် ပွတ်သုတ်လိုက်ပြီး ‥



www.burmeseclassic.com

www.burmeseclassic.com

"ဘဆွေလေးဆိုတဲ့ လူကလဲ ဒီလောက်တောင် စေ့စေ့စပ်စပ် ကြံစည်နိုင်တယ်ဆိုမှတော့ အာဂလူပဲဗျ။ သူ သုံးခဲ့တဲ့ လေထီးကို သဲလွန်စကျန်အောင်တော့ ထားမှာ မဟုတ်ဘူး။ အခုလောက်ဆို ဖျက်များဖျက်ဆီးလိုက်ပြီလားမသိဘူးနော် ဆရာခြိမ့်"

"လေထီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်နိုင်လောက်အောင်တော့ အချိန်ရမယ် မထင်ဘူး။ မီးလောင်နေတဲ့ လေယာဉ်နဲ့ အတူ ရှိလိုက်ဖို့ဟာကလည်း ခဲယဉ်းလွန်းတယ်။ ဘာကြောင့်လဲဆိုတော့ လေယာဉ်ပျက်ကျပြီးပြီးချင်းမှာ သူတို့ကို မြင်လိုက်တဲ့ ခရီးသည်တင်ကားက ရောက်သွားတာ မဟုတ်လား .. သန်းအောင်ရဲ့"

"ဒါဆို လေထီးကို တစ်နေရာရာမှာ သူဝှက်ထားရမှာပေါ့နော် ဆရာခြိမ့် .. မြေကြီးထဲ တွင်းတူးပြီး မြှုပ်ရင်တောင် မြှုပ်ထားဦးမှာ .. ဘယ်လိုရှာမလဲ"

ဆားပုလင်းသန်းအောင်၏အပြောကြောင့် မြွေသူတော်မောင်ခြိမ့်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း စဉ်းစားနေသည်။ ထို့နောက် ဆူဗဒါမေဂျာ စောမိုးဇက်ကို ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ဆက်ကာ လေတပ်အဆောက်အအုံထဲမှ ထွက်လာခဲ့ကြလေတော့၏။

လမ်းတွင် မြွေသူတော်မောင်ခြိမ့်က ..

"ကော်ဖီထည့်ယူလာတယ်လို့ ပြောတဲ့ ဓာတ်ဘူးကို မင်း လုံးဝ ရှာမတွေ့ဘူးနော် သန်းအောင် ဟုတ်ရဲ့လား"

"သေချာတယ် ဆရာခြိမ့် .. လုံးဝမတွေ့ဘူး"





"အင်း .. စောစောကတည်းက အဲဒီဓာတ်ဘူးကို လေယာဉ်ပေါ်ကနေ လွှတ်ပစ်လိုက်တာ နေမှာပေါ့ကွာ"

"ဟုတ်လိမ့်မယ် ဆရာခြိမ့်"

"လေယာဉ်ပျက်ကျဖို့ သေချာသွားတော့မှ သူက လေထီးနဲ့ ခုန်ဆင်းရမှာမဟုတ်လား .. ဒါဆို သူ လေထီးဆင်းတဲ့နေရာဟာ ပျက်ကျတဲ့ နေရာအနီးတစ်ဝိုက်ပဲ ဖြစ်မှာကွ"

ဆားပုလင်းသန်းအောင်က ချွေးများစို့နေသော နဖူးပြောင်ပြောင်ကို ထပ်မံသုတ်လိုက်ရင်း ..

"အဲဒီအနီးတစ်ဝိုက်ဆိုတာလည်း ရှာဖို့ မသေချာလှပါဘူး ဆရာရယ် .. ပြီးတော့ အဲဒီလေယာဉ်ပေါ် သူ လေထီးကို ဝှက်ယူသွားသလားဆိုတာတောင် ကျွန်တော်တို့မှာ သက်သေပြစရာ မရှိပါဘူး"

"ဟ .. ရှိတာပေါ့ကွ .. လေကြောင်းပြမြေပုံသေတ္တာကို မင်း မေ့နေပြီလား။ အထဲမှာ ပြာတောင် တစ်မှုန်တစ်စမှမရှိဘဲ ပြောင်သလင်းခါနေတယ်လေ"

ဆားပုလင်းသန်းအောင်က ..

"စောစောက ဆူဗဒါမေဂျာစောမိုးဇက်ပြောတော့ အဲဒီသေတ္တာထဲမှာ ပုံမှန်လေထီးတစ်ခုထည့်လို့ မဆံ့ဘူးဆို"

"ပုံမှန်ထက်ငယ်အောင် ကိုယ့်ဘာသာကိုယ် လက်ဖြစ်ချုပ်ထားတဲ့ လေထီးဆိုရင်တော့ ဆံ့တယ်ကွ"

"ဟာ .. ဆရာခြိမ့်ရယ် .. ကိုယ့်ဘာသာကိုယ် လေထီးချုပ်ဖို့ဆိုတာက တော်တော်ကျွမ်းကျင်တဲ့သူမှ ဖြစ်မှာနော"


www.burmeseclassic.com

www.burmeseclassic.com

မြွေသူတော်မောင်ခြိမ့်က လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲသို့ ထိုးထည့်ရင်း ..

"ဘဆွေလေးက လေထီးနဲ့ပတ်သက်ပြီး တော်တော်ကျွမ်းကျင်တဲ့လူကွ .. သူ့အထက်အရာရှိ ဗိုလ်ချုပ်ဟယ်ဗင်နဲ့လည်း ငါ တွေ့ခဲ့ပြီးပြီ။ သူ့ရဲ့ စစ်ဘက်ဆိုင်ရာ အမှုထမ်းသက် မှတ်တမ်းကိုလည်း တောင်းကြည့်ပြီးပြီ၊ သူက ငါ့ကို ပြောပြထားသလိုမျိုး သာမည စစ်သားတော့ မဟုတ်ဘူး၊ သူတို့ရဲ့ Squadron မှာ အတော်ဆုံးကော်ပိုရယ်ပဲ"

မြွေသူတော်မောင်ခြိမ့်၏စကားကြောင့် ဆားပုလင်းသန့်အောင်မှာ ပါးစပ်အဟောင်းသား ပွင့်သွားလေတော့သည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် မှုတ်ထုတ်လိုက်ပြီး ..

"ဒါပေမဲ့ .. ဆရာခြိမ့်ရယ် .. သူ လေထီးခုန်ခဲ့တဲ့နေရာကို ဘယ်လိုတွေ့အောင်ရှာမလဲဗျ .. ဝါးနက်ချောင်း သစ်တောကြီးဝိုင်းဆိုတာက ကျယ်က ကျယ်ပါဘိသနဲ့ဗျာ"

ထိုအခါ မြွေသူတော်မောင်ခြိမ့်က သူတစ်ဦးတည်းသာ သိနိုင်သည့် အပြုံးမျိုး ပြုံးလိုက်ရင်း ..

"အဲဒီတော့လည်း ဝှက်ထားခဲ့တဲ့သူကိုပဲ ပြန်ရှာခိုင်းရမှာပေါ့ကွာ"

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သတည်း။

■







အခန်း(၁၁)

မြွေသူတော်မောင်ခြိမ့်က သူ့ကုတ်အင်္ကျီချိုင်းကြားအောက်တွင် ညှပ်ယူလာသော သီချင်းဓာတ်ပြားနှစ်ချပ်ကို ဘဆွေလေး၏ရှေ့စားပွဲပေါ်သို့ ချပြလိုက်ရင်း ..

"ဒါက ဟိုတစ်နေ့က ကိုလံဘီယာဓာတ်ပြားတိုက်မှာ ခင်ဗျားကျုပ်ကို လက်ဆောင်ပေးလိုက်တဲ့ဟာပဲ။ ဟောဒီတစ်ချပ်ကတော့ မေမြို့ လေယာဉ်ပြင်ခင်ထိန်းသိမ်းရေးမှာလုပ်တဲ့ စောဘလှဆီကို အကြောင်းကြားပြီး တောင်းယူထားတဲ့ဟာ .. ဒီတစ်ချပ်ကတော့ နည်းနည်းကြာပြီလို့ ပြောတယ်"

ဘဆွေလေးကတော့ ဓာတ်ပြားနှစ်ချပ်နှင့် အလုပ်ရှုပ်နေသည့် မြွေသူတော်မောင်ခြိမ့်ကို စိတ်ပျက်စွာကြည့်လိုက်ပြီး ..

"နေစမ်းပါဦးဗျ .. ခင်ဗျားက ဘာ့သဘောနဲ့ ကျုပ်တော့ကို ဒါတွေလာပြနေရတာလဲ ကိုမောင်ခြိမ့်"





www.burmeseclassic.com

www.burmeseclassic.com

"ဩော် .. ဒီလိုပါဗျာ။ ဓာတ်ပြားနှစ်ချပ်စလုံးကို ကျူပ် နား ထောင်ကြည့်လိုက်တော့ သီချင်းက တစ်ပုဒ်တည်းပဲ။ ဒါပေမဲ့ ဆိုထားတဲ့အသံက မတူဘူးလားလို့။ ဟိုနေရာမှာလေဗျာ .. နှစ်ယောက်တွဲ သံပြိုင်ဆိုရတဲ့အပိုဒ်မှာ မိန်းကလေးသံက ဓာတ်ပြားတစ်ချပ်နဲ့တစ်ချပ် မတူဘူးဖြစ်နေတယ်"

"ဒါများဗျာ။ ပထမဓာတ်ပြားအဟောင်းတုန်းက ဆုံးသွား တဲ့ မြနှစ်နဲ့ တွဲဆိုထားတာ။ ဓာတ်ပြားအသစ်မှာကျတော့ အဲဒီနေရာက စောယဉ်နွဲ့ဖြစ်သွားပြီလေ"

မြွေသူတော်မောင်ခြိမ့်က မျက်မှောင်တစ်ချက်ကုတ်ကာ စဉ်းစားလိုက်ပြီးနောက် ..

"နေစမ်းပါဦးဗျ။ ဒီဓာတ်ပြားအသစ်ကို အသံသွင်းတာ လွန်ခဲ့တဲ့ ၁ လလောက်ကဆို။ ဒါဆိုရင် မြနှစ်မသေခင် ၁၅ ရက်လောက်ကတည်းက မြနှစ်နေရာမှာ စောယဉ်နွဲ့နဲ့ အစားထိုးရတော့မယ်လို့ ခင်ဗျားက ကြိုသိနေတဲ့သဘောပေါ့ ဟုတ်လား ကိုဘဆွေလေး"

ထောက်လိုက်သော စကားတစ်ခွန်းကြောင့် ဘဆွေလေးက ကွက်ခနဲ မျက်နှာပျက်သွားပြီး ..

"ဟာ .. မဟုတ်ပါဘူးဗျာ။ ကျွန်တော်က အစကတည်းက မြနှစ်ရဲ့အသံကို ကြိုက်လှတာ မဟုတ်ဘူးဗျ။ စိတ်ကြိုက် တွဲဖက်မရှိသေးလို့သာ သုံးနေရတာ။ ဒီဓာတ်ပြားအသစ် ကို သွင်းရတာကလည်း စောယဉ်နွဲ့ကို ကျွန်တော် သေသေ ချာချာ လေ့ကျင့်ပေးထားပြီးပြီဆိုတော့ ဘယ်နှယ့်နေမလဲလို့





စမ်းချင်လို့ပါ"

"ဩော် .. ဒီလိုကိုး"

မြွေသူတော်မောင်ခြိမ့်က ဘဝင်ကျသွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း သူ့အင်္ကျီအိတ်ကပ်ထဲမှ ဗိုလ်လသာ ဆေးပြင်း လိပ်အသစ်တစ်လိပ်ကို မီးညှိလိုက်ပြီး ..

"ကျေးဇူးပဲ ကိုဘဆွေလေးရေ .. ဒီအမှုမှာလိုအပ်နေတဲ့ ကွင်းဆက်တွေအားလုံး ပြည့်စုံသွားပါပြီဗျာ။ အခု ကိုဘဆွေ လေး ပြောသမျှကို ရီပို့တင်လိုက်ရုံနဲ့တင် အမှုက လုံးဝပိတ် သိမ်းလို့ ရသလောက် ဖြစ်သွားပြီမို့။ အချက်အလက် အသေး စိတ်တွေ ထောင့်စေ့လွန်းလို့ ရဲမင်းကြီးကတောင် ချီးကျူး ဦးမလား မသိပါဘူး"

"ခင်ဗျားကတော့ တကယ်ကို ချီးကျူးခံထိုက်သူပါ ကိုမောင်ခြိမ့် ရာ။ စေ့လည်း စေ့စပ်ပါပေတယ်"

ထိုအခါမှပင် မြွေသူတော်မောင်ခြိမ့်လည်း တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားဟန်ဖြင့် ..

"ဟာ .. ချီးကျူးမစောနဲ့ဦးဗျို့။ အခု ခင်ဗျားပြောလိုက်မှပဲ တစ်ခု သတိရသွားတာ ရှိတယ်။ နေဦး .. နေဦး တစ်ဆိတ် ဗျာ .. ခင်ဗျား တယ်လီဖုန်းနဲ့ စီအိုင်ဒီကို တစ်ချက်လောက် ဆက်ပါရစေ"

"ဆက်ပါဗျာ .. ဆက်ပါ"

မြွေသူတော်မောင်ခြိမ့်က အခန်းထောင့်ရှိ စားပွဲလေးပေါ် တင်ထားသော တယ်လီဖုန်းရှိရာဆီသို့ သွားပြီး အော်ပရေတာကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ကာ အင်းစိန် စီအိုင်ဒီရုံးသို့ လိုင်းချိတ်ပေးရန် ပြောလိုက်၏။

ဘဆွေလေးကတော့ အမှုကိစ္စပြီးသွားပြီဖြစ်သောကြောင့် စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သူ့လက်စွဲတော် အကော်ဒီယံကို ပိုက်ကာ ခလုတ်များကို တို့ထိ ဆော့ကစားနေသည်။

မြွေသူတော်မောင်ခြိမ့်ကတော့ စီအိုင်ဒီရုံးနှင့် အဆက်အသွယ် ရသည်နှင့်တစ်ပြိုင်နက် ..

''ဟယ်လို .. အိုင်ပီဘဦးလား .. ကျုပ် မောင်ခြိမ့်ပါဗျ .. ဘယ့်နှယ့်လဲ .. ထောက်ကြန့်က ကင်းထောက်လူငယ်အဖွဲ့နဲ့ အဆက်အသွယ်ရပြီလား''

''x x x x''

''အေးဗျာ .. လူအင်အားမလောက်ရင် အင်းစိန်မှာရှိတဲ့ ဖဆပလလူငယ်အဖွဲ့ကိုပါ အကူအညီတောင်းရမှာပဲ .. အဲဒီမှာ ခေါင်းဆောင် သခင်ထွန်းအုံတို့ ဘာတို့နဲ့လည်း ကျုပ် ရင်းနှီးပါတယ်ဗျ''

''x x x x''

''အရေးကြီးတာက သစ်တောဌာနကလူတွေ ဖိဖိစီးစီးဝင်ကူညီဖို့ပဲ လိုတာ။ အဲဒါကိုတော့ ရဲမင်းကြီးဆီကနေ တရားဝင်စာထွက်မှ ဟန်ကျလိမ့်မယ်''

''x x x x''

''သြော် .. ဒီလိုလား .. အားလုံး အဆင်သင့်ဖြစ်နေပြီဆိုရင်တော့ မနက်ဖြန်မနက်စောစော စကြတာပေါ့''

''x x x x''





''ကျေးဇူးတင်တယ် ကိုဘဦးရေ။ အဖွဲ့အားလုံးကို ဝါးနက်ချောင်းသစ်တောကြိုးဝိုင်းဆီ မနက် ၅ နာရီအရောက်လာခဲ့ဖို့ ချိန်းလိုက်ပါ''

''x x x x''

''ကျေးဇူးပဲဗျ .. ဒါပဲနော် .. ဖုန်းချလိုက်တော့မယ်''

မြွေသူတော်မောင်ခြိမ့်၏ ဖုန်းပြောနေသံကို အတိုင်းသားကြားနေရသော ဘဆွေလေး၏ လက်ချောင်းများက အကော်ဒီယံခလုတ်ကို တို့ထိနေရာမှ ရုပ်တန့်သွားလေတော့၏။

ဟင် .. ဝါးနက်ချောင်းသစ်တောကြိုးဝိုင်းဆိုပါလား။ ဒါ .. ဒါ လေယာဉ်ပျက်ကျခဲ့တဲ့ နေရာပဲ။ သစ်တောဘက်ကလူတွေရော၊ ကင်းထောက်အဖွဲ့တွေပါ လူစုံတက်စုံခေါ်ပြီး ဘာလုပ်ကြမလို့ပါလိမ့်။

မြွေသူတော်မောင်ခြိမ့်က တယ်လီဖုန်းကို ချပြီး ပြန်လှည့်လာသည်နှင့် တစ်ပြိုင်နက် ဘဆွေလေးက ဟန်ပင်မဆောင်နိုင်တော့ဘဲ လှမ်းမေးလိုက်၏။

''ခင်ဗျားကိစ္စက ကျွန်တော်နဲ့များ ပတ်သက်နေသလား ကိုမောင်ခြိမ့်''

''အစစ်ပဲဗျို့ .. ကျုပ်တောင် ခင်ဗျားကို ပြောသင့်မပြောသင့် ချိန်ဆနေတာ''

''ပြောမှာသာ ပြောစမ်းပါဗျာ''

မြွေသူတော်မောင်ခြိမ့်က သတိကြီးစွာထားပြီး နှုတ်ပိတ်လုပ်နေရာမှ နောက်ဆုံးတွင် ..

''ဟိုနေ့ညက လေယာဉ်ပေါ်မှာ ဓာတ်ဘူးထဲက ကော်ဖီကို

www.burmeseclassic.com

ခင်ဗျား သောက်လိုက်မိသေးလား''

''ဟင့်အင်း ‥ မသောက်မိဘူး ကိုမောင်ခြိမ့်''

မြွေသူတော်မောင်ခြိမ့်က လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ‥

အဲဒါ ခင်ဗျား ကံကောင်းသွားတာပေါ့ဗျ ‥ ဘုရားမတာပဲဗျို့''

''ဟင် ‥ ဘာဖြစ်လို့လဲ''

''ဒေါ်မေရီသန်းခင်နဲ့ မြနှစ်တို့ရဲ့ အလောင်းတွေကို ရင်ခွဲစစ်ဆေးကြည့်လိုက်တော့ သူတို့ခန္ဓာကိုယ်ထဲက အစာအိမ်ထဲမှာ တွေ့ရတဲ့ အိပ်ဆေးပမာဏဟာ သာမန်အမူးပြေရုံသောက်တဲ့ ပမာဏထက် အများကြီး ပိုနေတယ်ဗျ။ ရှင်းရှင်းပြောရရင် လူကို သေစေနိုင်လောက်တဲ့ ပမာဏအထိ များနေတာကို တွေ့ရတယ်''

''အလို ‥ ခင်ဗျား နောက်နေတာတော့ မဟုတ်ပါဘူးနော် ကိုမောင်ခြိမ့်''

မြွေသူတော်မောင်ခြိမ့်က ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပြလိုက်ပြီးမှ ‥

''ကျုပ်ထင်တာကတော့ ခင်ဗျားကို သေစေချင်လို့ ရည်ရွယ်ပြီး တစ်ယောက်ယောက်က ကော်ဖီထဲ အိပ်ဆေးထည့် လုပ်ကြံတာလို့ ယူဆတယ်ဗျို့''

''ဘယ်သူကများ ကျွန်တော့်ကို သေစေချင်ရမှာလဲဗျ''

''ဒါတော့ ပြောလို့ဘယ်ရမလဲ ကိုဘဆွေလေးရယ်။ ခင်ဗျားက အဆိုမှာလည်း နာမည်ကြီးတယ်။ မကြာခင်မှာလည်း





ပြဇာတ်လောကထဲဝင်ပြီး အောင်မြင်တော့မှာဆိုတော့ မလိုမုန်းထားသူ ရှိနိုင်တာပဲလေ။ ဒီကိစ္စက ပေါ့သေးသေး မဟုတ်ဘူးဗျ။ အဲဒီလူသတ်သမားကို တွေ့အောင်ရှာရမယ်။ ကျုပ်ကတော့ လေယာဉ်ပေါ်က လွှင့်ကျသွားတဲ့ ခတ်ဘူးကို တွေ့အောင်ရှာ နိုင်ရင် အဲဒီလူကို ကြိမ်းသေပေါက် မိမှာပဲလို့ တွက်ထားတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ခတ်ဘူးပေါ်မှာ ခင်ဗျားရယ်၊ ခင်ဗျားမိန်းမရယ် ‥ အဲ ‥ ပြီးတော့ မြနှစ် ‥ ဒီသုံးယောက်ရဲ့ လက်ဗွေရာတွေအပြင် တွေ့ရမှာက လူသတ်သမားရဲ့ လက်ဗွေရာပဲ ဖြစ်ဖို့ရှိတယ် မဟုတ်လား''

ဘဆွေလေးက အလိုမကျဟန်နှင့် မျက်မှောင်ကုတ်လိုက်ပြီး ‥

''ဘယ်ဆီကို လွှင့်လို့ လွင့်သွားမှန်းမသိတဲ့ ခတ်ဘူးတစ်လုံးကို လိုက်ရှာလို့ တွေ့မတဲ့လားဗျ''

''ဟာ ‥ မတွေ့မှာတော့ မပူနဲ့ ကိုဘဆွေလေးရေ။ သစ်တောဘက်က လူတွေရော၊ ကင်းထောက်အဖွဲ့ရော၊ ဖဆပလ လူငယ်အဖွဲ့တွေကိုရော ကျုပ် အကူအညီတောင်းထားတယ်ဗျို့။ ဝိုင်းရှာပေးမယ့်လူတွေမှ မနည်းမနောပဲဗျာ။ ဝါးနက်ချောင်းသစ်တောကြိုးဝိုင်းတစ်ခုလုံးကို တစ်လက်မချင်းစီ ပိုက်စိတ်တိုက်ပြီး မြေလှန်ရှာပစ်မယ် ‥ တစ်ရက်နဲ့မပြီးရင် နှစ်ရက်၊ နှစ်ရက်နဲ့ မပြီးရင် သုံးရက်ပေါ့ဗျာ''

မြွေသူတော်မောင်ခြိမ့်၏စကားကြောင့် ဘဆွေလေး ငြိမ်သက်သွားသည်။ အဲဒီလိုသာ လူအင်အားများများနှင့် စေ့စေ့စပ်စပ်ရှာမည်

www.burmeseclassic.com

ဆိုပါက သူဝှက်ထားခဲ့သော လေထီးကို တွေ့သွားမှာ သေချာသလောက် ဖြစ်နေလေပြီ။ ဒါဆိုရင်တော့ ..

ဘဆွေလေး၏ မျက်လုံးထဲတွင် ရန်ကုန်ထောင်ကြီး အတွင်းရှိ ကြိုးစင်ကို မြင်ယောင်လာပြီး ဇောချွေးပြန်လာသောကြောင့် သက်ပြင်းကို 'ဟူး'ခနဲ မှုတ်ထုတ်လိုက်လေ၏။

မြွေသူတော်မောင်ခြိမ့်က ..

''အဲဒီလောက်လည်း စိတ်ပျက်လက်ပျက် သက်ပြင်းချစရာ မလိုပါဘူးဗျာ။ ခင်ဗျားရဲ့ လုံခြုံရေးအတွက်လည်း ကျုပ် စဉ်းစားထားပြီးသားပါ။ ကျုပ်တို့ ဓာတ်ဘူးကို ရှာနေတဲ့ ကာလပတ်လုံး ခင်ဗျားကို နောက်ထပ်လာပြီး လုပ်ကြံလို့မရအောင် အနားမှာ ပုလိပ်နှစ်ယောက် အစောင့်အကြပ်ချထားပေးမယ်ဗျို့။ ဘယ့်နှယ့်လဲ''

'ဒါတော့ မဖြစ်နိုင်ဘူး'ဟု ဘဆွေလေးစိတ်ထဲက တွေးမိပြီး ခေါင်းကို အလိုလိုခါယမ်းမိလျက်သား ဖြစ်သွား၏။ သူ့အနားမှာ ပုလိပ်နှစ်ယောက် အမြဲရှိနေမှတော့ တောထဲတွင် ဝှက်ထားခဲ့သော လေထီးကို လက်စဖျောက် ဖျက်ဆီးပစ်ဖို့ ဘယ်လိုမှ အခွင့်အရေး ရနိုင်တော့မည် မဟုတ်ချေ။

သူတို့တွေ တောနင်းရှာဖွေမှာကလည်း မနက်ဖြန်မနက် အစောကြီးဆိုတော့ သူ့အတွက် ဒီတစ်ညသာ အခွင့်အရေးရတော့သည်။

ထိုစဉ် မြွေသူတော်မောင်ခြိမ့်က ..





"ဘာဖြစ်လို့ ခေါင်းခါရတာလဲ ကိုဘဆွေလေးရဲ့။ ခင်ဗျားအတွက် ပုလိပ် အစောင့်အရှောက်ထားပေးတာ မကြိုက်လို့လား"

"ကျွန်တော့်အတွက် အပင်ပန်းခံ စီစဉ်ပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ ခက်နေတာက ဒီညနေပဲ ကျွန်တော်က အက်(စ်)အက်(စ်)မာရှူးသင်္ဘောနဲ့ ကာလကတ္တားကို လိုက်သွားမလို့"

"ဗျာ .."

မျှော်လင့်မထားသော ဘဆွေလေး၏ တုံ့ပြန်မှုကြောင့် မြွေသူတော်မောင်ခြိမ့် တအံ့တဩဖြစ်ကာ ငိုင်ကျသွား၏။ ပြီးတော့မှ အမူအရာမပျက်စေဘဲ ..

"ဩော် .. ခင်ဗျားက စီစဉ်ထားပြီးသားဖြစ်နေမှတော့ ဘယ်တတ်နိုင်မလဲဗျာ။ သွားစရာရှိတာ သွားရမှာပေါ့။ ဒါနဲ့ ဘယ်အချိန်လောက် အိမ်ကထွက်ဖို့ စီစဉ်ထားလဲ ကိုဘဆွေလေးရဲ့"

"ရေဝန်ရုံးကြီးက မှာထားတာကတော့ ပန်းဆိုးတန်းဆိပ်ကမ်းကို ဒီနေ့ နေ့လယ် ၂ နာရီလောက် လာရမယ်တဲ့ ကိုမောင်ခြိမ့်ရေ"

မြွေသူတော်မောင်ခြိမ့်ကား ခေါင်းတညိတ်ညိတ်ဖြင့် ဒေါသြည့်နေရုံမှ တစ်ပါး ဘာမှ မတတ်နိုင်တော့ချေ။

■



www.burmeseclassic.com

www.burmeseclassic.com


ကျောက်မြောင်း သတိပဋ္ဌာန်လမ်းထိပ်နားတွင် ရပ်ထားသော ဂျစ်ကားပေါ်၌ မြွေသူတော်မောင်ခြိမ့်နှင့် ဆားပုလင်းသန်းအောင်တို့ နှစ်ယောက်သား ဦးခေါင်းများပုကာ ချောင်းနေကြသည်။ ခဏအကြာတွင် ဘဆွေလေး၏ အိမ်ထဲမှ ခရီးဆောင်သေတ္တာများ အပြည့်တင်ဆောင်ထားသော မေဖလားဝါးကားအနက်ရောင်တစ်စီး ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုကားကို ဘဆွေလေးကိုယ်တိုင် မောင်းလာခြင်းဖြစ်၏။ ကားလေးက ကျောက်မြောင်းလမ်းမှတစ်ဆင့် ဘိုးလိန်းလမ်းအတိုင်း ထောင်တက်သွားပြီး ပန်းဆိုးတန်းဘက်သို့ မောင်းနှင်သွားသဖြင့် မြွေသူတော်မောင်ခြိမ့်တို့လည်း မသိမသာ နောက်ယောင်ခံကာ လိုက်ခဲ့ကြလေတော့သည်။



"ဒီလောက် အရေးကြီးနေတဲ့အချိန်မှာ ဘာဖြစ်လို့ ဒီလူ ခရီးထွက်ရသလဲဆိုတာကို ငါတော့ နားမလည်နိုင်တော့ဘူး သန်းအောင်ရေ"

ဟု မောင်ခြိမ့်က ညည်းညည်းတွားတွားပြောလိုက်၏။

ဆားပုလင်းသန်းအောင်က ..

"ဆရာခြိမ့်ထင်သလို သူက လူသတ်သမားမဟုတ်ဘဲ မိုးရိုးသားသား သွားလာနေတာရော မဖြစ်နိုင်ဘူးလား ဆရာ"

ထိုအမေးကို မြွေသူတော်မောင်ခြိမ့်တစ်ယောက် ဘယ်လိုဖြေရမှန်းမသိ ဖြစ်နေသည်။

ဝေဟင်ထဲမှာသတ်ဖြတ်ခဲ့သည့် လူသတ်မှုဖြစ်သောကြောင့်ပင် လူသတ်သမား၏ ခြေရာသည် လေထဲမှာ ပျောက်ဆုံးနေပြီလား။

ထိုစဉ်မှာပင် ဘဆွေလေးက မေဖလားဝါးကားနက်ကလေးကို ရေဝန်ရုံးရှေ့၌ ထိုးရပ်လိုက်၏။ ထို့နောက် ကူလီကိုခေါ်ကာ ခရီးဆောင်အိတ်များကို သယ်စေပြီး သူကိုယ်တိုင်ကတော့ တုတ်ကောက်ကို ထောနင်းထောနင်းထောက်လျက် ဆိပ်ခံဘောတံတားဆီသို့ လျှောက်သွားလေ၏။

ထိုခေတ်က ပန်းဆိုးတန်းဆိပ်ကမ်းမှနေ၍ ခရီးသည်များကို သင်္ဘောငယ်ကလေးများဖြင့် ပင်လယ်ဝ၌ ရပ်ထားသော နိုင်ငံခြားသွား သင်္ဘောကြီးဆီ ကူးတို့ ပို့ပေးလေ့ရှိသည်။

မောင်ခြိမ့်ကလည်း ဘဆွေလေးကို မျက်ခြည်ပြတ်သွားမှာ စိုးသဖြင့် ခပ်သုတ်သုတ်လိုက်ရသည်။ သူ့ကို ဘဆွေလေး မြင်သွားမှာစိုးသောကြောင့် ခေါင်းငုံ့ကာ ခါးကိုင်းထားရသေး၏။ သို့သော် မရပ်ချေ။

www.burmeseclassic.com

လုံခြုံရေးအရ သဘော်စီးခရီးသည်များကို တစ်ဦးချင်းစီ ရှာဖွေနေသော ရေကြောင်းပုလိပ်အရာရှိတစ်ဦးနားအရောက်တွင် ဘဆွေလေးက တုံ့ခနဲရပ်လိုက်ပြီး နောက်သို့ လှည့်ကြည့်ကာ ..

"ဗျို့ .. ကိုမောင်ခြိမ့်မဟုတ်လား"

ပုန်းလျှိုးကွယ်လျှိုးလိုက်ချောင်းကာမှ လူမိသွားသဖြင့် မြွေသူတော်မောင်ခြိမ့်က ရှက်ကိုးရှက်ကန်းဖြစ်ကာ ရယ်ပြလိုက်သည်။ ဘဆွေလေးက ..

"ခင်ဗျား ကျွန်တော့်နောက်ကို ဘာဖြစ်လို့ လိုက်ချောင်းနေတာလဲဗျ"

"ဟို .. ဟိုဒင်း လိုက်ချောင်းတာ မဟုတ်ပါဘူးဗျာ။ ခင်ဗျား အသက်အန္တရာယ်ဖြစ်မှာစိုးလို့ လိုရမည်ရ လိုက်စောင့်ရှောက်တာပါ။ တော်ကြာ ခင်ဗျား တစ်ခုခုဖြစ်သွားရင် ရဲမင်းကြီးက ကျုပ်ကိုပဲ ဖိထောင်းမှာဗျ"

အိုးနင်းခွက်နင်းပြောနေသော မြွေသူတော်မောင်ခြိမ့်၏ ဆင်ခြေကြောင့် ဘဆွေလေးက သရော်တော်တော်ရယ်လိုက်ပြီး ..

"တော်စမ်းပါဗျာ .. ခင်ဗျားတို့ ပုလိပ်တွေက စကားကို ဝမ်းထဲမှာရှိတဲ့အတိုင်း ဖြောင့်ဖြောင့်မပြောတတ်ကြပါဘူး။ ထားပါလေ .. ဒါက ခင်ဗျားကိစ္စပါ။ ကျွန်တော်ကတော့ သွားပြီဗျို့။ နှုတ်ဆက်ခဲ့ပါတယ်"

ဘဆွေလေးက သောတံတားဆီသို့ ဆင်းခွင့်ရမှတ်ရဖို့ လုံခြုံရေးစစ်ဆေးနေသော ပုလိပ်ရှေ့တွင် ရပ်လိုက်သည်။ ထိုပုလိပ်အရာရှိက ..





"လူကြီးမင်း အင်္ကျီအိတ်ထဲမှာပါတဲ့ ဟာတွေ တစ်ဆိတ်လောက် ထုတ်ပြပါခင်ဗျာ"

ဘဆွေလေး၏ ကုတ်အင်္ကျီအိတ်ထဲမှ ငွေအကြွေစအချို့၊ အိတ်ဆောင်ဓာတ်မီးငယ် တစ်လက်၊ ဓားသွားပါသော လက်သည်းညှပ်တစ်ခုနှင့် နေရှင်နယ်ကား အငှားကုမ္ပဏီတံဆိပ်ပြားတပ်ဆင်ထားသော ကားသော့တစ်တွဲ ထွက်လာ၏။

ပုလိပ်အရာရှိက ဓားသွားပါသော လက်သည်းညှပ်ကို သိမ်းယူထားလိုက်ပြီး ဘဆွေလေးကို ဆိပ်ခံသောတံတားဆီသို့ ဆင်းခွင့်ပြုလိုက်သည်။ ဘဆွေလေးကား သီချင်းလေးတညည်းညည်းနှင့်ပင် လျှောက်သွားလေတော့သည်။

မြွေသူတော်မောင်ခြိမ့်က ထိုမြင်ကွင်းကို အစအဆုံးကြည့်နေပြီးမှ သက်ပြင်းကို လေးလေးပင်ပင်ချကာ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

ဂျစ်ကားပေါ်ကိုရောက်တော့ ဆားပုလင်းသန်းအောင်က ..

"ဘာထူးသလဲ ဆရာခြိမ့် .."

"ဟူး .. ဘာမှ မထူးပါဘူးကွာ .. ဒီလူ့ကို ကြည့်ရတာ တကယ်ခရီးသွားတဲ့ပုံပဲကွ။ ငါ ထင်ထားတာနဲ့တော့ လွဲပြီနဲ့ တူပါရဲ့ကွာ။ သူ့မှာ တကယ်အပြစ်မရှိတာလည်း ဖြစ်နိုင်ပါတယ်"

စိတ်ဓာတ်ကျနေသော မြွေသူတော်မောင်ခြိမ့်၏စကားကြောင့် ဆားပုလင်းသန်းအောင်က ..


"ကိုင်း .. ဒါဆိုလည်း စီဆိုင်ဒီရုံးကိုပဲ ပြန်ကြရအောင် ဆရာရယ်"



www.burmeseclassic.com

www.burmeseclassic.com





ဟုပြောရင်း စက်နှိုးဖို့ ကားသော့ကို လှမ်းဖွင့်လိုက်၏။

ကားသော့ကို သတိထားလိုက်မိသည်နှင့်တစ်ပြိုင်နက် မြွေသူတော်မောင်ခြိမ့်က တစ်စုံတစ်ခုကို တွေးမိပြီး မျက်နှာဝင်းလက်သွားလေတော့သည်။

■



## အခန်း(၁၂)

ပဲခူးရိုးမ၏ အဆုံးသတ်ဖြစ်သော လှော်ကားဝါးနက်ချောင်း သစ်တောကြိုးဝိုင်းသည် ညအမှောင်အောက်တွင် ဝပ်ဆင်းငြိမ်သက်နေ၏။ လရောင်က မှုန်မှုန်မွှားမွှားနှင့် ပုရစ်ပိုးမွှားသံတွေက တစီစီအော်မြည်နေ၏။

မှတ်သုံဝင်စ လေရူးကြောင့် သစ်ပင်ကိုင်းရွက်အချင်းချင်း ပွတ်တိုက်သံကိုလည်း ရံဖန်ရံခါ ကြားရသည်။ ရေသောက်ဆင်းကြသော ဒရယ်၊ ဂျီ၊ တောဝက်တို့၏ အသံကလည်း တစ်ချက်တစ်ချက် ထွက်ပေါ်လာတတ်သေး၏။

ထိုတောစပ်သို့ မေဖလားဝါးကားနက်လေးတစ်စီးက အရှိန်ခပ်ပြင်းပြင်းဖြင့် မောင်းနှင်လာသည်။ လေယာဉ်ပျက်ကျထားရာနေရာနှင့် မနီးမဝေးသို့ ရောက်သည့်အခါ ကားကို ရပ်လိုက်ပြီး ကားတံခါးကို စက်မသတ်သေးဘဲ ဘဆွေလေးက တုတ်ကောက်ကို အားပြုပြီး ဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အေးမြသောရာသီဥတုမှာပင် သူ့နဖူးပြင်က ချွေးတွေ ရွှဲရွှဲစို နေလေသည်။

"ဟာ . . ဟုတ်ပြီ . . မှတ်မိပြီ။ ငါ လေထီးကို ဝှက်ခဲ့တာ ဟောဟိုက တောင်ကမ်းပါးပေါ်မှာပဲ"

လေယာဉ်ပျက်ကျရာနှင့် အနီးတစ်ဝိုက်ကို အကဲခတ်ရင်း သူ လိုချင်သောနေရာကို တိတိကျကျမှတ်မိသွားသည့်အနက် ဝမ်းသာ အူမြူးသည့်အရိပ်အယောင်တွေ သူ့မျက်နှာတွင် ဖုံးမရ ဖိမရပေါ်လာ သည်။ ထို့နောက် တုတ်ကောက်ကို အားပြုလျက် အပြေးတစ်ပိုင်း တက်လေတော့သည်။

ခြေထောက်နာနေသည်ကို အမှုမထားနိုင်တော့။ သူ့အတွက် အချိန်က ရွှေထက်မက တန်ဖိုးရှိနေသည် မဟုတ်လား။ ဒါကြောင့်ပင် သဘော်ဖြင့် လိုက်သွားမည်ဟု အယောင်ပြပြီး ကုန်းပတ်ပေါ်တက်ခါနီး တော့မှ လက်မှတ်ခအဆုံးခံကာ ပန်းဆိုးတန်းဆိပ်ကမ်းသို့ တစ်ကျော့ ပြန်လိုက်လာခြင်း ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းကို တက်မိတော့လည်း ပေါ်ပေါ်ထင်ထင် မသွားဝံ့သေး။ ညမှောင်တော့မှ ရေဝန်ရုံးရှေ့တွင် ရပ်ထားခဲ့သော ကား ကို ယူကာ ဒီကို မောင်းလာရခြင်း ဖြစ်သည်။

အချိန်လင့်၍ မဖြစ်။ မနက် ၅ နာရီဆိုလျှင် တောနင်းရှာ မည့်သူတွေ ရောက်လာကြတော့မည် မဟုတ်လား။

■





ကမ်းပါးယံပေါ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူ့ စိတ်ထဲတွင် စွဲစွဲမြဲမြဲမှတ်မိနေသော သစ်လုံးကြီးကို အထင်းသား တွေ့ လိုက်ရသည်။ သူက တုတ်ကောက်ကို ဘေးမှာချပြီး သစ်လုံးကြီးကို တစ်ဖက်သို့ လည်သွားအောင် ဆွဲလှန်သည်။

ချွေးပြိုက်ပြိုက်ကျအောင် ကြိုးစားတော့မှ သစ်လုံးက ဘေး တစ်စောင်းလိမ့်သွားပြီး အောက်ရှိ သစ်ခေါင်းပေါက်ကြီး ပေါ်လာလေ တော့သည်။ ထိုသစ်ခေါင်းပေါက်ထဲတွင်ကား သူဝှက်ထားခဲ့သည့် လေထီး ကို ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့လိုက်ရသည်။

ဘာခွေလေးက ပျော်လွန်းသဖြင့် အသံထွက်အောင်ပင် ခပ်တိုး တိုး ရယ်လိုက်မိ၏။

'တော်ပါသေးရဲ့။ အချိန်မီပဲ။ ဒီလေထီးကို မီးရှို့ဖျောက်ဖျက် ပစ်ရမယ်။ ဒါဆိုရင် ငါ့ကို ဘယ်သူမှ သံသယဖြစ်လို့မရတော့ ဘူး။ လူသတ်မှုနဲ့လည်း စွဲချက်တင်လို့ မရတော့ဘူး . . ဟား . . ဟား . . "



www.burmeseclassic.com

www.burmeseclassic.com

ဘဆွေလေးက လေထီးကို လိပ်ကာ ကျစ်ကျစ်ပါအောင် ဖွေ့ရင်း တောင်ကမ်းပါးယံအတိုင်း အမြန်ပြန်ဆင်းလာခဲ့၏။ လေယာဉ်ပျက်ကျရာအနီးသို့ရောက်တော့ ဟောဟဲလိုက်နေသဖြင့် ခြေလှမ်းတွေကို ခဏရပ်ကာ အမောဖြေရသည်။

ကားဆီကိုသွားပြီး ဟောဒီလေထီးကိုသယ်ကာ မောင်းထွက်သွားလိုက်လျှင် အစစအရာရာ ကိစ္စပြီးပြီ။ လွတ်ပြီ ‥ ကျွတ်ပြီ။

ထိုအတွေးဖြင့် ဘဆွေလေးက သူ ကားရပ်ထားရာနေရာဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ ‥

'ချောက် ‥'

သူ့ကားမှ ရှေ့မီးကြီးများ လင်းသွားပြီး ဓာတ်ခုံပေါ်ကလူကို ဆလိုက်မီးထိုးထားသလို လေထီးပိုက်လျက်သား သူ့ကို ထိန်ထိန်လင်းအောင် ထိုးထားလေတော့သည်။

"ဟင် ‥"

ကားရှေ့မီးများကို ဖွင့်လိုက်သူမှာ အခြားမဟုတ်။ မြွေသူတော်မောင်ခြိမ့်ပင်။ ဘဆွေလေးကတော့ နေရာမှ တစ်လှမ်းမျှပင် မရွေ့နိုင်။ အံ့ဩခြင်း၊ တုန်လှုပ်ခြင်းတို့ဖြင့် တစ်ကိုယ်လုံး ကျောက်သားရုပ်ထုတစ်ခုလို တောင့်တင်းအေးစက်နေ၏။

မြွေသူတော်မောင်ခြိမ့်က သူ့ဆီသို့ တစ်လှမ်းချင်း လျှောက်လာပြီး ‥

"ပေးပါ ကိုဘဆွေလေးရယ် ‥ ခင်ဗျားလက်ထဲက လေထီးကို ကျုပ် ကူသယ်ပေးပါ့မယ်"





ပြောပြောဆိုဆိုနှင့် ဘဆွေလေး၏ ရင်ခွင်ထဲမှ လေထီးကို လှမ်းယူပြီး ကားဆီသို့ ပြန်သွားကာ နောက်ခန်းထဲ၌ ထည့်လိုက်၏။

ဘဆွေလေးက ခြောက်သွေ့နေသော နှုတ်ခမ်းများကို လျှာဖြင့် သပ်လိုက်ရင်း ‥

"ခင်ဗျား ‥ ကျွန်တော့်ကို နောက်ယောင်ခံလိုက်လာတာလား ကိုမောင်ခြိမ့်"

"မဟုတ်ပါဘူးဗျာ ‥ ခင်ဗျား ပန်းဆိုးတန်းကနေ ညမှောင်မှ ထွက်လာမှာရယ်၊ ဒီကိုရောက်ဖို့ တစ်နာရီသာသာ မောင်းရမှာရယ်ကို တွက်ပြီး လွန်ခဲ့တဲ့ ၄၅ မိနစ်လောက်ကမှ ဟောဒီနားတစ်ဝိုက်မှာ လာစောင့်နေတာပါ"

"ဩော် ‥ ဒါဆို ခင်ဗျားက ကျွန်တော် သဘောနဲ့ လိုက်မသွားဘဲ ဒီကိုလာမယ်ဆိုတာ ကြိုသိနေတာပေါ့"

"တခြားကြောင့် သိသွားတာ မဟုတ်ပါဘူး။ ဆိပ်ခံတံတားမှာ ခင်ဗျားကို ပုလိပ်က ရှာတော့ ခင်ဗျားအကျီထဲကထွက်လာတဲ့ နေရှင်နယ်ကားအငှားကုမ္ပဏီကတ်ပြားနဲ့ ကားသော့ကြောင့် သတိထားလိုက်တာပါပဲဗျာ။ အိန္ဒိယကိုသွားမယ့် လူတစ်ယောက်ဟာ ငှားထားတဲ့ကားကို ပြန်မအပ်ဘဲ ဘာလို့ ကားသော့ယူသွားမှာလဲဆိုတာ တွေးလိုက်မိလို့ပေါ့။ ဒီနေ့အဖို့ ကျိန်းသေပေါက် ဟောဒီကားကို ခင်ဗျားသုံးမယ်ဆိုတာ သေချာသွားပြီလေဗျာ"

ဘဆွေလေးတစ်ယောက် မည်သို့မျှ စောဒကတက်နိုင်တော့ပေ။


www.burmeseclassic.com

www.burmeseclassic.com

မြွေသူတော်မောင်ခြိမ့်က ..

"ကဲ .. ကားထဲဝင်ထိုင်ပါ ကိုဘဆွေလေးရယ် .. ခင်ဗျား ကားကို ကျုပ်ကပဲ မောင်းပေးပါ့မယ် .. ဒီပုံစံအတိုင်းသာ ဆိုရင် ခင်ဗျား ကားမောင်းနိုင်မှာ မဟုတ်ဘူး"

ဘဆွေလေးက ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်ရင်း ..

"ကောင်းပါတယ်ဗျာ။ အမှုမှန်ပေါ်သွားပြီဆိုတော့ ကျွန်တော် လည်း ရင်တထိတ်ထိတ်နဲ့ စိတ်မောမနေရတော့ဘူးပေါ့။ ကျွန်တော့်မှာလည်း ကိုယ့်ဘဝကိုကိုယ် လွတ်မြောက်ချင်လို့ ရာဇဝတ်မှုကြီးကို ကျူးလွန်မိခါမှ ငါ ဘယ်တော့အဖမ်းခံရ မလဲဆိုတဲ့ သောကထဲမှာ မနက် မျက်စိနှစ်လုံးပွင့်တိုင်း အကျဉ်းခံနေရတဲ့အဖြစ်ကို ရောက်နေရတယ်ဗျာ။ အခုမှပဲ တကယ်လွတ်မြောက်တော့မယ် ထင်ပါရဲ့။ ကဲ .. လာ ကိုမောင်ခြိမ့်ရေ .. သွားကြပါစို့"

ဘဆွေလေး၏အသံက မသိမသာ တုန်ယင်နေလေသည်။

မြွေသူတော်မောင်ခြိမ့်က ကားကို ဖြည်းညင်းစွာ မောင်းထွက် လိုက်သည်။ ကားဘီးတို့က ဖြည်းညင်းစွာလိမ့်နေရာမှ တဖြည်းဖြည်း မြန်လာ၏။ ထိုဘီးတို့၏ ဦးတည်ရာအရပ်သည်ကား ဂီတအနုပညာ သမား အကော်ဒီယံ ဘဆွေလေး၏ ဘဝနိဂုံး ခေါင်းချရာအရပ်ဆီ သို့ပင် ဖြစ်လေမည်လား မဆိုနိုင်ပေ။

ဘဆွေလေးကတော့ ကားပေါ်တွင် စီးနင်းလိုက်ပါရင်း သူ ဆိုခဲ့ဖူးသော သီချင်းတစ်ပိုင်းတစ်စကို ပြန်ကြားယောင်နေမိသည်။





x x x တံတားပေါ် ဖြတ်ကာ ကူးခဲ့ပါကွယ် x x x

x x x ပစ်စလက်ခတ်ဘဝကို ပြောင်းစို့ရယ် x x x

x x x တံတားပေါ် ဖြတ်လို့ ကူးခဲ့ကွယ် x x x

x x x မတည်ငြိမ်တဲ့အတိတ်ကို စွန့်လိုက်တော့ x x x

x x x ၁၅၀၀ မေတ္တာစစ်က လာလိမ့်မပေါ့ x x x

x x x တံတားကိုသာ ကူး .. ကူး .. ကူးခဲ့တော့ x x x

အခုတော့ .. ဘဝ၏ တံတားဟိုဘက်ဆီသို့ သူ သွားချိုး တော့မည်။

**ဇော်နိုင်ငံစိုး**